# စည်းရုံးလှုံ့ဆော်မှု
# လက်စွဲ

အောင်မျိုးမင်း
(ညီမျှခြင်းမြန်မာ)

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဦးထွန်းမြိုင်ဝင်း (၀၂၂၅၉)
ညီမျှခြင်းမြန်မာ
အမှတ်(၃၃၄/၃၄၄) ဒုတိယထပ်၊ ပုဂံအိမ်ရာ၊ လမ်းမတော်(၁)လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်တိုက် - ဦးစိုင်းဆုမြတ်(၀၁၂၂၀)
အမှတ်(၃၀ ဂျီ - အေ) ၂ ရပ်ကွက်၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

စာအုပ်အပြင်ဆင် - mmmlwin

ကာတွန်း -

အုပ်ရေ -

# မာတိကာ


၁။ အခန်း(၁) စည်းရုံးလှုံ့ဆော်ခြင်း ဆိုတာဘာလဲ ၇

၁.၁ ။စည်းရုံးလှုံ့ဆော်ခြင်းပုံစံအမျိုးမျိုး ၈

၁.၂။ စည်းရုံးလှုံ့ဆော်မှုနည်းလမ်းများ ၉

ပေါ်လစီစည်းရုံးလှုံ့ဆော်ခြင်း ၁၁

လူထုစည်းရုံးလှုံ့ဆော်ခြင်း ၁၂

မီဒီယာစည်းရုံးလှုံ့ဆော်ခြင်း ၁၃

၂။ အခန်း(၂) စည်းရုံးလှုံ့ဆော်ခြင်းကို ဘယ်လိုလုပ်ကြမလဲ ၁၅

၂.၁။ စည်းရုံးလုပ်ဆော်မှုလုပ်ငန်းအဆင့်ဆင့် ၂၁

- အခြေအနေကိုသုံးသပ်ခြင်း ၂၂

- လှုံ့ဆော်မယ့်အကြောင်းအရာကိုဖော်ထုတ်ခြင်း ၃၂

- မျှော်မှန်းချက်၊ ရည်ရွယ်ချက်များကိုချမှတ်ခြင်း ၃၄

- ပေါ်လစီနဲ့ ပါဝါတွေကို သုံးသပ်ခြင်း ၃၇

- ပစ်မှတ်တွေနဲ့ ဩဇာရှိသူတွေကိုထုတ်ဖော်ခြင်း ၄၂

- အကူအညီများတည်ဆောက်ထားခြင်း ၄၈

- ပြောဆိုမယ့်သတင်းစကားကို ပြင်ဆင်ခြင်း ၅၅

- အစီအစဉ်တွေကိုချမှတ်ပြီး စတင်လုပ်ဆောင်ခြင်း ၆၇

၂.၂။ စောင့်ကြပ်ခြင်းနှင့်အကဲဖြတ်ဖြင်း ၇၂

၃။ အခန်း(၃) လူထုစည်းရုံးခြင်းနှင့် နည်းလမ်းများ ၇၇

၃.၁။ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း။ ၇၈

၃.၂။ ပြဇာတ်သရုပ်ဆောင်တင်ဆက်ခြင်း ၇၉

၃.၃။ လျှပ်တပြတ်တင်ဆက်မှု ၈၂

၃.၄။ အခမ်းအနားကျင်းပခြင်း ၈၄

၃.၅။ သီချင်းဗီဒီယို (MTV) များ ၈၇

၃.၆။ ပိုစတာများ ၈၈

ကလေးကူးသန်းရောင်းဝယ်ပပျောက်ရေးပိုစတာ ၈၈

အိမ်တွင်းအကြမ်းဖက်မှုရပ်တန့်ရေး ပိုစတာ ၈၉

၄။ အခန်း(၄)မီဒီယာစည်းရုံးလှုံ့ဆော်ခြင်း ၉၁

၄.၁။ သတင်းကြေညာချက်ထုတ်ပြန်ရာမှာ သတိပြုသင့်သောအချက်များ ၉၅

၄.၂။ သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် သတိပြုသင့်သောအချက်များ ၉၇

# အမှာစာ

စည်းရုံးလှုံ့ဆော်မှု( Advocacy) အကြောင်း သင်တန်းပေးပါ။ ဟောပြောပွဲတွေ လုပ်ပေးပါဆိုတဲ့ တောင်းဆိုသံတွေကို ခဏခဏ ကြားလာရပါတယ်။ အရပ်ဖက်လူထုအဖွဲ့အစည်းတွေအနေနဲ့ စည်းရုံးလှုံ့ဆော်မှုအကြောင်းကို ပိုမိုသိရှိချင်လာပြီး စနစ်တကျအသုံးပြုလိုတဲ့စိတ်ဆန္ဒတွေကြောင့် ဒီလိုတောင်းဆိုမှုတွေ ပိုကြားလာရတယ်လို့ ယူဆပါတယ်။

အမှန်တော့ စည်းရုံးလှုံ့ဆော်မှုဆိုတာ နေ့စဉ်လုပ်ဆောင်နေတဲ့အရာတခုဖြစ်ပါတယ်။ မိသားစုအတွင်းမှာ၊ မိတ်ဆွေသူငယ်ချင်းတွေကြားမှာ၊ အဖွဲ့အစည်းတွေကြားမှာ ကိုယ်ဖြစ်ချင်တဲ့ဆန္ဒအတိုင်း တခြားသူတွေက လက်ခံသဘောတူ လာအောင် လုပ်ဆောင်နေကြတာမဟုတ်ပါလား။ စိတ်ကူးအယူအဆမတူညီသူတွေကြားမှာ စည်းရုံးလှုံ့ဆော်မှုဆိုတာ လုပ်ကိုင်ရစမြဲပါ။ နိုင်ငံရေးသမားတွေလဲ လူထုကို ထောက်ခံလာအောင်စည်းရုံးလှုံ့ဆော်တာမျိုးရှိသလို စီးပွားရေးလုပ်ငန်းတွေကလဲ ပြည်သူတွေကို သူတို့ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေကို အသုံးပြုလာချင်အောင် စည်းရုံးသိမ်းသွင်းကြတာပါဘဲ။

အခုဒီစာအုပ်မှာ ရေးသားဖော်ပြထားတဲ့ စည်းရုံးလှုံ့ဆော်မှုဆိုတာကတော့ ဆုံးဖြတ်ချက်ချသူတွေ ဥပဒေချမှတ်သူတွေက ကိုယ်လုပ်ဆောင်နေတဲ့အကြောင်းအရာနဲ့ပတ်သက်ပြီး ကိုယ်တောင်းဆိုတဲ့အတိုင်း လုပ်ဆောင်လာဖို့ ကြိုးပမ်းတဲ့ ပေါ်လစီစည်းရုံးလှုံ့ဆော်မှု (Lobby) ရယ်၊ ပြည်သူလူထုက ကိုယ်လုပ်တဲ့လုပ်ငန်းတွေကို ထောက်ခံပြီး ပူးပေါင်းပါဝင်လာဖို့ လုပ်ဆောင်တဲ့ လူထုစည်းရုံးလှုံ့ဆော်မှု (Campaign) ရယ်၊ သတင်းမီဒီယာတွေရဲ့အားကိုယူပြီး ကိုယ်လုပ်ဆောင်နေတဲ့ အကြောင်းအရာကို ထောက်ခံသူများလာအောင် ရည်ရွယ်တဲ့ မီဒီယာစည်းရုံးလှုံ့ဆော်မှု (Media Advocacy) ရယ် သုံးမျိုးကို အဓိကထားရှင်းလင်းထားပါတယ်။ စည်းရုံးလှုံ့ဆော်မှုကို ဘယ်လိုလုပ်ဆောင်ရမလဲဆိုတဲ့ ယေဘုယျပြင်ဆင်မှုကနေ အစပြုပြီး မတူညီတဲ့ စည်းရုံးလှုံ့ဆော်မှုပုံစံတွေကို ဘယ်လိုလုပ်ဆောင်ရမလဲဆိုတာကို သီအိုရီရော လက်တွေ့အတွေ့အကြုံတွေရော နှစ်မျိုးလုံးပေါင်းစပ်ပြီး ရှင်းလင်းရေးသားထားပါတယ်။

စည်းရုံးလှုံ့ဆော်မှုဆိုတာ သီအိုရီသက်သက်နဲ့ လုပ်ဆောင်လို့ရတဲ့အရာမျိုးမဟုတ်ပါဘူး။ စည်းရုံးလှုံ့ဆော်မှုဟာ အထောက်အထားအချက်အလက်တွေနဲ့ တိကျရသလို စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်ဖို့အတွက် အနုပညာလဲဆန်ပါတယ်။ စိတ်ကူး အတွေးတွေကောင်းဖို့ ဆန်းသစ်ဖို့လဲလိုပါတယ်။ ဒါကြောင့် ဒီစာအုပ်မှာ ကိုယ်တိုင်ဖြတ်သန်းလာခဲ့တဲ့ စည်းရုံးလှုံ့ဆော်မှုအတွေ့အကြုံတွေရယ်၊ တခြားသူတွေ လုပ်ဆောင်ခဲ့တဲ့ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ လုပ်ဆောင်မှု ကောင်းတွေကို မျှဝေထားပါတယ်။ သီအိုရီအရလေ့လာသင့်တဲ့အချက်တွေပါသလို အတွေ့အကြုံတွေကတဆင့် လေ့လာနိုင်တဲ့ အဖြစ်အပျက်တွေကိုလည်း တွေ့ရမှာပါ။

စာဖတ်သူတွေနားလည်နိုင်ဖို့ စကားပြောပုံစံနဲ့ ရှင်းရှင်းလင်းလင်းဖြစ်အောင် ကြိုးစားထားပါတယ်။ ခက်ခဲရှုတ်ထွေးတဲ့ စကားလုံးအသုံးအနှုန်းတွေကို တတ်နိုင်သမျှရှောင်ပြီး လူတိုင်းဖတ်နိုင်ဖို့ ရည်ရွယ်ပြင်ဆင်ထားပါတယ်။

ဒီစာအုပ်က လေ့လာဖို့သက်သက်အတွက် မဟုတ်ပါဘူး။ လက်တွေ့ အသုံးချနိုင်ဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။ ဒီနည်းတွေအတိုင်း လိုက်နာရမယ်လို့လဲ မဆိုပါဘူး။ တီထွင်ဖန်တီးပြီးအသုံးပြုနိုင်ပါတယ်။ ဒီစာအုပ်မှာ ပါဝင်တဲ့ အတွေ့အကြုံတွေကို အခြေခံတဲ့ အကြံပြုချက်ကို အသုံးချပြီး အောင်မြင်တဲ့ စည်းရုံးလှုံ့ဆော်မှုတွေကို ဆောင်ရွက်နိုင်ကြပါစေ။

စကားတခုမှာချင်တာကတော့ “အောင်မြင်တဲ့ စည်းရုံးလှုံ့ဆော်မှုဆိုတာ ကိုယ်ပြောလိုစည်းရုံးလိုက်တဲ့အတွက်ကြောင့် ဦးတည်ပစ်မှတ်ထားတဲ့သူတွေရဲ့အတွေးအမြင်ကို ပြောင်းလဲစေပြီး ကိုယ်ဖြစ်ချင်တဲ့အတိုင်း သူတို့ကနေလုပ်ဆောင်နိုင်မှ အောင်မြင်တယ်” ဆိုတဲ့ စကားပါဘဲ။ အောင်မြင်ကြပါစေ။

အောင်မျိုးမင်း

အမှုဆောင် ဒါရိုက်တာ

ညီမျှခြင်း မြန်မာ

ဒီဇင်ဘာလ၊ ၂၀၁၉ ခုနှစ်

# အခန်း (၁)

## စည်းရုံးလှုံ့ဆော်ခြင်းဆိုတာ ဘာလဲ

Advocacy ဆိုတဲ့စကားလုံးက ဘာသာပြန်ထားတဲ့ စည်းရုံးလှုံ့ဆော်မှုဆိုသော စကားလုံးကို မြန်မာနိုင်ငံက အရပ်ဖက် လူထုအဖွဲ့အစည်းတွေကြားမှာ အမျိုးမျိုးခေါ်ဝေါ်နေခဲ့ကြတာကို တွေ့မြင်ခဲ့ရပါတယ်။ တချို့အဖွဲ့အစည်းတွေက "တင်ပြဆွေးနွေး ခြင်း" တချို့က "ကိုယ်စားပြုပြောဆိုခြင်း" တချို့အဖွဲ့များကတော့ "စည်းရုံးသိမ်းသွင်းခြင်း" လို့ အမျိုးမျိုးအဓိပ္ပာယ်ဖွင့် သုံးစွဲခဲ့တာကို တွေ့ရပါတယ်။ အဖွဲ့တွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လေ့လာကြည့်ရင် မိမိအဖွဲ့ဦးစားပေးလုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်ကို အဓိက မီးမောင်းထိုးဖော်ပြပြီး အဓိပ္ပာယ်ဖွင့်ဆိုထားတာကို လေ့လာမိပါတယ်။

တကယ်တော့ Advocacy ဆိုတာ တင်ပြပြောဆိုတာသက်သက်မဟုတ်ပါဘူး။ တခြားလူတွေကိုယ်စား ကိုယ်စားပြု လုပ်ဆောင်တာတခုထဲလဲမဟုတ်ပါဘူး။ ဒီစကားလုံးရဲ့ အဓိပ္ပာယ်ထဲမှာ မတူညီပေမဲ့ ဆက်စပ်နေတဲ့ လုပ်ငန်းတွေ ရောယှက်ပါဝင် နေတာကို တွေ့နိုင်ပါတယ်။

Adovocacy ဆိုတဲ့စကားလုံးလို့ ဆိုလိုက်တာနဲ့ ကိုယ်ပြောဆိုချင်တဲ့အကြောင်းအရာအပေါ် လူထုက စိတ်ဝင်စားလာ အောင် လုပ်ဆောင်တာ၊ စိတ်ဝင်စားလာမှုကနေ ကိုယ့်နဲ့အတူ လက်တွဲပါဝင်လာအောင် ဖိတ်ခေါ်စည်းရုံးတာ၊ ကိုယ်ပြောဆိုတဲ့ အကြောင်းအရာကို ဘယ်လိုပြောင်းလဲနိုင်မလဲဆိုပြီး ပြင်ဆင်တာ၊ ပြောင်းလဲမှုကို လုပ်ဆောင်ပေးနိုင်မဲ့သူတွေကို ဖော်ထုတ်ပြီး တင်ပြပြောဆိုတာစတဲ့ လုပ်ငန်းတွေပါဝင်ပါတယ်။

ဒါကြောင့် Advocacy ဆိုတာ အရေးကြီးတဲ့အကြောင်းအရာတခုကို ရပ်ရွာပြည်သူလူထုက စိတ်ဝင်စားလာပြီး ဆုံးဖြတ် ချက်ချတဲ့သူတွေကို အဖြေရှာလုပ်ဆောင်နိုင်မဲ့အကြံပေးချက်တွေကို စည်းရုံးပြောပြီး လုပ်ဆောင်ရတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ မိမိလုပ်ဆောင်မှု အကြောင်းအရာတခုအပေါ်မှာ ပြည်သူလူထုကလဲ ထောက်ခံပါဝင်လာအောင် ဒါ့အပြင် အစိုးရလိုမျိုးဆုံးဖြတ် ချက်ချနိုင်တဲ့ ပါဝါရှိတဲ့သူတွေကလဲ မိမိတောင်းဆိုတဲ့အတိုင်း လုပ်ဆောင်လာအောင် **သေသေချာချာပြင်ဆင်လုပ်ကိုင်တဲ့ လုပ်ငန်း စဉ်ကို** ခေါ်တာဖြစ်ပါတယ်။

ဒီစာအုပ်မှာတော့ Advocacy ကို စည်းရုံးလှုံ့ဆော်ခြင်းလို့ သုံးစွဲပါ့မယ်။

### စည်းရုံးလှုံ့ဆော်မှုဆိုတာ

- ❖ ပညာပေး၊ အသိအမြင်ဖွင့် သက်သက်မဟုတ်
- ❖ လူထုကို စည်းရုံးဟောပြောခြင်း သက်သက် မဟုတ်
- ❖ လူထုကို ကိုယ်စားပြုလုပ်ဆောင်ခြင်း သက်သက် မဟုတ်
- ❖ ဆုံးဖြတ်ချက် ချမှတ်သူများကို သွားရောက်တွေ့ဆုံ ခြင်း သက် သက်မဟုတ်

- ❖ ကိုယ်ပြောဆိုချင်တဲ့ အကြောင်းအရာအပေါ် လူထုက စိတ်ဝင်စားလာအောင် လုပ်ဆောင်တာ၊
- ❖ စိတ်ဝင်စား လာမှုကနေ ကိုယ့်နဲ့အတူ လက်တွဲပါဝင်လာ အောင် ဖိတ်ခေါ်စည်းရုံးတာ၊
- ❖ ကိုယ်ပြောဆိုတဲ့ အကြောင်းအရာကို ဘယ်လိုပြောင်းလဲ နိုင်လဲဆိုပြီး ပြင်ဆင်တာ၊
- ❖ ပြောင်းလဲမှုကို လုပ်ဆောင်ပေးနိုင် မဲ့သူတွေကိုဖော်ထုတ် ပြီး တင်ပြပြောဆိုတာ
- ❖ လုပ်ငန်းတွေကို စနစ်တကျပြင်ဆင်ပြီး လုပ်ကိုင်တဲ့ လုပ် ငန်းစဉ်

## ၁.၁။ စည်းရုံးလှုံ့ဆော်မှု ဦးတည်ချက် ပုံစံအမျိုးမျိုး

စည်းရုံးလှုံ့ဆော်ခြင်းကို လုပ်ဆောင်တဲ့ရည်ရွယ်ချက်ကတော့ တခုထဲ ရှိပါတယ်။ ဒီရည်ရွယ်ချက်ကတော့ "ပြောင်းလဲခြင်း" ပါ။ အသိအမြင်ပြောင်းလဲခြင်း၊ အမူအကျင့်ပြောင်းလဲခြင်း၊ ပေါ်လစီပြောင်းလဲခြင်း၊ ပြောင်းလဲမှုတစုံတရာ ဖော်ဆောင်နိုင်ဖို့အတွက် လုပ်ဆောင်ကြပါတယ်။ ဒါပေမဲ့ ပြောင်းလဲအောင် လုပ်တဲ့ရည်ရွယ်ချက်ကို ဖော်ဆောင်ရာတွင် ဦးတည်ချက်တွေကတော့ အမျိုးမျိုးရှိပါတယ်။

တခုကတော့ အုပ်ချုပ်ရေးပုံစံတခုပြောင်းလာအောင် ပြင်ဆင်လုပ်ဆောင်တာမျိုးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာဆို စစ်အာဏာရှင်စနစ်ကနေ ဒီမိုကရေစီထွန်းကားလာအောင် ခေတ်အဆက်ဆက် တိုက်ပွဲဝင်လုပ်ဆောင် တောင်းဆိုခဲ့တာကို တွေ့နိုင်ပါတယ်။ ဒီလိုပြောင်းလဲမှုဖြစ်လာဖို့အတွက် ဆန္ဒပြပွဲတွေ၊ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး လက်ကမ်းစာစောင်ကပ်တာတွေ၊ နိုင်ငံတကာအကူအညီရရှိဖို့ သွားရောက်ပြောဆိုတာတွေကို မြန်မာပြည်သူတွေကြိုးပ မ်းလုပ်ဆောင်ခဲ့ကြ ပါတယ်။

တချို့ကတော့ ပြည်သူလူထုအပါအဝင် အစိုးရအဖွဲ့ ထားရှိတဲ့ သဘောထားအမြင်ကို ပြောင်းလဲဖို့ စည်းရုံးလှုံ့ဆော်မှုကို လုပ်ကိုင်တာလဲရှိပါတယ်။ ကလေးများအပေါ် အကြမ်းဖက်မှုတွေကို တားဆီးပြီး ကာကွယ်ပေးနိုင်ဖို့ လူထုကလဲ အမူအကျင့်တွေပြောင်းလဲလာအောင် အစိုးရကလဲ အားကောင်းတဲ့ ဥပဒေတွေ ပြဌာန်းလာအောင် စည်းရုံးလှုံ့ဆော်မှုကိုတွေ လုပ်ခဲ့တာ တွေ့နိုင်ပါတယ်။ လူထုကို အသိအမြင်ပြောင်းအောင် အခမ်းအနားဟောပြောပွဲတွေ ကျင်းပတာတွေ၊ အစိုးရကို တိုက်ရိုက်တွေ့ဆုံပြီး ဥပဒေအကြောင်းအကြံပြုတင်ပြပြောဆိုတာတွေ လုပ်ဆောင်ခဲ့တာကို တွေ့နိုင်ပါတယ်။

နောက်တခုကတော့ ဩဇာသက်ရောက်မှုတွေ၊ လူမှုဆက်နွယ်မှုသဏ္ဍာန်တွေကို ပြောင်းလဲအောင်လုပ်ဆောင်တဲ့ စည်းရုံးလှုံ့ဆော်မှုပါ။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဥပမာပေးရရင်တော့ အမျိုးသမီးများ နိုင်ငံရေးဦးဆောင်တဲ့နေရာတွေမှာ လက်ခံလာအောင် ပါဝင်လာနိုင်အောင် စည်းရုံးလှုံ့ဆော်တာမျိုးဖြစ်ပါတယ်။ ကျားမဖြစ်တည်မှုအပေါ် ခွဲခြားတဲ့အမြင်တွေကြောင့် အမျိုးသမီးတော်တော်များများဟာ အရည်အချင်းရှိပေမဲ့ ဦးဆောင်မှုကဏ္ဍကို မရောက်ကြဘူး။ လူမှုဆက်နွယ်မှုပုံစံမှာ အမျိုးသမီး

တွေဟာ အမျိုးသားရဲ့ လက်အောက်မှာဘဲ ထားရာနေ စေရာသွားဖြစ်နေတဲ့ပုံစံမျိုးကနေ အရည်အချင်းရှိတဲ့အမျိုးသမီးတွေကို ဦးဆောင်မှုကဏ္ဍမှာ တာဝန်ပေးတဲ့ပုံစံကို ပြောင်းလဲလာနိုင်ဖို့ စည်းရုံးလှုံ့ဆော်တာမျိုးဖြစ်ပါတယ်။ အမျိုးသမီးတွေကို စွမ်းရည်မြှင့်ပေးတာ၊ အမျိုးသားတွေအပါအဝင် ပြည်သူလူထုတွေ အသိအမြင်ပြောင်းလာအောင် အနုပညာ၊ မီဒီယာတွေသုံးပြီး ပညာပေးလှုံ့ဆော်တာတွေကို လုပ်ဆောင်ခဲ့တာ တွေ့မြင်ကြမှာပါ။

တခါတလေကျရင် အဖွဲ့အစည်းတွေအပေါ် စည်းရုံးလှုံ့ဆော်တာ လုပ်ဆောင်မျိုးလဲ ရှိပါတယ်။ အဖွဲ့အစည်းမှာ အရင်က အကြောင်းအရာတခုသက်သက်ကိုဘဲ လုပ်ဆောင်နေရာကနေ လူ့အခွင့်အရေးနဲ့သက်ဆိုင်တဲ့ လုပ်ဆောင်မှုတွေ တိုးချဲ့လုပ်ဆောင်နိုင်ဖို့အတွက် စည်းရုံးလှုံ့ဆော်တာမျိုးပါ။ အဖွဲ့အစည်းမှာ တာဝန်ရှိတဲ့သူတွေကိုတိုက်ရိုက်တွေ့ဆုံ တင်ပြတာမျိုးတွေ လုပ်လေ့ ရှိပါတယ်။

ဒါကြောင့် စည်းရုံးလှုံ့ဆော်မှုလုပ်ဆောင်တဲ့အခါမှာ ကိုယ်ပြောဆိုလိုတဲ့ အကြောင်းအရာအပေါ် ကူညီထောက်ပံ့မှုများ ရရှိဖို့အတွက် လုပ်ဆောင်တာတွေ၊ ကိုယ်လုပ်နေတဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး အခြားသူတွေက ကူညီထောက်ပံ့တာတွေ လုပ်ဆောင်လာဖို့ တိုက်တွန်းတာတွေ၊ ကိုယ် တင်ပြတဲ့အကြောင်းအရာနဲ့ ပတ်သက်တဲ့ ဥပဒေတွေအပေါ် လွှမ်းမိုးနိုင်ရန် သို့မဟုတ် ပြောင်းလဲစေရန် စည်းရုံး တာတွေ ပါဝင်တာကို တွေ့နိုင်မှာပါ။

## ၁.၂။ စည်းရုံးလှုံ့ဆော်မှု နည်းလမ်းများ

စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတွေ လုပ်ချင်ပါတယ်၊ ဒါကြောင့် ဘယ်လိုနည်းနဲ့ လုပ်ရပါမလဲဆိုတဲ့ မေးခွန်းတွေ ခဏခဏ ကြားရပါတယ်။ ဒီမေးခွန်းကို ဖြေရရင်တော့ အခြေအနေ၊ အချိန်အခါ၊ အခွင့်အရေးနဲ့ မိမိရဲ့ အရည်အချင်းတွေပေါ်မှာ မူတည်ပြီး လုပ်ရပါမယ်လို့ ပြန်ဖြေရမှာပါ။ စည်းရုံးလှုံ့ဆော်ခြင်းနည်းလမ်းဆိုတာ ပုံသေနည်းမဟုတ်ပါဘူး။ ဖော်မြူလာ မဟုတ်ပါဘူး။

စည်းရုံးလှုံ့ဆော်မှုဆိုတာ ခရီးထွက်ဖို့ ပြင်ဆင်ရသလိုပါဘဲ။ ခရီးအတွက်လိုအပ်မဲ့ပစ္စည်းတွေက ခရီးတခုနဲ့တခု တူညီမှာ မဟုတ်ပါဘူး။ ကိုယ်သွားမဲ့ခရီးအတွက် လိုအပ်တဲ့ပစ္စည်းတွေကို စဉ်းစားတဲ့အခါမှာ ရာသီဥတုကို လေ့လာရမယ်။ မြေပြင်အနေအထားကိုလဲ တီးခေါက်ကြည့်ရပါမယ်။ ကိုယ့်မှာရှိတဲ့ ငွေကြေးနဲ့လဲ ကိုက်ညီအဆင်ပြေရပါမယ်။ ခရီးသွားတိုင်းသွားတိုင်း အဝတ်အစားထည့်ရတာမှန်ပေမဲ့ ရာသီဥတုအလိုက်၊ သွားမဲ့လမ်းကြောင်းအလိုက် ဝတ်ဆင်မဲ့အဝတ်အစားအမျိုးအစားက တူနိုင်မှာ မဟုတ်ပါဘူး။ ဒီလိုရွေးချယ်တတ်မှ အသုံးဝင်တဲ့ပစ္စည်းဖြစ်မှာပါ။ စည်းရုံးလှုံ့ဆော်မှုမှာလဲ လုပ်ဆောင်ရမဲ့လုပ်ငန်းစဉ်တွေ တူညီလေ့ ရှိပေမဲ့ နည်းလမ်းတွေက တခုနဲ့တခု တသွေမတိမ်းတူညီမှာမဟုတ်ပါဘူး။ လက်ရှိအခြေအနေကို မူတည်ပြီး စည်းရုံးလှုံ့ဆော်မှု နည်းလမ်းတွေကို ပြောင်းလဲ ရွေးချယ်ပြင်ဆင်တတ်ဖို့အရေးကြီးပါတယ်။

တချို့ကလဲ စည်းရုံးလှုံ့ဆော်မှု နည်းလမ်း ဘယ်နှစ်မျိုးလောက်ရှိပါသလဲလို့ မေးမြန်းကြပါတယ်။ ဖြေရတော်တော် ခက်တဲ့ မေးခွန်းပါ။ စည်းရုံးလှုံ့ဆော်မှုဆိုတာ သင်္ချာပုစ္ဆာတွက်နည်းလိုလဲ မဟုတ်ပါဘူး။ နည်းလမ်း ဘယ်နှစ်မျိုးရှိသလဲဆိုရင် ကိုယ်တီထွင်ရင် တီထွင်နိုင်သလောက် နည်းလမ်းကောင်းတွေ နည်းလမ်းသစ်တွေ ထွက်လာနိုင်ပါတယ်။

ဒီစာအုပ်မှာတော့ စည်းရုံးလှုံ့ဆော်မှုပုံစံ သုံးမျိုးကို အဓိကထားဆွေးနွေးသွားမှာပါ။ အဲဒါတွေကတော့ မူဝါဒပိုင်းဆိုင်ရာ စည်းရုံးလှုံ့ဆော်ခြင်း (Policy Advocacy)၊ လူထုကို စည်းရုံးလှုံ့ဆော်ခြင်း (Public Advocacy) နဲ့ မီဒီယာကို စည်းရုံးလှုံ့ဆော်ခြင်း (Media Advocacy) တို့ဖြစ်ပါတယ်။ ဒီသုံးမျိုးဟာ တခုချင်းခွဲခြားလုပ်ဆောင်နိုင်သလို ကိုယ်လုပ်ဆောင်မဲ့ အကြောင်းအရာနဲ့ ပတ်သက်တဲ့ ပြောင်းလဲမှုတွေဖြစ်ပေါ်လာစေဖို့အတွက် နည်းလမ်းသုံးခုစလုံးကို စနစ်တကျ ပေါင်းစပ်ပြီးလုပ်ဆောင်လေ့လဲရှိပါတယ်။ တကယ်လို့ ကိုယ်လုပ်ဆောင်မဲ့အကြောင်းအရာနဲ့ ပတ်သက်လို့ လူထုရဲ့လက်ခံမှုကို ရရှိနေတဲ့အခါမျိုးမှာ အစိုးရကို ဦးတည်တဲ့ မူဝါဒပိုင်းဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုကို ပိုမိုအားစိုက်လုပ်ဆောင်ရပါတယ်။ ဥပမာ - သက်ငယ် မုဒိန်းမှုကို လူထုက လက်မခံဘဲ တားဆီးလိုတဲ့စိတ်တွေ အခိုင်အမာရရှိပြီးသားဖြစ်နေရင် အစိုးရအနေနဲ့ သက်ငယ်မုဒိန်း အမှုတွေကို တိတိကျကျ ထိထိရောက်ရောက်အရေးယူလာဖို့ ပိုလုပ်ဆောင်တဲ့ပုံစံမျိုးပါ။ တခါတလေကျတော့ အစိုးရက ကာကွယ်ပေးတဲ့ ဥပဒေတွေကို ပြဌာန်းထားခဲ့ပြီးဖြစ်ပေမဲ့ ပြည်သူလူထုအကြားမှာ ဒီဥပဒေနဲ့ ပတ်သက်ပြီး မသိတာ၊ လက်မခံတာမျိုးတွေရှိနေရင် တော့ လူထုကို စည်းရုံးလှုံ့ဆော်ခြင်း (Public Advocacy) ကို ပိုမိုကြိုးပမ်း လုပ်ဆောင်ရတာ မျိုးဖြစ်ပါတယ်။ မီဒီယာ စည်းရုံးလှုံ့ဆော်မှုဆိုတာကတော့ မီဒီယာတွေက ကိုယ်လုပ်ဆောင်မဲ့ အကြောင်းအရာကို စိတ်ဝင်စားပြီး ဝိုင်းဝန်းကူညီတဲ့ အခြေအနေမျိုးဖြစ်အောင် လုပ်ဆောင်တာမျိုးဖြစ်ပါတယ်။

စည်းရုံးလှုံ့ဆော်တဲ့အကြောင်းအရာတော်တော်များများဟာ ကျယ်ပြန့်နက်နဲတဲ့အကြောင်းအရာမျိုးတွေဖြစ်ရင် ဥပမာ - တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းစစ်ရပ်တံ့ရေး၊ ကျားမတန်းတူညီမှုရေး၊ မတရားတဲ့ဥပဒေတွေ ဖျက်သိမ်းရေးဆိုတဲ့ အကြောင်းအရာမျိုးတွေပေ့ါ။ ဒီအကြောင်းအရာမျိုးတွေဟာ ကျယ်ပြန့်သလို လုပ်ဆောင်ရမဲ့ စည်းရုံးလှုံ့ဆော်မှု လုပ်ငန်းတွေကလဲ များပြားစုံလင်လေ့ရှိပါတယ်။ ဒီလိုမျိုးဆိုရင်တော့ ပေါ်လစီစည်းရုံးလှုံ့ဆော်မှုကိုရော၊ လူထုစည်းရုံး လှုံ့ဆော်မှုကိုရော မီဒီယာစည်းရုံးလှုံ့ဆော်မှုကိုရော အစီအစဉ်တကျနဲ့ ဟန်ချက်ညီညီလုပ်ဆောင်ရမှာဖြစ်ပါတယ်။





## ပေါ်လစီ စည်းရုံးလှုံ့ဆော်ခြင်း (Policy Advocacy) သို့ (Lobby)

အထက်ပါ ဇယားကွက်မှာတော့ စည်းရုံးလှုံ့ဆော်မှုနည်းလမ်းတွေကို မြင်နိုင်မှာပါ။ အပေါ်ပုံကတော့ အစိုးရတာဝန်ရှိသူတွေ၊ ပေါ်လစီချမှတ်နိုင်တဲ့သူတွေကို ပစ်မှတ်ထားပြီး ကိုယ်စည်းရုံးလှုံ့ဆော်တဲ့အတိုင်း လုပ်ဆောင်လာဖို့ စည်းရုံးလှုံ့ဆော်တဲ့နည်းလမ်းဖြစ်ပါတယ်။ ဒါကို ပေါ်လစီစည်းရုံးလှုံ့ဆော်မှု (Policy Advocacy) လို့လဲ ခေါ်ကြပါတယ်၊ Lobby လို့လဲ ခေါ်လေ့ရှိပါတယ်။ lobby လို့ကြားလိုက်ရင် ဟော်တယ်တွေမှာရှိတဲ့ ဧည့်သည်တွေဆုံရာခန်းမလို့ မြင်မိကြမှာပါ။ ဒီခန်းမတွေမှာ ပေါ်လစီ ချမှတ်ပိုင်ခွင့်ရှိသူတွေကို တွေ့ဆုံပြီး ဒီစကားကို သုံးစွဲလာကြတာပါ။

ပေါ်လစီစည်းရုံးလှုံ့ဆော်မှုဆိုတာ ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့သူတွေ၊ ပါဝါရှိတဲ့သူတွေကို ဦးတည်ပြီး ပေါ်လစီတွေ ကောင်းလာအောင် သို့မဟုတ် ပြောင်းလာအောင် လှုံ့ဆော်သောလုပ်ငန်းဖြစ်ပါတယ်။ ဒီလုပ်ငန်းက အချက်အလက် အထောက်အထားတွေကို သာဓကပြုပြီး ပညာရှင်ဆန်ဆန် ချဉ်းကပ်စည်းရုံးတဲ့နည်းလို့ ပြောလို့ရပါတယ်။

ပေါ်လစီစည်းရုံးလှုံ့ဆော်မှုလုပ်မဲ့သူ (lobbyist) တယောက်မှာ လိုအပ်တဲ့အရည်အချင်းတွေထဲမှာ သံတမန်ဆန်ဆန်ပြောဆိုတတ်တာတို့၊ ထိမိတဲ့ စကားလုံးသုံးစွဲတတ်တာတို့၊ ရတဲ့အချိန်အတွင်းမှာ မိမိပြောလိုတဲ့သတင်းစကားကို ထိထိရောက်ရောက်ပြောဆိုတတ်တာတို့လိုအပ်ပါတယ်။ အချက်အလက်အထောက်အထားတွေကိုကိုင်စွဲပြီး တဖက်လူ စိတ်ဝင်စားလက်ခံချင်အောင်တင်ပြတတ်သူဖြစ်ရပါမယ်။ သင့်တင့်လျောက်ပတ်တဲ့ အဝတ်အစားကို ရွေးချယ်ဝတ်ဆင်တတ်သလို တာဝန်ရှိသူတွေကို ဘယ်လိုချဉ်းကပ်နိုင်မလဲဆိုတဲ့လမ်းကြောင်းကို နံ့စပ်သူလဲ ဖြစ်ဖို့လိုပါတယ်။




## လူထုစည်းရုံးလှုံ့ဆော်ခြင်း (Public Advocacy) သို့ (Campaign)

နောက်ထပ်စည်းရုံးလှုံ့ဆော်မှု ပုံစံတမျိုးကတော့ လူထုကို စည်းရုံးလှုံ့ဆော်ခြင်း ( Public Advocacy) သို့မဟုတ် (Campaign) ကမ်ပိန်း လို့ခေါ်ပါတယ်။ ဒီလိုစည်းရုံးလှုံ့ဆော်မှု ပုံစံကတော့ လူထုနဲ့ထိစပ်ပြီး လူထုက ကိုယ်တင်ပြပြောဆိုတဲ့ အကြောင်းအရာကို စိတ်ဝင်စားပြီး လက်တွဲလုပ်ဆောင်လာအောင် လုပ်ဆောင်တဲ့နည်းလမ်းဖြစ်ပါတယ်။ ကန်ပိန်းလို့ပြောလိုက်ရင် အားလုံးရဲ့မျက်စိထဲမှာ လူထုကြားဟောပြောတာတွေ၊ ပညာပေးစာစောင်တွေ ဖြန့်ဝေတာတွေ၊ ထင်ပေါ်ကျော်ကြားတဲ့သူတွေက မိန့်ခွန်းပြောကြားတာတွေကို မြင်မိကြမှာပါ။ ဒီစည်းရုံးလှုံ့ဆော်မှုပုံစံက ကိန်းကြီး ခန်းကြီးမနိုင်ဘဲ လူများများကို ထိစပ်နိုင်လေလေ အကျိုးရှိလေလေဖြစ်တဲ့သဘောမျိုးဖြစ်ပါတယ်။

ဒါကြောင့် ဒီလိုလူထုကို စည်းရုံးရေးလုပ်တဲ့သူအတွက် အရည်အချင်းက ပေါ်လစီစည်းရုံးလှုံ့ဆော်တဲ့သူနဲ့ဆင်တူတဲ့ အရည်အချင်းလဲရှိသလို မတူညီကွဲပြားတဲ့အရည်အချင်းတွေလဲ ရှိပါတယ်။ ဘယ်လိုနည်းလမ်းနဲ့ စည်းရုံးတာမျိုးဘဲ လုပ်လုပ် ပြောဆိုတတ်သောအရည်အချင်းတွေ၊ ထိထိမိမိပြောတတ်တဲ့အရည်အချင်းတွေကတော့ အတူတူပါဘဲ။ ဒါပေမဲ့ စည်းရုံးလှုံ့ဆော်မှု လုပ်ဆောင်မဲ့သူတယောက်အနေနဲ့ အရေးကြီးတဲ့အရည်အချင်းတွေထဲက တခုကတော့ လူထုနားလည်ပြီး စိတ်ဝင်စားနိုင်မဲ့ စည်းရုံးရေးနည်းလမ်းတွေကို ဖော်ဆောင်အသုံးပြုတတ်ဖို့နဲ့ ရှင်းလင်းလွယ်ကူတဲ့ သတင်းစကားပေးနိုင်မှုဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် ကိစ္စများမြောင် လူတို့ဘောင်ဆိုသလိုဘဲ အလုပ်ကိစ္စတွေများလှတဲ့ သာမန်ပြည်သူ လူထုကို စိတ်ဝင်စားပြီး ပါဝင်လာအောင်လုပ်ဆောင်ဖို့အတွက် သူတို့စိတ်ဝင်စားတဲ့နည်းလမ်းတွေ၊ ပုံစံတွေကို စိတ်ဝင်စားနိုင်တဲ့ အချိန်နဲ့ နေရာတွေမှာ ထိထိမိမိလုပ်ဆောင်တတ်ဖို့က အရေးကြီးလှပါတယ်။ မလိုလားအပ်တဲ့ မိန့်ခွန်းရှည်ကြီးတွေကို တရစပ်ချွေပြီး အချိန်ကုန်ခဲ့တဲ့ စည်းရုံးလှုံ့ဆော်ပွဲတွေမှာ တက်ရောက်လာသူတွေရဲ့စိတ်ဝင်စားမှုလဲ ပျောက်ဆုံး၊ ရှေ့ဆက်လက်တွဲလုပ်ဆောင်ချင်တဲ့စိတ်တွေလဲ ကုန်ခမ်းသွားတာတွေက သင်ခန်းစာယူစရာ အဖြစ်အပျက်တွေပါ။ ဒီစည်းရုံးလှုံ့ဆော်မှုကတော့ တီထွင်ဖန်တီးမှုကို အခြေတည်ပြီး အနုပညာဆန်တယ်လို့ ပြောချင်ပါတယ်။

လူထုစည်းရုံးရေးလုပ်ဆောင်မဲ့သူတွေအတွက် နောက်ထပ်အရေးကြီးတဲ့အရည်အချင်းကတော့ အဖွဲ့လိုက် လုပ်ဆောင်တတ်တဲ့စိတ်နဲ့ စီမံခန့်ခွဲတတ်မှု စွမ်းရည်တွေဖြစ်ပါတယ်။ လူအများကို စည်းရုံး လှုံ့ဆော်မှုလုပ်ရတဲ့အတွက် တယောက်ထဲ နေရာစုံ လိုက်လုပ်နေလို့မရပါဘူး။ လုပ်ငန်းအလိုက် တာဝန်ခွဲဝေဖို့လိုအပ်ပါတယ်။ စုပေါင်းဦးဆောင်မှုရှိဖို့ လိုအပ်ပါတယ်။ ထောင့်ပေါင်းစုံကို မြင်အောင်ကြည့်တတ်ပြီး တာဝန်ယူတတ်မှု၊ တာဝန်ပေးတတ်မှုက အရေးကြီးပါတယ်။ ပါဝင် လုပ်ဆောင်နေတဲ့သူတွေအားလုံးက ဒီလုပ်ငန်းတခုလုံးကို လေးစားတန်ဖိုးထားတဲ့စိတ်၊ ရိုင်းပင်းကူညီလိုတဲ့စိတ်၊ အပြုသဘော ဝေဖန်မှုကို ပေးတတ်တဲ့စိတ်နဲ့ လက်ခံလိုတဲ့စိတ်တွေ ရှိနေအောင် ဆော်သြပေးသူဖြစ်ဖို့ အထူးအရေးကြီးပါတယ်။ တကိုယ်ကောင်းဆန်လို့ မရသလို ဆရာကြီးဆန်လို့လဲ မရပါဘူး။



## မီဒီယာ စည်းရုံးလှုံ့ဆော်ခြင်း (Media Advocacy)

မီဒီယာစည်းရုံးလှုံ့ဆော်ခြင်းကတော့ ပေါ်လစီစည်းရုံးလှုံ့ဆော်ရေးကိုဘဲ လုပ်လုပ်၊ လူထုစည်းရုံးလှုံ့ ဆော်ရေးကို လုပ်ဆောင် ရမဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သတင်းမီဒီယာဟာ လူအများကို ဆက်သွယ်နိုင်တယ်။ သက်ရောက်မှု အင်အားကြီးတယ်။ ဒါတွေကြောင့် မီဒီယာစည်းရုံးလှုံ့ဆော်ခြင်းကို လုပ်ဆောင်ဖို့ အရေးကြီး ပါတယ်။

မီဒီယာစည်းရုံးလှုံ့ဆော်မှုဆိုတာ မီဒီယာအကြောင်းကို လေ့လာပြီး မီဒီယာရဲ့အားကို ဘယ်လိုရအောင်ယူ မလဲပြင်ဆင်တာဖြစ်ပါတယ်။ ကိုယ်လုပ်ကိုင်တဲ့အကြောင်းအရာကို ဘယ်မီဒီတွေက ရေးလေ့ရှိသလဲ။ ဘယ်လိုရေးလေ့ရှိသလဲ။ ဘယ်သူတွေက ရေးလေ့ရှိလဲဆိုတာကို ပထမဆုံးလေ့လာဖို့ လိုအပ်ပါတယ်။ မီဒီယာအကြောင်းကို သဘောပေါက် နားလည်ပြီးရင်တော့ ကိုယ့်အကြောင်းအရာကို မီဒီယာက စိတ်ဝင်စားအောင် ဘယ်လို လုပ်ဆောင်မလဲဆိုတဲ့ နည်းလမ်းတွေကို ပြင်ဆင်လုပ်ဆောင်ခြင်းကို မီဒီယာစည်းရုံးလှုံ့ဆော်ခြင်းလို့ခေါ်ပါတယ်။ အများဆုံးလုပ်လေ့ရှိတာတွေကတော့ အင်တာဗျူး လုပ်ဆောင်ခြင်း၊ သတင်းစာရှင်းလင်းပွဲလုပ်ဆောင်ခြင်းတို့ ဖြစ်ပါတယ်။ ဒီအကြောင်းအသေးစိတ်ကိုတော့ နောက်ပိုင်း အခန်းတွေမှာ အကျယ်တဝင့်ရေးသားသွားမှာဖြစ်ပါတယ်။

အနှစ်ချုပ်ပြန်ပြောရရင် စည်းရုံးလှုံ့ဆော်မဲ့သူတယောက်ဟာ

- ကိုယ်စားပြုဆောင်ရွက်ခြင်း (Represent)
- လက်တွဲဆောင်ရွက်ခြင်း (team leadership)
- တခြားလက်တွဲလုပ်ဆောင်သူတွေကို စွမ်းရည်မြှင့်ပေးခြင်း (Empower)
- ကြားဝင်ဆောင်ရွက်ခြင်း (Mediate)
- စံပြုပြုမူဆောင်ရွက်ခြင်း (Model)
- စေ့စပ်ညှိနှိုင်းခြင်း (Negotiate)
- ကွန်ရက် ချိတ်ဆက်ဆောင်ရွက်ခြင်း (Networking) တို့ ရှိဖို့ လိုအပ်ပါတယ်။

# အခန်း (၂)

## စည်းရုံးလှုံ့ဆော်ခြင်းကို ဘယ်လိုလုပ်ကြမလဲ။

အရင်အခန်း (၁) မှာပြောခဲ့သလို စည်းရုံးလှုံ့ဆော်ခြင်းဆိုတာ လေ့နံ့ဓားထစ် ပုံသေနည်းချလုပ်ဆောင်ရမဲ့ နည်းလမ်းမျိုးမဟုတ်ပါဘူး။ ဒါကြောင့် စည်းရုံးလှုံ့ဆော်မှုကို ဘယ်လိုလုပ်ရမလဲဆိုတဲ့မေးခွန်းကို ဖြေရရင် တယောက်နဲ့ တယောက် တူမှာမဟုတ်ပါဘူး။ ဘာတွေလုပ်ရမလဲဆိုတာမျိုးဘဲ ဖြေရမှာဖြစ်ပြီး အတိအကျ တသွေမတိမ်းလိုက်လုပ်လို့ ရမှာမဟုတ်ပါဘူး။ စည်းရုံးလှုံ့ဆော်မှုဆိုတာ သီအိုရီကိုဘဲ ပြောလို့ရမှာဖြစ်ပြီး ဓာတုဗေဒလို ပုံသေနည်းမဟုတ်ပါဘူး။

ဒီအခန်း (၂) မှာ စည်းရုံးလှုံ့ဆော်မှုတခုကို လုပ်ဆောင်တော့မယ်ဆိုရင် ဘယ်လိုအဆင့်ဆင့် ပြင်ဆင်ရမယ်ဆိုတဲ့ လုပ်ငန်းစဉ်တွေကို ရှင်းပြသွားမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကို ဆွေးနွေးနိုင်ဖို့အတွက် အဖြစ်အပျက်တခုကို ဖော်ပြပေးပါမယ်။ တကယ့်အဖြစ်အပျက်မဟုတ်ပေမဲ့ တကယ့်အဖြစ်အပျက်တွေကို အခြေခံပြီး ရေးသားထားတဲ့ဇာတ်လမ်းဖြစ်ပါတယ်။ စည်းရုံးလှုံ့ဆော်မှုအကြောင်းကို လေ့လာဆွေးနွေးနိုင်ဖို့အတွက် ဒီ အဖြစ်အပျက်ဇာတ်လမ်းလေးကို အသုံးပြုသွားမှာဖြစ်ပါတယ်။

### ဇရပ်ကုန်းရွာ အဖြစ်အပျက်ဇာတ်လမ်း



မြန်မာနိုင်ငံ အလယ်ပိုင်းဒေသမှာရှိတဲ့ ဇရပ်ကုန်းကျေးရွာလေးဟာ ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်နေတဲ့ ရွာတရွာဖြစ်ပါတယ်။ အိမ်ခြေပေါင်း (၆၀၀) ကျော်ရှိပြီး အများစု ဗုဒ္ဓဘာသာကို ကိုးကွယ်ကြတဲ့ သူတွေဖြစ်ပါတယ်။ သီးနှံဈေးတွေကောင်းတဲ့အတွက် ရွာသားတွေဟာ အလှူပွဲတွေကို စည်စည်ကားကားကျင်းပလေ့ရှိကြတယ်။ ရွာမှာရှိတဲ့ လူငယ်တွေကလဲ တက်တက်ကြွကြွနဲ့ ပါဝင်လုပ်အား ပေးလေ့ရှိကြတယ်။ ကျောင်းတက်ရမဲ့အရွယ် ကျောင်းသူ ကျောင်းသားတိုင်း ရွာကျောင်းမှာ တက်သူတက်၊ အထက်တန်းကျောင်းကိုတော့ အနီးအနားက မြို့ငယ်လေးဖြစ်တဲ့ အေးသာယာမြို့က အထက်တန်းကျောင်းမှာ တက်သူတက်ကြပေါ့။




တနေ့တော့ မထင်မှတ်တဲ့ အဖြစ်အပျက်တခုကို ကြုံလိုက်ရပါတယ်။ ဒီအဖြစ်အပျက်ကတော့ သူတို့ရွာသူရွာသားတွေ အစဉ်အဆက် လုပ်ကိုင်စားသောက်နေတဲ့ ယာမြေတွေကို အစိုးရက ခြံခတ်လိုက်ပြီး မည်သူမှမကျူးကျော်ရလို့ ဆိုင်းဘုတ်တွေ ကပ်လိုက်တာပါ။ နောက်ပိုင်းမှာသိရတာကတော့ ဒီလယ်ယာမြေတွေမှာ ဂျပန်နိုင်ငံ ကုမ္ပဏီတခုနဲ့ဖက်စပ်လုပ်ကိုင်မဲ့ သတ္တုတူးဖော်ရေးလုပ်ငန်းတွေ လုပ်ကိုင်မယ်ဆိုတာပါဘဲ။ မိရိုးဖလာပိုင်ဆိုင်တဲ့မြေတွေကို အစိုးရက သိမ်းပိုက်ခဲ့ပေမဲ့ ဘာအတွက်ဆိုတာ တိတိကျကျမပြောသလို လျော်ကြေးနစ်နာကြေး တစုံတရာမှ မရရှိခဲ့ပါဘူး။ ဖေရဲထွန်း ကုမ္ပဏီပိုင်နယ်မြေ၊ မည်သူမှ မကျူးကျော်ရဆိုတဲ့ ဆိုင်းဘုတ်တွေကပ်ထားတဲ့ ယာမြေဧက (၃၀၀) ကျော်ကို ကြည့်ရင် ဇရပ်ကုန်းကျေးရွာသူ ကျေးရွာသားတွေဟာ ပူဆွေးခဲ့ရပါတယ်။ ဘာလုပ်ရ ဘာကိုင်ရမှန်းတောင် မသိကြတော့ပါဘူး။

တနစ်ကျော်ကြာတဲ့အထိ ဒီမြေတွေကို အစိုးရက ဘာမှမလုပ်ခဲ့ပါဘူး။ မြေပိုင်တဲ့ရွာသူရွာသား တွေအမည်ကောက်ပြီး တဧကကို ကျပ်ငွေတသိန်းနဲ့ လျော်ကြေးပေးပါတယ်။ ဒီတန်ဖိုးဟာ အပြင်ကာလပေါက်ဈေးနဲ့ အလွန်အမင်း နိမ့်တာကြောင့်မို့လို့ ဘယ်သူမှ မယူချင်ကြပါဘူး။ မယူရင်လဲ အလကားသိမ်းတာခံရမယ်ဆိုတဲ့ အုပ်ချုပ်ရေးမှူးရဲ့ စကားကြောင့် ရွာသားတော်တော်များများက မကျေမနပ်နဲ့ လက်ခံခဲ့ရပါတယ်။ ရွာထဲမှာ ပြောရဲဆိုရဲရှိတဲ့ လူငယ်ရွာသား တယောက်ဖြစ်တဲ့ စိန်ထွန်းက ဒီလိုလုပ်တာမကျေနပ်ကြောင်း၊ တန်ရာတန်ကြေးပေးသင့်ကြောင်း တင်ပြပါတယ်။ ဒီလိုတင်ပြတဲ့အတွက် လုပ်ငန်းတာဝန်ကို နှောက်ယှက် တယ်ဆိုပြီး စိန်ထွန်းကို စစ်တပ်က လာဖမ်းဆီး သွားပါ တယ်။

စစချင်းမှာ စိန်ထွန်းဖက်က ဘယ်သူမှ ပါဝင်ခဲ့တာမရှိပါဘူး။ နှစ်ပေါင်းများစွာ အရိုးစွဲနေတဲ့ ကြောက်စိတ်က ရွာသူရွာသားတွေ စိတ်ထဲမှာ ကိန်းအောင်းနေခဲ့ပါတယ်။ မတရားမှုကို လက်မခံဘဲတုန့်ပြန် ပြောခဲ့တဲ့ စိန်ထွန်းကို သဘောကျပေမဲ့ သူ့ကိုလာဖမ်းတဲ့အခါ ဘယ်သူကမှ တားဆီးတာမျိုး မလုပ်ဆောင်ခဲ့ပါဘူး။ ဒါပေမဲ့ စိန်ထွန်းကိုဖမ်းသွားပြီး တပတ်



လောက်ကြာတဲ့အခါ သူ့မိန်းမကို ကူညီစောင့်ရှောက်ပေးတဲ့လူငယ်တွေက လူစုပြီး အေးသာယာမြို့က ဇေရဲထွန်းကုမ္ပဏီရုံး ခန်းရှေ့မှာ စိန်ထွန်းကို လွှတ်ပေးဖို့ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြပါတယ်။ ဒီလိုဆန္ဒပြတဲ့ ရွာသား (၈) ဦးကို ခွင့်ပြုချက်မယူဘဲ ဆန္ဒပြတဲ့အတွက် ငြိမ်းစုစီ ဥပဒေအရ ကုမ္ပဏီလုပ်ငန်းမှူးက တရားစွဲဆိုလိုက်ပါတယ်။



ဇရပ်ကုန်းရွာသူရွာသား တွေအဖို့ ဘာဆက်လုပ်ရမှန်း မသိဖြစ်နေပါတယ်။ တခါမှ ရုံးရောက် စခန်းရောက်မဖြစ်ဘူး ကြတဲ့အတွက်ရှေ့ဆက်ဘယ်လို လုပ်ရမလဲမစဉ်းစားတတ် တော့ပါဘူး။ ရွာသူရွာသားတွေဝိုင်းဖွဲ့ နေတုံးဘဲ မြို့မှာသင်တန်း တချို့ သွားတက်ဘူးတဲ့ မအေးသူဇာ က ဒီကိစ္စတွေကို စနစ်တကျပြင်ဆင်ဖို့လိုအပ်ပြီးမှ လုပ်ဆောင်ဖို့ အကြံပေးပါတယ်။ ယာမြေတွေ သိမ်းခံရဲ့သူ တွေအနေနဲ့သူတို့ ရဲ့ မြေယာပိုင်ဆိုင်မှုအထောက်အထားတွေကို သေသေချာချာစုဆောင်းဖို့၊ ဘယ်နစ်ဧက သိမ်းခံရတာကို စာရင်းပြုစုဖို့ တိုက်တွန်းပါတယ်။ အားလုံးပြင်ဆင်ပြီးတဲ့အခါကျမှ အစိုးရတာဝန်ရှိသူတွေထံ တင်ပြဖို့ အကြံပြုပါတယ်။

မအေးသူဇာရဲ့အကြံပြုချက်ကို တော်တော်များများသဘောကျကြပါတယ်။ တချို့ကတော့ အမျိုးသမီးတဦးဖြစ်တဲ့ မအေးသူဇာကို သိပ်သဘောမကျကြပါဘူး။ ဒါပေမဲ့ သူမရဲ့အကြံပေးချက်တွေက ကောင်းမွန်တဲ့အတွက်ကြောင့် တဖြည်းဖြည်းလက်ခံ လာခဲ့ပါတယ်။ ရွာသူရွာသားတွေက စုဆောင်းပြီး သိမ်းဆည်းခံရတဲ့မြေယာတွေကို စာရင်းလုပ်ပါတယ်။ ပိုင်ဆိုင်မှုအထောက်အထားတွေ ရှာပါတယ်။ သူတို့ရဲ့တောင်းဆိုချက်ဖြစ်တဲ့ သိမ်းဆည်းခံမြေယာများပြန်လည်ရရှိရေးအတွက် စတင်ပြင်ဆင်လာပါပြီ။




အားလုံးပြင်ဆင်ပြီးတဲ့အခါ ဘယ်ကို သွားပြောကြမလဲ ဆို တာ တိုင်ပင်ကြပါတယ်။ တချို့က ကုမ္ပဏီ ရုံးကိုသွားပြောချင်လို့ ရုံးကိုသွား ပြောကြပါတယ်။ ဆန္ဒပြပါတယ်။ ကုမ္ပဏီတာဝန်ခံက ဒီမြေတွေကို မြို့နယ်စိုက်ပျိုးရေးရုံးနဲ့ မြန်မာ့ရင်းနှီး မြှုပ်နှံမှုကော်မရှင်ကနေ သတ်မှတ်

လွှဲပြောင်း ထားတဲ့အတွက် သူတို့မှာ ပိုင်ဆိုင်ခွင့်ရှိတာမှန်ကြောင်း၊ ဒီကိစ္စအတွက် ငွေတွေကိုပေးချေပြီးသားဖြစ်လို့ ရွာသားတွေကို ထပ်ပေးစရာမလိုကြောင်း ပြောဆိုပါတယ်။



ဒါကြောင့် နောက်တခါမှာတော့ လယ်ယာမြေပြဿနာဖြေရှင်းရေးကော်မတီကိုတင်ပြဖို့ ဆုံးဖြတ်ချက်ချပါတယ်။ သွားရောက်တွေ့ဆုံဖို့လူတွေကို ရွေးချယ်ပါတယ်။ အရင်တွေ့ဆုံမှုအပေါ် ပြန်လည်သုံးသပ်တာတွေလုပ်ဖို့ မအေးသူဇာက အကြံပေးတဲ့အတွက် ဘယ်လိုပြောဆိုကြမလဲဆိုတာကို ပြင်ဆင်ကြပါတယ်။ ပြောဆိုတဲ့အထဲမှာ ရွာဘုန်းကြီးကျောင်းက ဆရာတော် အပါအဝင် မြို့မိမြို့ဖတွေလဲ ပါဝင်ဖို့ အကြံပေးတဲ့သူလဲရှိပါတယ်။ ဒါပေမဲ့ ကိုယ်တိုင် လယ်မြေသိမ်းခံရတဲ့သူတွေလဲ ပါဝင်သင့်တယ်ဆိုတဲ့အယူအဆကြောင့် သိမ်းဆည်းခံယာမြေ မိသားစုတွေကိုပါ ဖိတ်ကြားလာခဲ့ပါတယ်။ ဥပဒေပိုင်းဆိုင်ရာ ပြောဆိုနိုင်ဖို့အတွက် လူမရှိတာကြောင့် မအေးသူဇာရဲ့ အကူအညီနဲ့ဘဲ မြေယာအရေးကို လိုက်လံဆောင်ရွက်နေတဲ့ ပြည်သူ့အလင်းအဖွဲ့က ဥပဒေပညာရှင် ဦးလှမင်းကို ဖိတ်ခေါ်ပြီး အကြံတောင်းခဲ့ပါတယ်။ ဥပဒေပိုင်းဆိုင်ရာဗဟုသုတတွေကို ဦးလှမင်းကဘဲ ရွာသူရွာသားတွေကို ပို့ချပေးခဲ့ပါတယ်။

အားလုံးအဆင်သင့်ဖြစ်တဲ့အခါမှာ မြို့နယ်လယ်ယာမြေပြဿနာ ဖြေရှင်းရေးကော်မတီကို တွေ့ဖို့တောင်းဆိုခဲ့ပါတယ်။ မြို့နယ်ကော်မရှင်ကတွေ့ဆုံ ဖို့လက်ခံတဲ့အတွက် ဇရပ်ကုန်းရွာ သူရွာသားတွေကသေသေချာချာ ပြင်ဆင်ပြီးသွားတွေ့ခဲ့ပါတယ်။ ဒါပေမဲ့ ရလာဒ်ကတော့ သိပ်မကောင်းခဲ့ပါဘူး။ မြို့နယ်ကော်မရှင်က သူတို့လုပ်ဆောင်ပေးနိုင်တာ သိပ်မရှိဘဲ အထက်ကိုတင်ပြပေး မယ်ဆိုတဲ့ အ ခြေအနေလောက်ဘဲ ရရှိခဲ့ပါတယ်။

စိတ်ဓာတ်ကျနေတဲ့ရွာသူ ရွာသား တွေကို မအေးသူဇာနဲ့ ဦးလှမင်းတို့က ဝိုင်းအားပေးပါတယ်။ မြို့နယ်အဆင့်အထိ မကတော့ဘဲ ပြည်ထောင်စုအဆင့်အထိ တက်ဖို့ အားပေးပါတယ်။ ဒီလိုဖြစ်ပျက်နေ တာကိုသိရှိဖို့ သတင်းမီဒီယာတွေကိုဖိတ်ခေါ်ပြီးရှင်းလင်း ပြောကြားခဲ့ပါတယ်။ သတင်းစာ၊ မဂ္ဂဇင်းနဲ့ ရုပ်မြင်သံကြားတွေမှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေနဲ့



လက်ရှိအခြေအနေကို သတင်းအဖြစ် ရေးသားလာပါတယ်။ ဒီလိုရေးသားလာခဲ့တဲ့အတွက်ကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်က ဇရပ်ကုန်းကျေးရွာ သူ ကျေးရွာသားတွေကို လာ ရောက်တွေ့ဆုံပါတယ်။ မြို့နယ် အဆင့်အထက်ပြည်ထောင်စုအထိတက်ရောက် တိုင်ကြားမယ်ဆိုရင် လွှတ်တော်က ဘယ်ကော်မတီကို တိုင်ကြားရမလဲ။ ဘယ်သူ့ကို ဆက်သွယ်ရင်ကောင်းမလဲဆိုတဲ့ အကြံဉာဏ်တွေပေး လာပါတယ်။ သူ့အနေနဲ့လည်း လွှတ်တော်မှာ မေးမြန်း ပေးသွားမဲ့ အကြောင်း ကတိပေးသွားပါတယ်။

ဥပဒေပညာရှင် ဦးလှမင်းက နေပြည်တော်အထိ သွားရောက်အရေးဆိုနိုင်ဖို့အတွက် အကြံဉာဏ်ပေးနိုင်မဲ့ အဆက်အသွယ်တွေကို ကူညီရှာပေးနေတဲ့အချိန်အတွင်းမှာ ရွာသူရွာသားတွေကလဲ အနီးအနားရွာတွေမှာ သူတို့လို ယာမြေတွေ အသိမ်းခံရတဲ့ရွာက ရွာသားတွေကို ပူးပေါင်းလုပ်ဆောင်ဖို့ စည်းရုံးခဲ့ပါတယ်။ ရွာသားအချင်းချင်း သတင်းတွေဖလှယ်တာ



တွေ၊ ဥပဒေပိုင်းဆိုင်ရာ အသိပညာတွေဖြန့်ဖြူးတာတွေကို လုပ်ဆောင်လာခဲ့ပါတယ်။ အခုဆိုရင် လယ်ယာမြေသိမ်းယူခံရတဲ့ရွာပေါင်း လေးရွာလောက်ကို စုစည်းမိလာပါပြီ။ ဖမ်းဆီးခံခဲ့ရတဲ့ကိုစိန်ထွန်းနဲ့အတူ တရားစွဲခံရပြီး ဒဏ်ငွေဆောင်လို့ ပြန်လွတ်လာတဲ့ ရွာသား တွေကလဲ တက်ကြွစွာ ပါဝင်လာခဲ့ပါတယ်။




ဦးလှမင်းရဲ့ အချိတ်အဆက်နဲ့ အခုဆိုရင် ရွာသားတွေဟာ မြန်မာနိုင်ငံ တဝှမ်းလုံးမှာ မြေယာသိမ်းဆည်းမှုကိစ္စနဲ့ပတ်သက်ပြီး လုပ်ဆောင်နေတဲ့ဒို့မြေ ကွန်ရက်နဲ့ ချိတ်ဆက်မိသွားပါပြီ။ ဒီကွန်ရက်ဟာ ဇရပ်ကုန်းရွာက မအေးသူဇာ အပါအဝင် တက်ကြွလှုပ်ရှားသူတွေကို တခြားအဖွဲ့တွေနဲ့ မိတ်ဆက် ပေးပါတယ်။ သူတို့ လုပ်ဆောင်တဲ့လုပ်ငန်းတွေ၊ အစည်းအဝေးတွေမှာ တက်ရောက် ပြောကြားစေခဲ့ပါတယ်။ ပညာရှင်တွေနဲ့ တွေ့ဆုံဆွေး နွေးပွဲတွေ စီစဉ်ပေးပါတယ်။

ဒို့မြေကွန်ယက်ရဲ့ကူညီပံ့ပိုးမှုတွေနဲ့ ဇရပ်ကုန်းရွာနဲ့ အနီးအနားက ရွာလေးရွာရဲ့ ကိုယ်စားလှယ်တွေဟာ နေပြည်တော်မှာရှိတဲ့ လွှတ်တော်ရေးရာကော်မတီကို သွားရောက်တွေ့ဆုံခဲ့ပါတယ်။ လွှတ်တော်ရေးရာကော်မတီတွေမှာ မြေယာနဲ့ သက်ဆိုင်တဲ့ ကော်မတီရယ်၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဆိုင်ရာကော်မတီရယ်ကို အဓိကတွေ့ခွင့်တောင်းခံခဲ့ပြီး အဖြစ်အပျက်တွေကို သေသေချာချာတင်ပြနိုင်ခဲ့ကြပါတယ်။ သိမ်းဆည်းတဲ့လယ်မြေတွေရဲ့ ဓာတ်ပုံတွေ၊ ဗီဒီယိုမှတ်တမ်းတွေနဲ့ တင်ပြတဲ့အတွက် ကိုယ်စားလှယ်များကလဲ အပြန်အလှန်မေးခွန်းတွေပြန်မေးတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ကိုယ်စားလှယ်များက အဖြစ်အပျက်တွေကို စနစ်တကျမှတ်တမ်းတင်ပြီး ပြန်လည်အကြောင်းကြားမယ်လို့ ကတိပြု ခဲ့ပါတယ်။

ဇရပ်ကုန်းရွာသားတွေဟာ အခုဆိုရင် တခြားသော လူ့အခွင့်အရေးအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်မိလာပါပြီ။ လူ့အခွင့် အရေးလုပ်ဆောင်နေတဲ့အဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဒီဇင်ဘာလ (၁၀) နေ့ လူ့အခွင့်အရေးနေ့အခမ်းအနားမှာသူတို့ရွာရဲ့အဖြစ်အပျက်ကို သွားရောက်တင်ပြတာ၊ ပြခန်းအဖြစ်နဲ့ ပြသတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ သူတို့ကိုအားပေးထောက်ခံတဲ့သူတွေရဲ့ လက်မှတ်တွေကို စုဆောင်းကောက်ယူနိုင်ခဲ့ပါတယ်။ ဒီလိုကောက်ယူထားတဲ့ လက်မှတ်တွေနဲ့အတူ မြေယာများပြန်လည်ရရှိဖို့ တောင်းဆိုမဲ့ နောက်ထပ်လှုပ်ရှားမှုအခမ်းအနားကို နိုင်ငံတော်သမ္မတကြီးနဲ့ နိုင်ငံတော်




အတိုင်ပင်ခံဆီ တောင်းဆိုချက်နဲ့အတူ ပေးပို့ဖို့ ပြင်ဆင်နေကြပါပြီ။ ဖေရဲထွန်းကုမ္ပဏီနဲ့ ဖက်စပ်လုပ်မဲ့ ဂျပန်နိုင်ငံက ကုမ္ပဏီရုံးချုပ်ကိုလဲ ဂျပန်ဘာသာနဲ့ ပေးပို့ကြဖို့လဲ လုပ်ဆောင်နေပါတယ်။

ဒီအဖြစ်အပျက်ဇာတ်လမ်းလေးကို စည်းရုံးလှုံ့ဆော်မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆွေးနွေးတဲ့အခါမှာ အသုံးပြုသွားမှာ ဖြစ်ပါတယ်။

## ၂–၁ စည်းရုံးလှုံ့ဆော်မှု လုပ်ငန်းစဉ် အဆင့်ဆင့်

ဒီမှာဖော်ပြထားတဲ့စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို တသွေမတိမ်း တဆင့်ပြီးတဆင့် လိုက်လုပ်ရမယ်လို့ မလိုပါဘူး။ စည်းရုံးလှုံ့ဆော်မှုလုပ်ဆောင်မယ်ဆိုရင် လုပ်သင့်သော အဆင့်တွေကို ဖော်ပြထားတာဖြစ်တယ်။ ကိုယ့်နဲ့ လက်တွဲလုပ်မယ့် ရပ်ရွာလူထုနဲ့ ပြည်သူလူထုတွေရဲ့ အခြေအနေ အနေအထားအလိုက် တချို့အဆင့်တွေကို ကျော်သွားလို့ရပါတယ်။

ဒါပေမဲ့ ဒီမှာပါတဲ့ လုပ်ငန်းစဉ် (၈) ဆင့်ကို အခြေခံပြီး ကိုယ်လုပ်ဆောင်မဲ့ စည်းရုံးရေးလုပ်ငန်းတွေကိုပြင်ဆင်နိုင်ရင်တော့ အကောင်းဆုံးပါဘဲ။ ဒီလုပ်ငန်းစဉ် (၈) ဆင့်ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

# လုပ်ငန်းစဉ် (၈)ဆင့်




## (၁) အခြေအနေကိုသုံးသပ်ခြင်း (Analyze the Situation)

စည်းရုံးလှုံ့ဆော်မှုကိုလုပ်ဆောင်မယ်ဆိုရင် မရှိမဖြစ်လုပ်ရတဲ့ပထမဆုံးအဆင့်ကတော့ ကိုယ့်ရည်ရွယ်ထားတဲ့ ဒေသ သို့မဟုတ် အုပ်စု သို့မဟုတ် အဖွဲ့အစည်းရဲ့ အခြေအနေကို လေ့လာသုံးသပ်ခြင်းဖြစ်ပါတယ်။ တခြားအဆင့်တွေကို အဆင့်ကျော်ပြီး လုပ်လို့ရကောင်းရနိုင်ပေမဲ့ အခြေအနေကို သုံးသပ်ခြင်းကိုတော့ မဖြစ်မနေလုပ်ကိုလုပ်ရပါတယ်။ တခြားဘာမှမလုပ်ခင် စတင် လုပ်ရမဲ့အဆင့်ဆိုလဲ မမှားပါဘူး။

ဥပမာပေးရရင် နေမကောင်းလို့ ဆရာဝန်သွားပြတဲ့ဥပမာပေးပါရစေ။ ခေါင်းကိုက်တဲ့အတွက် ဆရာဝန်သွားပြတဲ့အခါမှာ ဆရာဝန်က လိုအပ်သလို စစ်ဆေးချက်တွေ၊ နောက်ကြောင်းရာဇဝင်မေးမြန်းချက်တွေကို လုပ်ဆောင်ပြီးမှ သင့်တော်တဲ့ဆေး ကို ပေးတာမျိုးပါ။ ဘယ်ဆရာဝန်ကမှ စုံစမ်းစစ်ဆေးတာ လုံးဝမလုပ်ဘဲ ဆေးဝါးကုထုံးလုပ်ပေးလေ့မရှိပါဘူး။ အနာသိမှဆေးရှိမယ် ဆိုတဲ့ စကားအတိုင်း ခေါင်းကိုက်တယ်ဆိုရင် ဘယ်တုံးက ကိုက်တာလဲ။ ဘယ်လိုကိုက်တာလဲ။ ဘယ်အချိန်မျိုး ကိုက်လေ့ရှိလဲ။ ဘယ်နေရာမှာ ကိုက်တာလဲဆိုတာကို အရင်မေးမြန်းပါတယ်။ နောက်ပြီးရင် လိုအပ်သလိုသွေးတိုး၊ ဆီးချိုစစ်ဆေးပါတယ်။ အိပ်ရေးပျက်တာရှိသလား။ အရက်သေစာသောက်တတ်လားမေးပါတယ်။ ဒါတွေအားလုံးစစ်ဆေးပြီးမှ ခေါင်းကိုက်တာ ရောဂါကြောင့်လား၊ အစားအစာကြောင့်လား၊ လူနေမှု ပုံစံကြောင့်လားစသည်ဖြင့် ဆုံးဖြတ်ပြီးမှာ လိုအပ်တဲ့ဆေးကုသမှုကို လုပ်ဆောင်တတ်ကြပါတယ်။ စည်းရုံးလှုံ့ဆော်မဲ့သူတွေအနေနဲ့ ဘယ်လိုမျိုးနည်းနဲ့ ပြောင်းလဲအောင်လုပ်ဆောင်မလဲ နည်းလမ်းကို မှန်မှန် ကန်ကန်ရွေးချယ်လုပ်ကိုင်နိုင်ဖို့အတွက် အကြောင်းအရာနဲ့ ပတ်သက်တဲ့ အဖြစ်အပျက်တွေ၊ ပါဝင်ပတ်သက်သူတွေ၊ ဖြစ်ရတဲ့ အကြောင်းရင်းတွေကို သေသေချာချာသုံးသပ်ရပါတယ်။ သုံးသပ်မှုမှန်ကန်ပါက အကြောင်းရင်းအမှန်ကို သိနိုင်မှာဖြစ်ပါတယ်။

အကြောင်းရင်းမှန်ကို ဖြေရှာနိုင်မှ မှန်ကန်တဲ့လုပ်ဆောင်မှုနည်းလမ်းတွေကို ရွေးချယ်နိုင်မှာဖြစ်ပါတယ်။

ဒီလိုသုံးသပ်တဲ့နည်းကို ပြဿနာသစ်ပင် တူးဖော်ခြင်းလို့ ခေါ်လေ့ရှိပါတယ်။ ဖြစ်နေတဲ့အကြောင်းအရာကို ပင်စည်မှာ ရေးသားပြီး ဒီလိုဖြစ်နေတဲ့အတွက်ကြောင့် ဖြစ်ပေါ်ခံစားနေရတဲ့ အကျိုးဆက်ကို သစ်ရွက်၊ သစ်ကိုင်းတွေနေရာမှာ စဉ်းစားရေးသား လေ့ရှိပါတယ်။ ဒီလိုအကြောင်းအရာတွေဖြစ်ရတဲ့အကြောင်းရင်းတွေကိုတော့ သစ်ပင်ရဲ့ အမြစ်ပိုင်းမှာ ဖော်ထုတ်ရေး သားလေ့ရှိပါတယ်။ သစ်ပင်တပင်က အဆိပ်ပင်ဖြစ်လို့ ခုတ်မယ်ဆိုရင် သစ်ပင်အမည်ကိုတပ်ပြီး သစ်ရွက် သစ်ကိုင်းတွေကိုဘဲ ခုတ်လို့ မရနိုင်ပါဘူး။ ရေတွေ နေတွေ လေတွေရဲ့ အားပေးမှုနဲ့ အကိုင်းအခက်တွေပြန်ထွက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် သစ်ပင်တပင်ကို ထာဝရမရှိစေချင်ရင်တော့  သူ့ရဲ့ရေသောက်မြစ်တွေကအစ ထုတ်ဖော်တူးပစ်ဖို့ လိုပါတယ်။ ဒီသဘောအတိုင်းပါဘဲ။ ပြဿနာကို ဖော်ထုတ်ပြီး ကိုင်းဖျားကိုင်းနားလောက်ကိုဘဲ ဖြေရှင်းနေရင်တော့ ဒီပြဿနာက ပပျောက်သွားမှာမဟုတ်ပါဘူး။ ဖြစ်ရတဲ့အကြောင်းအရာပြဿနာရဲ့ ရေသောက်မြစ်တွေကို ရှာဖွေတူးဖော်ပြီး ဖယ်ရှားမှသာ ပြဿနာကို ပပျောက်အောင် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒီလို ဖြစ်ရတဲ့အကြောင်းရင်းတွေနဲ့ ပါဝင်ပတ်သက်သူတွေအကြောင်းကို သိရှိအောင် လေ့လာဆန်းစစ်တာကို အခြေအနေဆန်းစစ်ခြင်းလို့ ခေါ်လေ့ရှိပါတယ်။ ဘာတခုမှမလုပ်ခင်မှာ လေ့လာမှုကောင်းကောင်း လုပ်ဆောင်ရပါမယ်။ လေ့လာအဖြေရှာမှုကောင်းမှသာ ဖြေရှင်းနိုင်မဲ့လုပ်ငန်းစဉ်တွေကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်မှာဖြစ်တဲ့အတွက် ဒီအဆင့်ဟာ အထူးအရေးကြီးပါတယ်။ သုံးသပ်မှုသာလွဲသွားမယ်ဆိုရင် အနာတခြား ဆေးတခြားဖြစ်သွားတတ်ပါတယ်။



## အခြေအနေကိုလေ့လာဆန်းစစ်ခြင်း

အခြေအနေကိုလေ့လာဆန်းစစ်ရာမှာ လူ့အခွင့်အရေးအကြောင်းအရာနဲ့ ပတ်သက်လို့ ဆန်းစစ်တာမျိုးဆိုရင်တော့ အောက်ပါအချက်တွေကို ပေါ်လွင်အောင် လေ့လာဆန်းစစ်လေ့ရှိပါတယ်။

- ❖ ဘာတွေ ချိုးဖောက်ခံနေရလို့လဲ
- ❖ ဘယ်သူ့အခွင့်အရေးတွေ ချိုးဖောက်ခံရတာလဲ။
- ❖ ဘာကြောင့် ချိုးဖောက်ခံရတာလဲ၊
- ❖ ဘယ်သူ့မှာတာဝန်ရှိလဲ။
- ❖ ဘာတွေက အတားအဆီးဖြစ်စေလို့လဲ။
- ❖ ဒီအခြေအနေကို ဘယ်လိုပြောင်းနိုင်မလဲ။

ဒီလိုသုံးသပ်မှုတွေကို ဘယ်လိုလုပ်လေ့ရှိသလဲ။ နည်းလမ်းအမျိုးမျိုးရှိပါတယ်။ ကိုယ်လုပ်ဆောင်မဲ့အကြောင်း အရာအလိုက်နဲ့ ကိုယ်လုပ်နိုင်မဲ့စွမ်းအင်အလိုက် သုံးသပ်ခြင်းလုပ်ဆောင်တဲ့နည်းလမ်းတွေ အများကြီးရှိတတ်ပါတယ်။ ရွေးချယ်သုံးနိုင်ဖို့ တချို့သော သုံးသပ်နည်းလမ်းတွေကို ဖော်ပြလိုက်ပါတယ်။

## မျိုးတူအုပ်စုများခွဲ၍ မေးမြန်းခြင်း (Focus Group Discussion)



ရပ်ရွာအုပ်စုထဲမှာ ကိုယ်ရည်ရွယ်ထားတဲ့ လူအုပ်စုငယ်လေးတွေ ဥပမာ – အမျိုးသမီး၊ လူငယ်၊ ကလေးစတဲ့အဖွဲ့ငယ်လေးတွေမှာ ရှိတတ်တဲ့ မတူညီတဲ့ အမြင်တွေ အယူအဆတွေကို သီးသန့်စုဆောင်းနိုင်အောင် အသုံးပြုတဲ့နည်းဖြစ်ပါတယ်။

တချို့သော လူအုပ်စုငယ်လေးတွေဟာ လူအများနဲ့ ပူးပေါင်းဆွေးနွေးတဲ့အခါမှာ ပါဝင်မှုနည်းတတ်ကြပါတယ်။ သူတို့ လိုအုပ်စုတွေ ထူးခြားတဲ့အမြင်တွေကို ရရှိနိုင်ဖို့အတွက် ဒီနည်းကို သုံးလေ့ရှိပါတယ်။ အုပ်စုအစုအလိုက် သီးသန့်ဖိတ်ခေါ် ဆွေးနွေးစေတဲ့ အတွက်နဲ့ သူတို့နဲ့ကိုက်ညီမဲ့ မေးမြန်းနည်းတွေကို စနစ်တကျအသုံးပြုနိုင်တဲ့အတွက် ပြောဆိုဆွေးနွေးမှုတွေကို ပိုလုပ်ဆောင်လာ ကြတာ တွေ့ရပါတယ်။ ဥပမာ – ကလေးတွေကို မေးခွန်းမေးတဲ့အခါမှာ လူကြီးတွေကိုမေးသလို မေးခွန်းသက်သက် ချည်းသာမဟုတ်ဘဲ ပုံဆွဲခိုင်းတာတွေ၊ အတူတူလှုပ်ရှားမှုတွေလုပ်ဆောင်ရင်း ပြောပြခိုင်းတာတွေကို လုပ်ဆောင်တဲ့ ပုံစံမျိုး ဖြစ်ပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ ရပ်ရွာတခုလုံးအတွက် လုပ်ငန်းများဆောင်ရွက်ရန် ပြင်ဆင်တဲ့အခါမှာ ထိုအုပ်စုငယ် တွေရဲ့ အယူအဆတွေ၊ အတွေးအမြင်တွေကို ဖော်ထုတ်ပြီး ထည့်သွင်းစဉ်းစားလာနိုင်ဖို့ ဖြစ်ပါတယ်။

| အားကောင်းချက် | အားနည်းချက် |
|---|---|
| ◆ မျိုးတူအုပ်စုများဖြစ်တဲ့အတွက် လုပ်ဆောင်ရလွယ်ကူ<br>◆ စဉ်းစားစရာဖြစ်လာအောင်နှင့် ဆွေးနွေးလာအောင်လုပ်ဆောင်ပေးနိုင်<br>◆ တက်ကြွလန်းဆန်းပြီး စိတ်ဝင်စားစွာ ဖြေဆိုနိုင်<br>◆ သတင်းအချက်အလက် အတိအကျရနိုင်သဖြင့် ဖြေရှင်းဖို့လွယ်ကူ | ◆ အုပ်စုငယ်တခုဖြစ်တဲ့အတွက် ရပ်ရွာဒေသတခုလုံးကို လွှမ်းခြုံတဲ့ အယူအဆများ မဖြစ်တတ်<br>◆ လုပ်ဆောင်ရမည့် လုပ်ငန်းများအတွက်အဆင့်များသာ ဖြစ်တတ်<br>◆ အဖြစ်အပျက်တစ်ခုလုံး သုံးသပ်ရန် ခက်ခဲတတ်<br>◆ လူတိုင်း ပါဝင်နိုင်အောင် လုပ်ဆောင်ရန်လိုအပ် |

**လူထုဆွေးနွေးပွဲများ** (Community Forum)



လူထုဆွေးနွေးပွဲများဆိုတာ ရပ်ရွာအကြောင်းအရာများကို ဆွေးနွေးဖို့အတွက် ရပ်ရွာလူထုတွေကို ဖိတ်ကြားပြီး ရပ်ရေးရွာ ရေးများနဲ့ ပတ်သက်တဲ့ ပြဿနာအပေါ် လူထုရဲ့ အယူအဆတွေ၊ လိုအပ်ချက်တွေ၊ အယူအဆတွေကို တင်ပြလာအောင် လုပ်

ဆောင်သောနည်းဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေက မဲဆန္ဒရှင်တွေနဲ့ တွေ့ဆုံပြီး ပြည်သူ့အသံကို နားထောင်တဲ့ပုံစံမျိုးပေါ့။ တက်ရောက်လာတဲ့သူတွေက လွတ်လွတ်လပ်လပ်မေးခွန်းတွေမေးနိုင်သလို သူတို့ရဲ့အယူအဆတွေ၊ တင်ပြချက်တွေကို လွတ်လွတ်လပ်လပ်တင်ပြနိုင်တဲ့အတွက် လူထုအသံကို မှန်မှန်ကန်ကန်သိနိုင်တဲ့ နည်းလမ်းဖြစ်တဲ့ အတွက် အသုံးများပါတယ်။

| အားကောင်းချက် | အားနည်းချက် |
|---|---|
| ◆ ရပ်ရွာအတွင်းမှာရှိတဲ့ မတူညီတဲ့ လူထုအလွှာစုံပါဝင်နိုင်၊ အယူအဆစုံရရှိနိုင် | ◆ အလွှာစုံကို ထိန်းသိမ်းနိုင်ဖို့အတွက် အတတ်ပညာကျွမ်းကျင်မှုများလိုအပ် |
| ◆ ရပ်ရွာအတွင်းရှိနေသောပြဿနာများကို မြန်မြန်မြင်နိုင် | ◆ တက်ရောက်သူများ၏ အယူအဆများသာရနိုင် |
| ◆ ငွေကုန်ကျမှုနည်း | ◆ အလွှာမတူညီတဲ့အတွက် ဆွေးနွေးစရာ၊ သဘောထားကွဲလွဲစရာများ ပိုဖြစ်နိုင် |
| | ◆ လူမထိန်းနိုင်ရင် ရည်ရွယ်ချက်ပျောက်နိုင် |

### လူထုအတွင်း စစ်တမ်းကောက်ယူခြင်း (Community Survey)




လူထုအတွင်းစစ်တမ်းကောက်ယူခြင်းဆိုတာကတော့ မိမိသိလိုတဲ့အကြောင်းအရာနဲ့ ပတ်သက်တဲ့အမြင်တွေ၊ပြဿနာတွေ၊ အခွင့်အလမ်းတွေကို စုဆောင်းပြီး အဖြေရှာလုပ်ဆောင်နိုင်ဖို့အတွက် စစ်တမ်း ကောက်ယူတာဖြစ်ပါတယ်။ မိမိမေးချင်တဲ့ မေးခွန်းလေးတွေကို ပြင်ဆင်ထားပြီး အချိန်တိုတိုအတွင်း မြန်မြန်ဆန်ဆန်ဖြေကြားနိုင်အောင် ပြင်ဆင်ထားလေ့ရှိပါတယ်။ အသေးစိတ်ချရေးရမဲ့အဖြေမျိုးတွေကို မေးတာမဟုတ်ဘဲ လိုတိုရှင်းဖြေကြားနိုင်အောင် ပြင်ဆင်ထားတတ်ပါတယ်။ အမှားအမှန်မေးခွန်းမျိုးတွေ ရွေးချယ်စရာအဖြေတွေနဲ့ မေးခွန်းထုတ်လေ့ရှိပါတယ်။

| အားကောင်းချက် | အားနည်းချက် |
| --- | --- |
| ◆ မေးခွန်းတိုတဲ့အတွက် လူထုအများပါဝင်နိုင်<br>◆ အချက်အလက်တွေကို များများရနိုင်တဲ့အတွက် သုံးသပ်မှုကောင်းကောင်းလုပ်နိုင်<br>◆ အဖြေတွေက လိုတိုရှင်းဖြစ်တဲ့အတွက် သုတေသန လုပ်ရာမှာ လွယ်ကူ | ◆ လူတွေကို ဖြေကြားချင်လာအောင် လှုံ့ဆော်တတ်တဲ့ အတတ်ပညာကျွမ်းကျင်မှုလိုအပ်<br>◆ ဖြေကြားသူက ပြန်လှန်မေးခွန်းမေးရန်ခက်ခဲ<br>◆ အဖြစ်အပျက်အသေးစိတ်ကို ရရှိနိုင်ဖို့ အားနည်းနိုင် |

## လူတွေမေးမြန်းခြင်း (interview)



လူတွေ့မေးမြန်းခြင်း ဆိုတာကတော့ ရပ်ကွက်အတွင်းဖြစ်ပျက်နေတဲ့ အကြောင်းအရာ အဖြစ်အပျက်တွေနဲ့ ပတ်သတ်ပြီး လူထုရဲ့ အယူအဆတွေ၊ အမြင်တွေကိုသိရှိစေဖို့ ရည်ရွယ်ချက်နဲ့ ကြိုတင်ပြင်ဆင်ထားတဲ့ မေးခွန်းများကို မေးမြန်းစုဆောင်းတဲ့ နည်းလမ်းဖြစ်ပါတယ်။ မေးမြန်းတဲ့သူဆီမှာ ပြင်ဆင်ထားတဲ့မေးခွန်းတွေရှိရပါမယ်။ ဒီမေးခွန်းတွေကလဲ မိမိသိလိုတဲ့ အကြောင်းအရာအတွက် အဖြေကို ရရှိအောင် မေးနိုင်မဲ့ မေးခွန်းတွေဖြစ်ဖို့ လိုအပ်ပါတယ်။

| အားကောင်းချက် | အားနည်းချက် |
| --- | --- |
| ◆ ပြည့်ပြည့်စုံစုံပြောနိုင်တဲ့အတွက် အသေးစိတ် အချက်များရနိုင်<br>◆ မေးခွန်းမရှင်းလင်းတဲ့အခါ ပြန်မေးနိုင်သလို ဖြေကြားမှု မရှင်းလင်းရင်လဲ ပြန်လည်မေးမြန်းနိုင်<br>◆ အသေးစိတ် နောက်ဆက်တွဲ မေးခွန်းမျိုးမေးနိုင်တဲ့ အတွက်အခြေအနေကိုပိုမိုနားလည်သဘောပေါက်နိုင်<br>◆ မေးသူနဲ့ ဖြေကြားသူ ရင်းနှီးမှုရရှိစေနိုင် | ◆ အသေးစိတ်မေးခွန်းမျိုးဖြစ်တဲ့အတွက် အချိန်ကြာကြာ လိုအပ်<br>◆ ဖြေဆိုတဲ့သူစီက အဖြေမှန်တွေ၊ သတင်းတွေထွက်လာအောင် မေးတတ်ဖို့ မေးမြန်းသူရဲ့ ကျွမ်းကျင်မှုလိုအပ်<br>◆ ရရှိတဲ့အချက်တွေများလွန်းတဲ့အတွက် ပြန်လည်အနှစ်ချုပ်ရန်ခက်ခဲ<br>◆ ကိန်းဂဏန်းပြသောအချက်များ (Quantitative) ထွက်ပေါ်ရန်ခက်ခဲ |

## ပိုင်ဆိုင်မှုဆိုင်ရာ မြေပုံရေးဆွဲခြင်း (Asset/Resource Mapping)



ပိုင်ဆိုင်မှုဆိုင်ရာမြေပုံဆိုတာကတော့ ရပ်ရွာ အတွင်းမှာရှိနေတဲ့ ပိုင်ဆိုင်မှုတွေနဲ့ ရင်းမြစ်တွေကို ရှင်းရှင်းလင်းလင်းမြင်သာအောင်ဖော်ထုတ်လေ့လာတဲ့နည်းလမ်းဖြစ်ပါတယ်။ ယခင်ကသစ်တွေ၊ ရေရင်းမြစ်တွေဘယ်မှာရှိခဲ့သလဲ။ အခုဘယ်လိုအခြေအနေမျိုးရောက်နေပြီလဲဆိုတာကို ရပ်ရွာလူထုကိုယ်တိုင် ဆန်းစစ်ပြီးမြေပုံဆွဲ တင်ပြတဲ့ နည်းလမ်းဖြစ်ပါတယ်။ လူထုကိုယ်တိုင်က သုံးသပ်မှုလုပ်ဆောင်ရတာဖြစ်တဲ့အတွက် ပိုမိုစိတ်ဝင်စားစရာကောင်းတာတွေ့ရပါတယ်။ ဒီနည်းလမ်းကို ပြဿနာတွေ လိုအပ်ချက်တွေအကြောင်းကို ဆွေးနွေးတာထက် ရပ်ရွာအတွင်းမှာရှိတဲ့ ရင်းမြစ်တွေကို ဖော်ထုတ်သုံးသပ်တင်ပြတဲ့နေရာမှ ပိုအသုံးပြုလေ့ ရှိပါတယ်။

| အားကောင်းချက် | အားနည်းချက် |
|---|---|
| ◆ ရပ်ရွာအတွင်းရှိပြီးသားရင်းမြစ်များကို မီးမောင်းထိုးလေ့လာရာမှာ အသုံးဝင် | ◆ ရင်းမြစ်များကို ထုတ်ဖော်သုံးသပ်ရာတွင် အသုံးဝင်သော်လဲ ပြဿနာတခုလုံးကို လွှမ်းခြုံရန် ခက်ခဲတတ်၊ |
| ◆ ရပ်ရွာအတွင်းရှိ ရင်းမြစ်များကို မြင်အောင်ကြည့်နိုင် | ◆ လက်တွေ့လုပ်ဆောင်ရသောကြောင့် အချိန်ကြာ |
| ◆ ရပ်ရွာအတွင်းမှာရှိတဲ့ လူတန်းစားအမျိုးမျိုး ပါဝင်လုပ်ဆောင်နိုင် | |
| ◆ ကိုယ်တိုင်လုပ်ရတဲ့အတွက် ပိုစိတ်ဝင်စား | |

အထက်မှာဖော်ပြခဲ့တာတွေကတော့ အခြေအနေကို ဆန်းစစ်တဲ့နည်းလမ်းတွေထဲက တချို့ဖြစ်ပါတယ်။

ဒီနည်းလမ်းအပြင် ရပ်ရွာဒေသတွေကို ကိုယ်တိုင်သွားရောက်လေ့လာတာမျိုးကတော့ အကောင်းဆုံးပါဘဲ။ ဒီလိုသွားရောက်လေ့လာနိုင်ရင် လူထုရဲ့အခြေအနေကို ပိုမိုနားလည်လာနိုင်စေပါတယ်။ စူးစမ်းတဲ့အမြင်နဲ့ သုံးသပ်တတ်တဲ့အတွေးတွေတော့ ရှိဖို့လိုအပ်တာပေါ့။ ရပ်ရွာထဲဝင်သွားတဲ့အခါမှာ သူတို့ရဲ့ စီးပွားရေးအခြေအနေကို အိမ်ယာတွေကြည့်ပြီး အကဲခတ်နိုင်

သလို ဘာသာရေးကိုလဲ ဘာသာရေးအဆောက်အဦတွေကို ကြည့်နိုင်ပါတယ်။ ကျန်းမာရေးအခြေအနေကို အိမ်သာအနေအထား၊ ဆေးရုံဆေးခန်းအနေအထားနဲ့ ခန့်မှန်းနိုင်ပါတယ်။ ကျောင်းဖွင့်တဲ့ အချိန်မှာ ကျောင်းတက်ရမယ့် အရွယ်ရောက်နေတဲ့ ကလေးတွေကို အပြင်မှာ အလုပ်တွေထဲမှာ တွေ့နေရရင် ထူးခြားချက်ဘဲ။ ရွာမှာ လူပျိုအပျို ရွယ်တွေမရှိဘဲ သက်ကြီးရွယ်အိုတွေဘဲ ကျန်နေတာမျိုးဆိုရင် ကိုယ့်အနေနဲ့ သတိထားမေးမြန်းရမယ့်အချက်တွေ ပေါ်လာပြီဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့အမြင်စူးရှမှုကလဲ ရပ်ရွာအတွင်း လေ့လာသုံးသပ်မှုတွေ လုပ်ဆောင်ရာမှာ အရေးပါပါတယ်။

## ရပ်ရွာအတွင်းလေ့လာသုံးသပ်မည်ဆိုပါကပြင်ဆင်ရန်

ရပ်ရွာတခုအတွင်း လေ့လာသုံးသပ်မှုလုပ်မယ်ဆိုရင် အောက်ပါအချက်တွေကို ပြင်ဆင်ပါ။

၁။ ဘာရည်ရွယ်ချက်နဲ့ ဘာအကြောင်းအရာကို ဆန်းစစ်မှာလဲ (Purpose of Assessment)

၂။ ဒီလိုဆန်းစစ်ဖို့ ဘာအချက်အလက်တွေကို ဆန်းစစ်ကောက်ယူမှာလဲ။ (Data Needed)

၃။ အချိန်ကာလ ဘယ်လောက်ကြာကြာ လုပ်ဆောင်မှာလဲ (Time Commitment)

၄။ ဘယ်လောက် ကုန်ကျမှုရှိမလဲ (Cost)

၅။ လိုအပ်သောကျွမ်းကျင်မှုတွေ အတတ်ပညာတွေ က ဘာတွေလဲ (Skills needed)

၆။ ဘယ်သူတွေကို ရည်ရွယ်ပြီး ကောက်ယူဆန်းစစ်မှာလဲ (Target Audience)

## လုပ်ဆောင်မှုအဆင့်ဆင့်



## ဆွေးနွေးချက်




ဇရပ်ကုန်းရွာ အဖြစ်အပျက်ကို ပြန်ဖတ်ပါ။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

- ဇရပ်ကုန်းရွာသားတွေဟာ ယာမြေတွေ သိမ်းခံရရချင်းမှာ အခြေအနေသုံးသပ်မှုတွေကို လုပ်ဆောင်ခဲ့ပါသလား။
- ဘယ်အချိန်မှ လုပ်ခဲ့ကြပါသလဲ။
- ဘယ်လို နည်းမျိုးတွေနဲ့ အခြေအနေကို သုံးသပ်ပြီး အချက်အလက်တွေကို ရှာဖွေခဲ့သလဲ။

ဒီလိုလုပ်ဆောင်ခဲ့တဲ့အတွက် ဘာအကျိုးရှိတယ်လို့ ထင်ပါသလဲ။

## လက်တွေ့အဖြစ်အပျက်



မြန်မာနိုင်ငံဟာ ကုလသမဂ္ဂရဲ့ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီကို ၂၀၁၁ ခုနှစ်မှာ အစီရင်ခံစာ တင်သွင်းရတယ်။ ဒါကြောင့် ကလေးအခွင့်အရေးကို လုပ်ဆောင်နေတဲ့ အဖွဲ့ အစည်းတွေကလဲ စင်ပြိုင်အစီရင်ခံစာတင်ဖို့ ကြိုးစားရင်း ကလေးတွေ ကိုယ်တိုင်ရေးတဲ့ အစီရင်ခံစာတစောင် တင်သွင်းရင် ကောင်းမယ်ဆိုတဲ့ စိတ်ကူးပေါ်လာပါတယ်။ ကလေးတွေကိုယ်တိုင် ရေးသားဖို့လွယ်ပါ့မလားဆိုတဲ့ မေးခွန်းတွေလဲ ထွက်လာပါတယ်။ ဒီတော့ *United ACT* လူငယ်ပြဇာတ်အဖွဲ့က သူတို့ရဲ့ အဖွဲ့ဝင်တွေထဲက အချက်အလက် ကောက်ယူဆန်းစစ်မဲ့သူတွေကို ကလေးအခွင့်အရေးအကြောင်း ပညာပေးပို့ချမှုတွေ လုပ်ခဲ့ပါတယ်။ သူတို့တွေ ကျွမ်းကျင်ပြီးသားဖြစ်တဲ့ ပြဇာတ်တင်ဆက်ကပြခြင်း အနုပညာကိုအသုံးပြုပြီး ရပ်ရွာတွေထဲမှာကလေးတွေ ကြုံတွေ့နေရတဲ့ အခက်အခဲပြဿနာတွေကို ဖော်ထုတ်ဆွေးနွေးလာအောင် လေ့ကျင့်ပေးပါတယ်။ ဒီကလေးတွေက မဲဆောက်ဒေသမှာရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ၊ ဒုက္ခသည်ကလေးတွေရှိတဲ့နေရာတွေမှာ ကလေးတွေအကြောင်း သရုပ်ဖော်တင်ဆက်တဲ့ ပြဇာတ်လေးတွေ လိုက်ကပြပါတယ်။ ပြဇာတ်အပြီးမှာတော့ ရပ်ရွာလူထုနဲ့ အပြန်အလှန် မေးခွန်း



တွေမေးမြန်းပြီး ကလေးတွေရဲ့ အခြေအနေကို လေ့လာပါတယ်။ နောက်ပိုင်းမှာ ကလေးတွေနဲ့ကလေးမိဘတွေကို အုပ်စုငယ်ဆွေးနွေးပွဲ ဖိတ်ကြားပြီး ကလေးတွေ အများဆုံးကြုံနေရတဲ့ အခက်အခဲတွေ၊ အစိုးရရဲ့ပျက်ကွက်မှုတွေ၊ အစိုးရအနေနဲ့ လုပ်ဆောင်သင့်တဲ့အချက်တွေကို ဆွေးနွေးကောက်ယူပါ တယ်။ ဒီအချက်တွေကိုစုစည်းပြီး ကုလသမဂ္ဂ ကလေးသူငယ်များအခွင့်အရေးများကော်မတီကို အစီရင်ခံစာတင်နိုင်ခဲ့ပါတယ်။ ကလေးများကိုယ်တိုင် အချက်အလက်စုဆောင်းပြီး ရေးသားတင်သွင်းနိုင်ခဲ့တဲ့ ရှားရှားပါးပါး အစီရင်ခံစာတစောင် ဖြစ်ခဲ့ပါတယ်။

စည်းရုံးလှုံ့ဆော်မှု လုပ်မယ်ဆိုရင် ဘယ်အကြောင်းအရာကို လုပ်ဆောင်မလဲဆိုတာ စဉ်းစားနိုင်ဖို့အတွက် ရပ်ရွာအခြေအနေကို ဆန်းစစ်ရပါတယ်။ ဒီလိုဆန်းစစ်ရာမှာ ကြုံတွေ့ရသောအခက်အခဲ တွေလဲ ရှိတတ်ပါတယ်၊ လူထုတွေကြားထဲဆင်းပြီး အချက်အလက်တွေ၊ အဖြစ်အပျက်တွေကို ကောက်ယူဆန်းစစ်တဲ့အခါမှာ ကြုံရတဲ့အခက်အခဲကတော့ လူထုတွေက အဖြစ်မှန်တွေကိုပြောကြားဖို့ ကြောက်ရွံ့နေတာ၊ တချို့က ပြောချင်ပေမဲ့ တိကျရှင်းလင်းစွာမပြောတတ်တာ စတဲ့အခက်အခဲတွေပါဘဲ။ ဒီလိုဖြစ်နေတဲ့ ပြည်သူလူထုကို အပြစ်တင်လို့မရပါဘူး။ နှစ်ပေါင်းများစွာ ဖိနှိပ်မှု အောက်မှာ နေထိုင်လာခဲ့တဲ့ ပြည်သူ တွေအနေနဲ့ အခုလို ကြောက်စိတ်ဖုံး လွှမ်းနေတာ အဆိုးမဆိုသာပါဘူး။ မေးမယ်မြန်း မယ်ဆိုရင်ဘာများအန္တရာယ်ဖြစ်မလဲဆိုတဲ့အတွေးမျိုး ပေါ်လာတတ်ပါတယ်။ ဒါကြောင့် မေးမြန်းမဲ့သူတွေဟာ သတင်းအချက်အလက်ရရှိရေးသက်သက်ဘာမဟုတ်ဘဲ သတင်းအချက်အလက်တွေကို ပြောပြလာအောင် ဘယ်လိုနည်းနဲ့ မေးမြန်းမလဲဆိုတဲ့ စွမ်းရည်ရှိဖို့လိုအပ်ပါတယ်။ မေးတခွန်း၊ ဖြေတခွန်းပုံစံ မဖြစ်ဘဲ မေးခံရတဲ့သူတွေက စိတ်ဝင်စားတက်ကြွစွာနဲ့ ပူးပေါင်းပါဝင်လာဖို့အတွက် မေးမြန်းသူရဲ့အမူအယာ၊ မေးခွန်းမေးတဲ့ပုံစံတွေက အရေးကြီးပါတယ်။



အလုပ်ကိုတန်ဖိုးထားလေးစားပြီး နွေးထွေး တဲ့ အပြုအမူ ဆက်ဆံမှုပုံစံမျိုးနဲ့ ဆက်ဆံတဲ့သူမျိုးကို ပိုမိုဖြေကြားလိုကြမှာ အမှန်ပါဘဲ။

နောက်ထပ် အခက်အခဲတခုကတော့ ဘာအကြောင်းအရာတွေကို သိရှိအောင် မေးမြန်းမလဲဆိုတာ မရှင်းလင်းကြတဲ့အတွက် ပြင်ဆင်တဲ့မေးခွန်းတွေက ရှင်းရှင်းလင်းလင်းဖြစ် မနေပါဘူး။ မေးခွန်းက ရှင်း

လင်းမှု မရှိတဲ့အတွက် ဖြေကြားသူမှာလဲ ဘယ်လိုဖြေရမှန်းမသိတဲ့အတွက် မျှော်မှန်းထားတဲ့အဖြေတွေ မရရှိလာတော့ပါဘူး။ ရရှိတဲ့အဖြေတွေ လွဲမှားသွားတယ်ဆိုရင် သုံးသပ်မှုကလဲ မှားယွင်းသွားမှာ အမှန်ပါဘဲ။ ဒါကြောင့် ရပ်ရွာရဲ့အခြေအနေကို လေ့လာဆန်းစစ်မဲ့သူတွေဟာ ကိုယ်ဘယ်အချက်တွေကို သိရှိလိုလဲဆိုတဲ့ အတွေးရှင်းဖို့လိုအပ်ပါတယ်။ အဲဒီလိုအတွေးရှင်းမှ မှန်ကန်တဲ့မေးခွန်းတွေကိုပြင်ဆင်ပြီး မေးခွန်း ရှင်းရှင်းလင်းလင်းနဲ့ ပေးနိုင်မှာဖြစ်တယ်။ ကိုယ်မေးတဲ့မေးခွန်းက ရှင်းလင်းပါမှလဲ ဖြေကြားတဲ့သူက ရှင်းရှင်းလင်းလင်း နားလည်ပြီးမှန်ကန်တဲ့အဖြေတွေကို ပြောလာနိုင်မှာ ဖြစ်ပါတယ်။

## (၂) လှုံ့ဆော်မဲ့အကြောင်းအရာကို ဖော်ထုတ်ခြင်း (Identify the Advocacy Issue)

ရပ်ရွာတွေကြားမှာ အခြေအနေတွေကို ဆန်းစစ်လေ့လာပြီးတဲ့အခါမှာ အခြေအနေကို သုံးသပ်တဲ့အဆင့်ကို ရောက်လာပါပြီ။ ဘာပြဿနာတွေရှိနေလဲ။ ဒီပြဿနာတွေရဲ့ အကြောင်းရင်းတွေကဘာလဲ။ ဘာကြောင့်ဖြစ်တာလဲ။ ဘယ်သူတွေ ပါဝင်ပတ် သက်နေသလဲစတဲ့ အချက်တွေကို သေသေချာချာသုံးသပ်ရမှာဖြစ်ပါတယ်။

ပြဿနာကို ဆန်းစစ်တဲ့အခါမှာ အခက်ခဲဆုံးအပိုင်းကတော့ ပြဿနာရဲ့အကြောင်းရင်းကို ရှာဖွေဖော်ထုတ်တဲ့ အပိုင်းဖြစ်ပါတယ်။ တိုင်းတာနိုင်ပြီး တိကျနိုင်သလောက် တိကျတဲ့အကြောင်းရင်းတွေ ထွက်ပေါ်လာအောင် ကြိုးစားပါ။ ပြဿနာရဲ့အကြောင်းရင်းတွေကို သိပြီဆိုရင် ဘယ်လိုဖြေရှင်းမှုတွေရှိပြီလဲ ဘယ်လို ဖြေရှင်းမှုမျိုးကတော့ အောင်မြင်နိုင်လဲ စဉ်းစားပါ။

အများအားဖြင့် အခြေအနေတွေကို ဆန်းစစ်လေ့လာတဲ့အခါမှာ အကြောင်းအရာပြဿနာက ထင်သာမြင်သာပါတယ်။ နောက်ပြီးရင် ဒီပြဿနာရဲ့အကျိုးဆက်ကို ဆွေးနွေးနိုင်ကြပါတယ်။ ဥပမာ – ပြဿနာက လယ်သမားတွေ မြေသိမ်းခံရတဲ့ပြဿနာပေါ့။ အကျိုးဆက်တွေကတော့ ဆင်းရဲမွဲတေခြင်း၊ ဖမ်းဆီးခံရခြင်း၊ အခွင့်အရေးငြင်းပယ်ခံရခြင်းတို့ဖြစ်နိုင်ပါတယ်။ ဒီလိုအကြောင်းအရာနဲ့ အကျိုးဆက်တွေရဲ့ အကြောင်းရင်းကို ဖော်ထုတ်တဲ့အခါမှာ ကန့်သတ်ထားတဲ့ဥပဒေတွေ၊ အမိန့်တွေ ဒါမှမဟုတ်ရင်တရားဥပဒေကင်းမဲ့တာတွေနဲ့ ဆက်စပ်တာတွေကို တွေ့နိုင်ပါတယ်။ ဒီအကြောင်းရင်းကို မြင်သာအောင်ရှာဖွေနိုင်မှ ဘယ်အကြောင်းအရာကို ရွေးချယ်လုပ်ကိုင်မလဲဆိုတာကို စဉ်းစားနိုင်မှာဖြစ်ပါတယ်။

ရပ်ရွာအတွင်းမှာ အကြောင်းအရာပြဿနာတွေက များပြားလွန်းကြတတ်ပါတယ်။ ပညာရေး၊ ကျန်းမာရေး နိမ့်ကျတာကအစ အုပ်ချုပ်မှုတာဝန်ခံတွေရဲ့ အဂတိလိုက်စားတာကအလယ် လူငယ်တွေ မူးယစ်ဆေးဝါးသုံး စွဲတာကအဆုံး စသည်ဖြင့် အကြောင်းအရာရာအမျိုးမျိုးပေါ်ပေါက်လာမှာ သေချာပါတယ်။ ဒီလိုအမှုပေါင်းအားလုံးကို ကိုင်တွယ် ဖြေရှင်းဖို့က မလွယ်လှပါဘူး။ ရပ်ရွာလူထုမှာ ကြုံတွေနေရတဲ့ ပြဿနာအခက်အခဲတွေက မျိုးစုံရှိနိုင်ပါတယ်။

ဒီလိုအကြောင်းအရာအားလုံးကို ဖြေရှင်းလုပ်ကိုင်နိုင်ဖို့ မဖြစ်နိုင်တဲ့အတွက် အဓိထားကြည့်ရမှာက အကြောင်းရင်း

ဖြစ်ပါတယ်။ ဘယ်အကြောင်းရင်းကို ဖြေရှင်းနိုင်ရင် ပြဿနာတွေကို ဖြေရှင်းရာရောက်မလဲ။ အကြောင်းရင်းတခုကို ဖြေရှင်းလိုက်တဲ့အတွက် သက်ရောက်မှုဘယ်လောက်ရှိနိုင်လဲစတာတွေကို ထည့်သွင်းစဉ်းစားဖို့လိုပါပြီ။ ဖြစ်နေတဲ့အကြောင်းအရာရဲ့ အကြောင်းရင်းက ပေါ်လစီမရှိတာလား။ ပေါ်လစီကို အကောင်အထည်မဖော်တာလားဆိုတာမျိုး ရှင်းရှင်းလင်းလင်းသိလာရင် လုပ်ဆောင်ရမဲ့လုပ်ငန်းတွေကို ချမှတ်ပြင်ဆင်တဲ့အခါမှာ ပိုမိုလွယ်ကူပါ့လိမ့်မယ်။ ကလေးတွေကို ကာကွယ်ပေးတဲ့ဥပဒေ တစ်ခု ခိုင်ခိုင်မာမာမရှိလို့ ကလေးတွေအပေါ် အကြမ်းဖက်မှုတွေဖြစ်နေတာလား။ ဒါဆိုရင်တော့ ကလေးသူငယ် အခွင့်အရေးကို ကာကွယ်ပေးတဲ့ ဥပဒေတရပ် ခိုင်ခိုင်မာမာပေါ်ပေါက်လာဖို့ လှုံ့ဆော်ရမှာပါ။ ဒါမှမဟုတ်ဘဲ ဥပဒေက ရှိပြီးသားဖြစ်ပေမဲ့ မကျင့်သုံးကြတာဆိုရင်တော့ ဥပဒေကို ထိထိရောက်ရောက် ကျင့်သုံးလာဖို့အတွက် လုပ်ဆောင်ရ တော့မှာဖြစ်ပါတယ်။

ဒါကြောင့် ပြဿနာအကြောင်းအရာကို လုပ်ဆောင်ဖို့ ရွေးချယ်တဲ့အခါမှာ –

- ဖြစ်ရတဲ့အကြောင်းရင်းက ဖြေရှင်းနိုင်တဲ့ အကြောင်းရင်းဖြစ်သလား။
- ဒီအကြောင်းရင်းကို ဖြေရှင်းမယ်ဆိုရင် တကယ့်ပြဿနာကို ဖြေရှင်းနိုင်မလား၊
- ဒီပြဿနာက ရပ်ရွာလူထုအတွက် အရေးကြီးပြီး မြန်မြန်ဖြေရှင်းလို့ရနိုင်တဲ့ပြဿနာမျိုးလား။
- ဒီပြဿနာကို ဖြေရှင်းဖို့အတွက် ကိုယ့်မှာ ရင်းမြစ်တွေရှိပြီးလား၊ မရှိရင် ဘယ်လိုဖြည့်ဆည်းမလဲ။

စတဲ့အချက်တွေကို ထည့်သွင်းစဉ်းစားပြီး ရွေးချယ်ရမှာဖြစ်ပါတယ်။




## ဆွေးနွေးချက်

ဇရပ်ကုန်းရွာ အဖြစ်အပျက်ကို ပြန်ဖတ်ပါ။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

- ဇရပ်ကုန်းရွာသားတွေဟာ မြေယာတွေ သိမ်းခံရတဲ့စစချင်းမှာ အဖြစ်အပျက်တွေကို သုံးသပ်ကြပါသလား။
- ဘယ်အချိန်မှာ ပြဿနာကို သုံးသပ်မှုတွေ လုပ်ဆောင်ခဲ့တာတွေ့ရသလဲ။
- ပြဿနာတွေ ဘယ်နှစ်ခုလောက် ရင်ဆိုင်နေရတာကို တွေ့ပါသလဲ။
- ဘယ်လိုအကြောင်းရင်းတွေကြောင့် ဒီလို ပြဿနာတွေဖြစ်ရတယ်လို့ ထင်မြင်ပါလဲ။

## (၃) မျှော်မှန်းချက်၊ ရည်ရွယ်ချက်များကို ချမှတ်ခြင်း (Set Goal and Objectives)

ကိုယ်လုပ်ဆောင်မဲ့ အကြောင်းအရာကို ရွေးချယ်ပြီးရင်တော့ နောက်ထပ်လုပ်ရမဲ့အဆင့်ကတော့ မျှော်မှန်းချက်ပန်းတိုင် (Goal) နဲ့ ရည်ရွယ်ချက်များ (Objectives) ချမှတ်တာဖြစ်ပါတယ်။

မိမိလုပ်ဆောင်မဲ့အကြောင်းအရာကို ရွေးချယ်ယုံသက်သက်မဟုတ်ဘဲ ဒီအကြောင်းအရာနဲ့ ပတ်သက်လို့ ဘယ်လိုပြောင်းလဲမှုတွေကို ရရှိစေချင်လဲဆိုတာကို ချမှတ်ထားဖို့လိုပါတယ်။ ဒီလို ချမှတ်ထားမှသာ မိမိလုပ်ဆောင်နေတဲ့ အလုပ်တွေဟာ မူလမျှော်မှန်းချက်၊ ရည်ရွယ်ချက်တွေရရှိအောင် သွားနေတာလား၊ လမ်းလွဲနေသလား ဆိုတာကို ထိန်းကြောင်း နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အားလုံးလုပ်ဆောင်ပြီးသွားတဲ့အခါမှာ ကိုယ်မျှော်မှန်းထားတဲ့အတိုင်း အောင်မြင်ရောက်ရှိ နိုင်သလားကိုလဲ တိုင်းတာ အကဲဖြတ်နိုင်မှာဖြစ်ပါတယ်။

မျှော်မှန်းချက်တွေကို ချမှတ်ဖို့အတွက် စဉ်းစားတဲ့နေရာမှာ ဘယ်လိုမျိုးအရာတွေ ဖြစ်လာရင် မိမိလုပ်ဆောင်မယ့် အကြောင်းအရာပြဿနာကို ပြောင်းလဲပစ်နိုင်မလဲဆိုတာ စဉ်းစားဖို့လိုပါတယ်။ ဒီလိုစဉ်းစားလို့ ရလာတဲ့အဖြေက မိမိလုပ်ဆောင်မယ့် စည်းရုံးလှုံ့ဆော်ရေးရဲ့ မျှော်မှန်းချက်ပန်းတိုင်ဘဲ ဖြစ်ပါတယ်။ အကောင်းဆုံးကတော့ မိမိရည်မှန်းတဲ့ မျှော်မှန်းချက်ပန်းတိုင်ကို တခုထဲ ရွေးချယ်တာ အကောင်းဆုံးပါဘဲ။ ပန်းတိုင်ကို ချမှတ်ရာမှာ မဖြစ်နိုင်လွန်းတဲ့ စိတ်ကူးယဉ်ဆန်လွန်းတဲ့ ပန်းတိုင်မျိုး မချမိပါစေနဲ့။ "တစ်နှစ်အတွက် ကျားမအခြေပြုသတ်မှတ်ချက်အစွဲများ လုံးဝကင်းစင်ပပျောက်ရန်" ဆိုတဲ့ ပန်းတိုင်မျိုးက ယုတ္တိမရှိသလို ဖြစ်နိုင်မှာလဲ မဟုတ်ပါဘူး။

မျှော်မှန်းချက် ပန်းတိုင်ကို သေသေချာချာသိရှိပြီးတဲ့အခါမှာတော့ ဒီရေရှည် မျှော်မှန်းချက်ပန်းတိုင်ကို ရောက်ဖို့အတွက် ဘယ်လိုအဆင့်တွေကို ဖြတ်သန်းရမလဲဆိုတာကို ထပ်ပြီးစဉ်းစားရပြန်ပါတယ်။ ဒါတွေကို ရေတိုပန်းတိုင်တွေအဖြစ် သတ်မှတ်နိုင်သလို ရည်ရွယ်ချက်များလို့လဲ ခေါ်ဝေါ်ပါတယ်။ ရေတိုပန်းတိုင်ဆိုတာက မျှော်မှန်းချက် ပန်းတိုင်ကိုရောက်ဖို့ တဆင့်ပြီး တဆင့်သွားရတဲ့ ပန်းတိုင်မျိုးဖြစ်ရပါမယ်။ ရေတိုပန်းတိုင် သို့မဟုတ် ရည်ရွယ်ချက်တွေမှာ ရရှိအောင်မြင်နိုင်မဲ့ အချိန်သတ်မှတ်ချက်တွေကို ပါ ဖော်ပြလေ့ရှိပါတယ်။

ဥပမာပြောရရင် မန္တလေးကို ကားနဲ့ ခရီးသွားဖို့ ပြင်ဆင်ထားပါတယ်။ မနက် (၇) နာရီ မန္တလေးကို ကားဝင်ရဖို့အတွက် စီစဉ်ထားတယ်ဆိုရင် ဒါက မျှော်မှန်းချက်ပန်းတိုင်ဖြစ်ပါတယ်။ ဒီမျှော်မှန်းချက်ပန်းတိုင်အတွက် ရန်ကုန်ကနေ ည (၁၀) နာရီ ကားထွက်ရန်၊ ၁၀၁ မိုင် ယဉ်ရပ်နားစခန်းကို ည (၁) နာရီတွင်ရောက်ရန်၊ တံတားဦးဂိတ်သို့ မနက် (၆) နာရီတွင် ခေတ္တရပ်နားရန် စသည်ဖြင့် သတ်မှတ်ခြင်းတွေကတော့ ရေတိုပန်းတိုင် သို့မဟုတ် ရည်ရွယ်ချက်ဖြစ်ပါတယ်။ ကိုယ်မျှော်မှန်းထားတာ မန္တလေး ဖြစ်ပြီးတော့ ရေတိုပန်းတိုင် ရည်ရွယ်ချက်တွေက မော်လမြိုင်ဖက် ခေါင်းလှည့်နေလို့ မရပါဘူး။ ထားဝယ်မှာ တထောက် နားရန်ဖြစ်လို့လဲ မရပါဘူး။ ဒါကြောင့် မျှော်မှန်းချက်ပန်းတိုင်နဲ့ ရေတိုပန်းတိုင်ရည်ရွယ်ချက်တွေက ဆက်စပ်မှုရှိကို ရှိရပါမယ်။

ရေတိုပန်းတိုင်တဆင့်ကိုရောက်ရှိတာဟာ မျှော်မှန်းချက်ပန်းတိုင်ကို ရောက်ဖို့ တဆင့်နီးစပ်လာတဲ့ အခြေအနေမျိုးဖြစ်ရ

ပါလိမ့်မယ်။ ဒါမှမဟုတ်ရင် မျှော်မှန်းချက်ကတခြား ရည်ရွယ်ချက်ကတဖုံ ကွဲလွဲပြီး အကျိုးမရှိဖြစ်တတ်ပါတယ်။ ဒါကြောင့် ရည်ရွယ်ချက်တခုကို ရောက်မရောက် အကဲဖြတ်တတ်ဖို့ လိုအပ်သလို ရောက်ပြီးရင်လဲ ရှေ့ဆက်ရမဲ့ခရီးအတွက် လမ်းကြောင်း မှန်မှန်ဖြစ်ရဲ့လား။ သတ်မှတ်ထားတဲ့အချိန်အတိုင်း မျှော်မှန်းချက်ပန်းတိုင်ကို ရောက်နိုင်ရဲ့လား စတဲ့အချက်တွေကို သုံးသပ်ဖို့ လို အပ်လှပါတယ်။

မျှော်မှန်းချက်တွေ၊ ရည်ရွယ်ချက်တွေကို ချမှတ်တဲ့အခါမှာ SMART ဖြစ်ရမယ်လို့ ညွှန်းလေ့ရှိပါတယ်။ SMART ဆိုတာကတော့




မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်တွေကို ချမှတ်တဲ့အခါမှာ အများဆုံးကြုံတွေ့ရတဲ့အရာကတော့ ရည်မှန်းချက်တွေက အရမ်းကို ကြီးမားတတ်တဲ့အရာပါ။ လူတွေဟာ မျှော်လင့်ချက်ရှိထားတာကောင်းပါတယ်။ ကိုယ့်လုပ်နေတာကို အများကအထင် ကြီးလေးစားမှုရှိတာလဲ ကောင်းပါတယ်။ ဒါပေမဲ့ မျှော်မှန်းချက်၊ ရည်ရွယ်ချက်တွေက သတ်မှတ်ထားတဲ့ အချိန်ကာလအတွင်း လက်တွေ့ကျကျအောင်မြင်နိုင်ရဲ့လား၊ အများက လေးစားအောင်ရေးသားထားတဲ့ မျှော်မှန်းချက်၊ ရည်ရွယ်ချက်တွေကရော ဖြစ် နိုင်ရဲ့လား၊ တိကျရဲ့လားဆိုတာကို သေသေချာချာ စဉ်းစားဖို့လိုပါတယ်။ ဒီမျှော်မှန်းချက်နဲ့ ရည်ရွယ်ချက်တွေကို တိတိကျကျ မချနိုင်ဘူးဆိုရင် ကိုယ်လုပ်နေတဲ့လုပ်ငန်းကို လမ်းလွှဲမလွဲ ဆန်းစစ်ဖို့ အောင်မြင်မှု ရှိမရှိ အကဲဖြတ်ဖို့ မလွယ်လှပါဘူး။

မျှော်မှန်းချက်နဲ့ပတ်သက်ပြီး ဥပမာပေးပါရစေ။

*မြန်မာနိုင်ငံမှာရှိတဲ့ ဥပဒေနှင့်ပတ်သက်နေတဲ့ ကလေးသူငယ်များအားလုံးကို လုံလောက်စွာ ကာကွယ်ပေးရန်နှင့် ထို ကလေးသူငယ်များအပေါ် မည်သည့်အကြမ်းဖက်မှုမျိုးမှ မရှိစေရန်*

*အထက်ပါ မျှော်မှန်းချက်ကို လေ့လာကြည့်မယ်ဆိုရင် ရည်ရွယ်ချက်ကောင်းတာတွေ့ရပါတယ်။ ဒီမျှော်မှန်းချက် အတွက် ရည်ရွယ်ချက်ကို ရေးကြည့်ရအောင်။*

*ရာဇဝတ်မှုလုပ်ထုံးလုပ်နည်းဆိုင်ရာဥပဒေမှာ ဥပဒေနှင့်ပတ်သက်နေသည့် ကလေးများအားကာကွယ်ပေးခြင်းနှင့် သက်ဆိုင်သည့် ဥပဒေစနစ်အတွင်းရှိကလေးများအား ကာကွယ်ပေးခြင်းအခန်းသစ်တခုပါဝင်သော ပြုပြင်ပြောင်း လဲမှုရှိလာစေရန်၊*

ဒီလိုပြောင်းလဲရေးသားမယ်ဆိုရင် ပိုမိုတိကျတဲ့ပြောင်းလဲမှုကို ဖော်ပြရေးသားထားတာ တွေ့နိုင်ပါတယ်။ ဥပဒေနဲ့ပတ်သက်နေတဲ့ကလေးတွေနဲ့သက်ဆိုင်တဲ့ ကာကွယ်ခြင်း အခန်းသစ်တခုဟာ ဥပဒေပြောင်းလဲတဲ့အခါ ပါလာဖို့ တိတိကျကျဖော်ပြထားပါတယ်။ ဒီလိုဖော်ပြထားတဲ့အတွက် မျှော်မှန်းထားတဲ့အတိုင်း ဖြစ်လာဖြစ်မလာကို တိုင်းတာနိုင်ပါတယ်။ ဖြစ်နိုင်မဖြစ်နိုင်ကို လဲ တွက်ဆနိုင်ပါတယ်။

ဒါကြောင့်မို့လို့ ရည်ရွယ်ချက်တွေကို ရေးသားတဲ့အခါမှာ –

- ❖ မိမိမြင်တွေ့လိုတဲ့ ပေါ်လစီပြုပြင်ပြောင်းလဲမှု သို့မဟုတ် ဆုံးဖြတ်ချက်ကို ထင်ထင်ရှားရှား တိတိကျကျဖော်ပြပေးပါ။
- ❖ ဒီရည်ရွယ်ချက်ကို လုပ်ဆောင်နိုင်မဲ့သူတွေသူက ဘယ်သူတွေဖြစ်မလဲဆိုတာ လေ့လာပါ။
- ❖ ဘယ်အချိန်မှာ ဒီပြောင်းလဲမှုကို မြင်မယ်လို့ မျှော်လင့်သလဲဆိုတာ တွက်ဆပါ။

နောက်ထပ် မျှော်မှန်းချက်တခုကို လေ့လာကြည့်ရအောင်။

## မျှော်မှန်းချက်

ကလေးများအားအပေါ်ရိုက်နက်အပြစ်ပေးခြင်းနှင့် ဂုဏ်သိက္ခာထိခိုက်စေနိုင်မည့် အပြစ်ပေးမှုများအား နေအိမ်၊ ကျောင်း နှင့် အခြားနေရာများတွင် မကျူးလွန်ရန်

## ရည်ရွယ်ချက်

- ◆ ၂၀၂၀ ပြည့်နှစ်မတိုင်ခင်အတွင်း နေအိမ်၊ ကျောင်းနှင့် အခြားနေရာများတွင် ကလေးများအား ရုပ်ပိုင်းနှင့် ဂုဏ်သိက္ခာထိခိုက် စေသည့် အပြစ်ပေးမှုအား တားဆီးသည့် ဥပဒေတရပ်ကို လွှတ်တော်က ပြဌာန်းလာစေရန်၊
- ◆ ၂၀၂၁ ခုနှစ်မှစတင်၍ ပညာရေးဝန်ကြီးဌာနသည် ကျောင်းများတွင် အပြုသဘောဆောင်သည့်စည်းကမ်းဆိုင်ရာ လမ်းညွှန်ချက်ကို ရေးဆွဲအကောင်အထည်လာစေရန်၊

ဒီလိုရေးသားမှုဟာ ပိုမိုတိကျတဲ့ ပြောင်းလဲမှုကို ဖော်ပြထားရာရောက်ပါတယ်။ တိကျရတဲ့အတွက် ရရှိတဲ့ အကျိုးဆက် ကောင်းမကောင်းကို တိုင်းတာရတာလွယ်ပါတယ်။ အိမ်တွေမှာ ကလေးတွေကိုရိုက်တာပျောက်မပျောက်ကို တိုင်းတာရတာ ခက်ကောင်းခက်ပေမဲ့ ဒီဥပဒေကို အတည်ပြုနိုင်ခြင်းရှိမရှိက တိုင်းတာရတာလွယ်ပါတယ်။ မျှော်မှန်းထားတဲ့နှစ်ကာလကိုပါ ဖော်ပြ

ထားတာကြောင့် လက်တွေ့ကျမကျ၊ ဖြစ်နိုင်မဖြစ်နိုင်ကို တွက်ဆနိုင်ပါတယ်။

### ဆွေးနွေးချက်




- ဇရပ်ကုန်းရွာ အဖြစ်အပျက်ကို ပြန်ဖတ်ပါ။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။
- ဇရပ်ကုန်းရွာသားတွေက ဘယ်မျှော်မှန်းချက်တွေ ချမှတ်ခဲ့တယ်လို့ ထင်သလဲ။ ဘယ်လို ရည်ရွယ်ချက်တွေကို ချမှတ်ခဲ့ တယ်လို့ ထင်သလဲ။ ချရေးကြည့်ပါ။
- ကိုယ်ရေးထားတဲ့ မျှော်မှန်းချက်တွေ၊ ရည်ရွယ်ချက်တွေဟာ SMART ဖြစ်မဖြစ် ပြန်လည်ဆန်းစစ်ကြည့်ပါ။
- တိကျပြီး အသေးစိတ်ဖြစ်ရဲ့လား။
- ဘယ်လိုနည်းနဲ့ တိုင်းတာနိုင်မလဲ။
- ရရှိအောင်မြင်နိုင်ချေရော ရှိရဲ့လား။ ဘာကြောင့်လဲ။
- လက်တွေ့နဲ့ရော ကိုက်ညီရဲ့လား၊ ဘာကြောင့်လဲ။
- အချိန်အတိုင်းအတာကို သတ်မှတ်ထားလား။

## (၄) ပေါ်လစီနဲ့ ပါဝါတွေကို သုံးသပ်ခြင်း

မျှော်မှန်းချက်တွေနဲ့ ရည်ရွယ်ချက် သို့မဟုတ် ရေရှည်ပန်းတိုင်နဲ့ ရေတိုပန်းတိုင်တွေကို ချမှတ်ပြင်ဆင်ပြီးပြီဆိုရင် နောက်တဆင့် လုပ်ဆောင်ရမှာတော့ ကိုယ်လုပ်ဆောင်မဲ့အကြောင်းအရာနဲ့ပတ်သက်တဲ့ ပေါ်လစီတွေနဲ့ ပါဝါတွေကို သုံးသပ်တာလုပ်ရပါမယ်။ အထူးသဖြင့်ကိုယ်လုပ်ဆောင်မဲ့အကြောင်းအရာက ပေါ်လစီစည်းရုံးလှုံ့ဆော်မှုမျိုး (Policy Advocacy) ဖြစ်တယ်ဆိုရင် ပေါ်လစီလုပ်ထုံးလုပ်နည်းတွေ၊ အဆင့်တွေကို သေသေချာချာလေ့လာရပါမယ်။ ကိုယ်လုပ်ဆောင်မဲ့ပေါ်လစီက ဘယ်လိုမျိုးအခြေအနေမျိုးရှိနေသလဲ။ ဥပဒေနဲ့ ပတ်သက်ပြီး လုပ်မယ်ဆိုရင်လဲ ကိုယ်လုပ်ဆောင်မဲ့ဥပဒေဟာ ရှိပြီးသားလား၊ အသစ်ရေးဆိုဖို့ တောင်း ဆိုမှာလား။ ဒါမမဟုတ်ရင် ပြောင်းဖို့လုပ်မှာလားဆိုတာ သေသေချာချာလေ့လာရပါမယ်။ ဘာကြောင့်လဲဆိုရင် မြန်မာနိုင်ငံမှာဥပဒေကိုအသစ်ရေးဆွဲတဲ့အခါ၊ ပြောင်းလဲတဲ့အခါမှာ၊ ဖျက်သိမ်းတဲ့အခါ လုပ်ဆောင်ရတဲ့အဆင့်ဆင့်က တခုနဲ့တခု မတူညီပါဘူး။ ဥပဒေအသစ်ကို တင်နိုင်သူတွေ၊ ပြင်နိုင်သူတွေရဲ့ အခန်းကဏ္ဍတွေကလဲ မတူတတ်ပါဘူး။ ဒါကြောင့် ပေါ်လစီတွေနဲ့ ပတ်သက်ပြီး လုပ်ဆောင်တာဖြစ်ဖြစ် ဥပဒေနဲ့ ပတ်သက်ပြီးလုပ်ဆောင်တာဘဲဖြစ်ဖြစ် ပေါ်လစီပြုပုံ၊ ဥပဒေပြုပုံတွေကို လေ့လာထားဖို့လိုအပ် လှပါတယ်။




လေ့လာတဲ့အခါမှာ ပေါ်လစီတွေ ဥပဒေတွေကို ဘယ်လိုပုံစံအဆင့်တွေနဲ့ အသစ်ရေးဆွဲလေ့ရှိလဲ၊ ပြောင်းလဲရှိလဲ၊ ဖျက်သိမ်းလေ့ရှိတယ်ဆိုတာကို သိထားရပါမယ်။ မြန်မာနိုင်ငံရဲ့ ဥပဒေပြုပုံ၊ ပြင်ဆင်ပုံ၊ ဖျက်သိမ်းပုံတွေကို ရှင်းရှင်းလင်းလင်းမရှိတာ တော်တော်အခက်အခဲဖြစ်စေပါတယ်။ တရားဥပဒေပြုရေးမဏ္ဍိုင်က လွှတ်တော်ရဲ့ တာဝန်ဖြစ်တယ်လို့ ယေဘုယျပြောနိုင်ပေမဲ့ တကယ်တမ်းကျတော့ အဆင့်တွေအများကြီးရှိပါတယ်။ ပေါ်လစီစည်းရုံးလှုံ့ဆော်မှုကို လုပ်ဆောင်မဲ့သူတွေက ဒီလိုရှုတ်ထွေးပြီး အဆင့်များလှတဲ့ ဥပဒေပြုမှုအဆင့်တွေကို ကောင်းစွာသဘောပေါက်ထားပြီး ကိုယ်တောင်းဆိုမဲ့ ပေါ်လစီ သို့မဟုတ် ဥပဒေဟာ ဘယ်အဆင့်မှာရောက်ရှိနေသလဲဆိုတာ မြင်တတ်ဖို့လိုပါတယ်။ ဒါမှသာ အဲဒီအဆင့်မှာ ပါဝင်ပတ်သက်နေတဲ့သူတွေရဲ့ အခန်းကဏ္ဍနဲ့ ပါဝါတွေကို ထပ်စဉ်းစားနိုင်မှာဖြစ်ပါတယ်။

ပါဝါတွေကို ဆန်းစစ်တယ်ဆိုတာ တခြားမဟုတ်ပါဘူး။ ပေါ်လစီတွေ ဥပဒေတွေကို အသစ်ရေးထားတာဖြစ်ဖြစ် ပြင်ဆင်ပြောင်းလဲတာဘဲဖြစ်ဖြစ် လုပ်ငန်းစဉ်မှာ ဘယ်သူတွေက အာဏာပါဝါတွေရှိသလဲဆိုတာ ဆန်းစစ်တာပါ။ ဥပမာ - ဘယ်သူတွေက ဥပဒေသစ်ကို တင်သွင်းနိုင်ခွင့်ရှိသလဲ။ လွှတ်တော်ထဲတင်သွင်းမဲ့ ဥပဒေကြမ်းကို ဘယ်သူတွေက စစစချင်းသုံးသပ်ပြီး ဆက်လက်တင်သွင်းခွင့် မတင်သွင်းခွင့်ကို ပြုနိုင်သလဲ။ လွှတ်တော်မှာ ဥပဒေနဲ့ပတ်သက်ပြီး ဆွေးနွေးကြ မယ်ဆိုရင် ဘယ်ပါတီက အင်အားပိုကောင်းနိုင်မလဲစတဲ့အချက်တွေကို လေ့လာတာဖြစ်ပါတယ်။ ဥပမာပြောရရင် လွှတ်တော်ထဲမှာဆိုရင် ဥပဒေကြမ်းကော်မတီက ဥပဒေသစ်နဲ့ပတ်သက်လာရင် လုပ်ပိုင်ခွင့်ပိုများပါတယ်။ လွှတ်တော်ကိုယ် စားလှယ်ချင်း အတူတူဖြစ်တာတောင်မှ တချို့လွှတ်တော်ကိုယ်စားလှယ်တွေက ဩဇာလွှမ်းမိုးမှုပိုများ တတ်တာရှိပါတယ်။ ဒါမျိုးတွေကို တွက်ဆတာ ထည့်သွင်း စဉ်းစားတာတွေဟာ ပါဝါကို ဆန်းစစ်တာဘဲ ဖြစ်ပါတယ်။

တခါတလေ ကိုယ်လုပ်ဆောင်မဲ့အကြောင်းအရာနဲ့ဥပဒေတွေနဲ့ ပတ်သက်ပြီး စည်းရုံးလှုံ့ဆော်မယ်ဆိုရင် နိုင်ငံရေးရာသီဥတုကိုလဲ လေ့လာရပါတယ်။ ဒီဥပဒေကို ဒီအချိန်ကာလမှာ စည်းရုံးလှုံ့ဆော်မယ်ဆိုရင် အောင်မြင်နိုင် မလား။ ဒါမှမဟုတ် ဒီလိုအချိန်မှာ တင်ရင် ဖြစ်နိုင်ပါ့မလားဆိုတာကိုလဲ လေ့လာရပါတယ်။ ဥပမာ – ဖွဲ့စည်းပုံ အခြေခံဥပဒေပြုပြင်ပြောင်းလဲရေးကို တနိုင်ငံလုံးလဲ စိတ်ဝင်စားနေကြတယ်။ လွှတ်တော်ထဲမှာလဲ ဒီကိစ္စကိုဘဲ ကိုယ်စားလှယ်တွေက အာရုံစိုက်နေတဲ့ အခြေအနေမျိုးဆိုရင် ဥပဒေဆွေးနွေးဖို့ ရာသီဥတုမကောင်းသေးဘူးလို့ တွက်ဆလို့ရပါတယ်။ ဘာလို့လဲဆိုတော့ ဒီအချိန်မှာ ကိုယ်စည်းရုံးလှုံ့ဆော်မဲ့ဥပဒေကို ဘယ်သူမှ စိတ်ဝင်စားနိုင်မှာ မဟုတ်လို့ဖြစ်ပါ တယ်။

ပါဝါဆန်းစစ်မှုလုပ်မယ်ဆိုရင် လုပ်ဆောင်မဲ့ကိုယ့်အင်အားစုရဲ့ ပါဝါကိုလဲ ဆန်းစစ်ရင်ကောင်းပါတယ်။ လုပ်ဆောင်မဲ့ကိုယ့်ရဲ့အင်အားစုတွေမှာ တောင်းဆိုနိုင်တဲ့ တောင်းဆိုပိုင်ခွင့်ရှိသလား၊ ဥပဒေရေးရာ လေ့လာမှု ကျွမ်းကျင်မှုရှိသလားဆိုတဲ့အပြင် လုပ်ဆောင်မယ်ဆိုတဲ့ ဖွဲ့၊ ဆုံးဖြတ်ချက်ခိုင်မာမှုတွေရှိသလားဆိုတာတွေပါ တွက်ဆကြည့်ထားသင့်ပါတယ်။ ဒီလိုတွက်ဆမှုလုပ်ထားရင် ကိုယ့်အင်အားစုရဲ့ အားကောင်းချက်ကို ဘယ်လို ကောင်းကောင်းအသုံးချမလဲဆိုတာ တွေ့ထားနိုင်ပါတယ်။ ကိုယ့်ရဲ့အားနည်းချက်ကို သိထားခြင်းဖြင့် ဘာတွေကို သတိထားလုပ်ကိုင်ရမလဲဆိုတာကို သတိပြု သဘောပေါက်နိုင် မှာဖြစ်ပါတယ်။




## ဆွေးနွေးချက်

ဇရပ်ကုန်းရွာ အဖြစ်အပျက်ကို ပြန်ဖတ်ပါ။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

- ရွာသားတွေက ပေါ်လစီ မူဝါဒလုပ်ငန်းစဉ်တွေကို ဘယ်လို သုံးသပ်ခဲ့ကြပါသလဲ။
- ဘယ်နေရာတွေကို ဦးတည်စည်းရုံးလှုံ့ဆော်ဖို့ ဆုံးဖြတ်ခဲ့ကြသလဲ။
- ဘာကြောင့်ဒီလို ဆုံးဖြတ်ခဲ့ကြတာလဲ။
- ရွာသားတွေဖက်မှာ ဘယ်လို ပါဝါတွေရှိသလဲ။

ဥပဒေပြဋ္ဌာန်းတဲ့လုပ်ငန်းစဉ်ကို သဘောပေါက် လေ့လာနိုင်ဖို့အတွက် မြန်မာနိုင်ငံမှာ ဥပဒေသစ်တခုကို ပြဋ္ဌာန်းတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို အောက်မှာ ဖော်ပြထားပါတယ်။

# လက်တွေ့အဖြစ်အပျက်



မြန်မာနိုင်ငံမှာ ဥပဒေကြမ်းတွေကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်ကဖြစ်စေ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတွေဖြစ်တဲ့ ဝန်ကြီးဌာနကဖြစ်စေ လွှတ်တော်များက ဖွဲ့စည်းထားတဲ့ ကော်မတီ ကော်မရှင်တွေက တင်သွင်းရပါတယ်။ ဒီလိုမူကြမ်းဆွဲနေတဲ့အချိန်မှာ ဥပဒေမှာ ပါတွေပါသလဲဆိုတာ အများသိအောင် ထုတ်ပြန်လေ့မရှိပါဘူး။ ဒါပေမဲ့ ဥပဒေမှာ ဘယ်အချက်တွေပါလဲဆိုတာကို အပြည့်အစုံဖော်ပြတာကတော့ လွှတ်တော်မှာ ဥပဒေကြမ်းကို ဆွေးနွေးဖို့ လက်ခံအတည်ပြု လိုက်တဲ့ အချိန်ကျမှ အများပြည်သူသိအောင် ထုတ်ပြန်လေ့ရှိပါတယ်။ ပြည်သူလူထုရဲ့ အကြံပေးချက်ကို တရားဝင်တောင်း လေ့ရှိပါတယ်။ ဒါပေမဲ့ အဲဒီအချိန်ကျမှသိရင် အချိန်က နီးကပ်လွန်းတဲ့အတွက် စည်းရုံးလှုံ့ဆော်မှုကို လုပ်ရတာ သိပ်အဆင်မပြေပါဘူး။ ဒါကြောင့် မူကြမ်းရေးဆွဲတဲ့အချိန်မှာ ကိုယ့်အနေနဲ့ ပါဝင်စေချင်တဲ့အချက်တွေကို စတင်လှုံ့ဆော်ဖို့ လိုအပ်ပါတယ်။

ဒီနေရာမှာ ဥပဒေရေးဆွဲရေးလုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို သဘောပေါက်ဖို့ အရေးကြီးပါတယ်။ မိမိလုပ်ဆောင်နေတဲ့ အကြောင်းအရာနဲ့ပတ်သက်တဲ့ ဥပဒေမူကြမ်းတခုကို ရေးဆွဲဖို့ ပြင်ဆင်နေပြီရင် လွှတ်တော်ကိုယ်စားလှယ်က စရေးမှာလား၊ လွှတ်တော်ကော်မတီ ကော်မရှင်က စရေးမှာလား၊ ဝန်ကြီးဌာနက စရေးဖို့ ပြင်နေတာလားကို လေ့လာရပါတယ်။ မြန်မာနိုင်ငံရဲ့ ဥပဒေအတော်များများက နိုင်ငံတော်အဆင့်အဖွဲ့အစည်းတွေဖြစ်တဲ့ ဝန်ကြီးဌာနကစပြီး မူကြမ်းဆွဲတာများပါတယ်။ ငြိမ်းစုစီဥပဒေဆိုရင် ပြည်ထဲရေး၊ အသင်းအဖွဲ့များမှတ်ပုံတင် ဥပဒေဆိုရင် ပြည်ထဲရေး၊ အမျိုးသမီး၊ ကလေး၊ မသန်စွမ်း၊ လူငယ်နဲ့ ပတ်သက်တဲ့ မူဝါဒတွေ ဥပဒေတွေကတော့ လူကယ်ပြန်က အများဆုံးမူကြမ်းဆွဲပါမယ်။ မူကြမ်း ဆွဲနေဆဲအဆင့်ဖြစ်တဲ့အတွက် ဥပဒေမူကြမ်းကို အများသူငါသိအောင် ထုတ်ပြန်တာတော့ လုပ်လို့မရပါဘူး။ အရပ်ဖက်လူထုအဖွဲ့အစည်းတွေအနေနဲ့ ဒီဥပဒေကြမ်းမှာ ဘယ်အရာတွေ မဖြစ်မနေပါသင့်တယ်၊ ဘယ်အချက်တွေကိုတော့




ရှောင်ရှားသင့်တယ်ဆိုတဲ့အပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ရှိသူနဲ့ စာလုံးကိုမကြည့်ဘဲ မူဝါဒအရ စတင်ဆွေးနွေး လို့ရပါပြီ။ ဒီလိုအချိန်မျိုးမှာ လွှတ်တော်မှာ ဆွေးနွေးခွင့်တောင်းရင် ဥပဒေကြမ်းကလွှတ်တော်ကို မရောက်သေးဘူးဆို တဲ့အချက်နဲ့ တွေ့ဆုံဆွေးနွေးတာကို ပယ်ချမှု သေချာပါတယ်၊

မြန်မာပြည်မှာ ပေါ်ပေါက်ခဲ့တဲ့ ဥပဒေသစ်တွေထဲမှာ မူကြမ်းစရေးဆွဲတဲ့အချိန်ကထဲက အရပ်ဖက်လူထုအဖွဲ့ အစည်း တွေနဲ့ တိုင်ပင်ညှိနှိုင်းမှုတွေလုပ်ပြီး အကြံဉာဏ်တွေ တင်ပြနိုင်တဲ့ ဥပဒေတွေကို ပြပါဆိုရင် ပြည်ထဲရေး ဝန်ကြီးဌာနက ရေးဆွဲခဲ့တဲ့အသင်း အဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနဲ့ လူကယ်ပြန်ဝန်ကြီးဌာနက ရေးဆွဲခဲ့တဲ့ ကလေးသူငယ် အခွင့်အရေး ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေကြမ်းတွေ ရေးဆွဲဖို့ပြင်ဆင်နေပြီးလို့ ကြားကတည်းက အရပ်ဖက်လူထုအဖွဲ့အစည်း တွေဟာ သက်ဆိုင်ရာ ဝန်ကြီးဌာနက ဥပဒေရေးဆွဲရေးတာဝန်ရှိသူတွေကို နည်းအမျိုးမျိုးနဲ့ ချဉ်းကပ်ပါတယ်။ ဥပဒေ ကြမ်းမှာ ဘာတွေပါဝင်သင့်ကြောင်းကို အကြံပြုတိုက်တွန်းပါတယ်။ လွှတ်တော်ထဲ ဆွေးနွေးဖို့ မရောက်မချင်း ဝန်ကြီးဌာန တွေနဲ့ တိုင်ပင်ဆွေးနွေးမှုတွေကို အကြိမ်ကြိမ် လုပ်ဆောင်ခဲ့ပါတယ်။ လွှတ်တော်ထဲရောက်တဲ့အခါမှာ ဥပဒေမူကြမ်းမှာ အရပ်ဖက်လူထုအဖွဲ့အစည်းတွေ တိုက်တွန်းတဲ့အချက် တော်တော်များများပါလာတာကို တွေ့ရပါတယ်။ ကျန်နေ သေးတဲ့ အချက်တွေကို ဆက်လက်လှုံ့ဆော်ဖို့ကိုတော့ လွှတ်တော်ထဲ ဥပဒေကြမ်းအဖြစ် ဆွေးနွေးတဲ့အခါမှာ ကိုယ်စားလှယ် တွေက ဆွေးနွေးလာအောင် ထပ်လှုံ့ဆော်ရပါတယ်။ ဒါကတော့ ဥပဒေပြု လုပ်ထုံးလုပ်နည်းကို သိရှိလို့ အကျိုးရှိရှိအသုံး ချနိုင်တာဖြစ်ပါတယ်။

## (၅) ပစ်မှတ်တွေနဲ့ ဩဇာရှိသူတွေကို ထုတ်ဖော်ခြင်း

Stakeholders လို့ ခေါ်ဝေါ်နေကြတဲ့ ပါဝင်ပတ်သက်သူများကို ထုတ်ဖော်ဆန်းစစ်တတ်ဖို့ကလဲ အရေးကြီးပါတယ်။ ပါဝင်ပတ်သက်သူများအားလုံးကို ဆိုလိုတာပါ။ ကိုယ်လုပ်မယ်လို့ ရွေးချယ်ထားတဲ့ စည်းရုံးလှုံ့ဆော်မှုပန်းတိုင်နဲ့ ဆက်စပ်နေတဲ့သူတွေလဲ ဖြစ်ပါတယ်။ အဖွဲ့အစည်းတွေလဲ ဖြစ်နိုင်ပါတယ်။ အစိုးရဌာနတွေလဲ ဖြစ်နိုင်ပါတယ်။ ဒီနေရာမှာ ဘက်အမျိုးမျိုးကလူတွေ ဖြစ်နိုင်ပါတယ်။ ကိုယ့်ကို အားပေးထောက်ခံမဲ့သူတွေလဲ ဖြစ်နိုင်သလို ကိုယ့်ကို ဆန့်ကျင်အတိုက်အခံ လုပ်မဲ့သူမျိုးတွေလဲ ဖြစ်ပါတယ်။ ဘယ်ပေါင်းစုံက ပါဝင်ပတ်သက်နေတဲ့သူတွေကို ထုတ်ဖော်တတ်ဖို့ လိုပါတယ်။ ဒါကြောင့် ပါဝင်ပတ်သက် သူတွေကို လေ့လာတဲ့အခါမှာ ကိုယ်လုပ်ဆောင်မဲ့လုပ်ငန်းတွေကြောင့် အကျိုးရှိတဲ့ပြောင်းလဲမှုကို ခံစားရရှိမဲ့သူတွေကိုသာမက ကိုယ့်လုပ်ဆောင်မှုကြောင့် ထိခိုက်ဆုံးရှုံးသွားမဲ့သူမျိုးကိုလဲ ဖော်ထုတ်ရပါတယ်။

ဒါကြောင့် ပါဝင်ပတ်သက်သူတွေကို ထုတ်ဖော်ဆန်းစစ်မယ်ဆိုရင် အောက်ပါအချက်တွေကို သတိထားလေ့လာရမှာပါ။

- ❖ ပါဝင်ပတ်သက်တဲ့သူတွေကို ယေဘုယျ ဖော်ထုတ်ခြင်း၊
- ❖ သူတို့ရဲ့စိတ်ဝင်စားမှုကို လေ့လာသုံးသပ်ခြင်း၊
- ❖ သူတို့ရဲ့အားပေးမှု သို့မဟုတ် ဆန့်ကျင်မှုကို ဆန်းစစ်ခြင်း၊
- ❖ သူတို့ရဲ့ဩဇာလွှမ်းမိုးမှုနဲ့ အရေးပါမှုတို့ကို ဆန်းစစ်ခြင်း

ကိုယ်လုပ်ဆောင်မဲ့အကြောင်းအရာနဲ့ပတ်သက်တဲ့ ပါဝင်ပတ်သက်သူတွေအားလုံးကို ဖော်ထုတ်ပါ။ ကိုယ့်ကို အားပေးထောက်ခံမဲ့သူတွေသာမကဘဲ အတိုက်အခံပြုနိုင်တဲ့သူတွေက ဘယ်သူတွေလဲဆိုတာကို မြင်အောင်ကြည့်ပါ။ ဖော်ထုတ်ပါ။ ဒါကတော့မှ ယေဘုယျဖော်ထုတ်တာမျိုးဖြစ်ပါတယ်။

ဒီလိုဖော်ထုတ်ပြီးပြီဆိုရင် ကိုယ်လုပ်ဆောင်မဲ့အကြောင်းအရာနဲ့ပါဝင်ပတ်သက်သူတွေရဲ့ စိတ်ဝင်စားမှုကို ထပ်မံသုံးသပ်ဖို့ လိုအပ်ပါတယ်။ ကိုယ်လုပ်ဆောင်မဲ့အကြောင်းအရာအပေါ် သူတို့ရဲ့ စိတ်ဝင်စားမှုက ဘာတွေလဲ။ ပါဝင်ပတ်သက်သူတွေ အပေါ် မူတည်ပြီး အကြောင်းအရာအပေါ် စိတ်ဝင်စားမှုကလဲ မတူနိုင်ပါဘူး။ ကိုယ့်လုပ်ဆောင်မဲ့ အကြောင်းအရာအပေါ် လုပ်ပိုင်ခွင့်တာဝန်အရစိတ်ဝင်စားလား၊ ကိုယ်ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံနဲ့ဆင်တူလို့ စိတ်ဝင်စားတာလား။ သူတို့ တန်ဖိုးထားပြီး စိတ်ဝင်စားတဲ့အကြောင်းအရာဖြစ်နေလို့ စိတ်ဝင်စားတာလား စသည်ဖြင့် အမျိုးမျိုးရှိနိုင်ပါတယ်။ သူတို့ဘာ ကြောင့် စိတ်ဝင်စားလဲဆိုတာကို မြင်အောင် လေ့လာသင့်ပါတယ်။ ထောက်ခံတယ်ဆိုရင် ဘာကြောင့် ထောက်ခံတာလဲ၊ ကန့်ကွက်မယ်ဆိုရင်ရော ဘာကြောင့် ကန့်ကွက်ကြတာလဲဆိုတာကို လေ့လာပါ။ ဒီလိုလေ့လာခြင်းဖြင့် သူတို့ကို ချဉ်းကပ်စည်းရုံးတဲ့အခါ ဘယ်လိုပြောဆိုရမယ်ဆိုတာကို ပြင်ဆင်တဲ့အခါ အသုံးဝင်ပါလိမ့်မယ်။

ပါဝင်ပတ်သက်တဲ့သူတွေနဲ့ ဆိုင်တဲ့သုံးသပ်မှုကို လုပ်ခြင်းအားဖြင့် ကိုယ်လုပ်မဲ့အကြောင်းအရာအပေါ် ပါဝင်ပတ်သက်သူတွေက ဘယ်လိုသဘောထား ရပ်တည်သလဲဆိုတာ ဆန်းစစ်နိုင်တယ်။ ဘယ်သူက ဆန့်ကျင်သူလဲ၊ ဘယ်သူက မဟာမိတ်လဲဆိုတာ လွှမ်းခြုံသိမြင်နိုင်စေပါတယ်။ ဒါ့အပြင် ပါဝင်ပတ်သက်သူတွေ တယောက်ချင်းမှာရှိတဲ့ သူတို့ရဲ့ ပါဝါတွေ၊ ဩဇာသက်ရောက်မှုတွေကို ဘယ်လိုအသုံးပြုမလဲဆိုတာကိုလဲ သိလာနိုင်စေပါတယ်။ အကြောင်းအရာနဲ့ ဆက်စပ်ပါ ဝင်ပတ်သက်နေတဲ့သူတွေ၊ အဖွဲ့တွေ၊ ဌာနတွေအားလုံးကို သိလာပြီဆိုရင် ပါဝင် ပတ်သက်သူတွေကို ဦးတည်ထားတဲ့ စည်းရုံးလှုံ့ဆော်မှုကို လုပ်ဆောင်ပြီး ဘယ်သူ့ကို ရွေးချယ်ဦးတည်ထားမလဲဆိုတာ လုပ်နိုင်ပါပြီ။




ပါဝင်ပတ်သက်သူများကို လေ့လာသုံးသပ်ခြင်းဆိုတာ ယေဘုယျလေ့လာသုံးသပ်မှုဖြစ်ပါတယ်။ ပါဝင်ပတ်သက်သူတွေက ဘယ်သူလဲ၊ ဘူတို့က ဘာကြောင့်စိတ်ဝင်စားကြတာလဲ။ ဘယ်သူတွေစီမှာ ဩဇာလွှမ်းမိုးမှု ပါဝါတွေ ဘယ်လောက်ရှိသလဲဆိုတာကို စနစ်တကျ ဆန်းစစ်လေ့လာတာပြီးရင်တော့ ဦးတည်ပစ်မှတ် (target) ကို ရွေးချယ်တာလုပ်လို့ရ ပါပြီ။ ဦးတည်ပစ်မှတ်ဆိုတာကတော့ ပေါ်လစီစည်းရုံးလှုံ့ဆော်မှုဖြစ်တဲ့ ဥပဒေတွေ ပေါ်လစီတွေပြောင်းအောင်လုပ်မယ်ဆိုရင် ပြောင်းအောင်လုပ်နိုင်မဲ့အဓိက တာဝန်ရှိသူတွေ၊ သူတို့နဲ့ ဆက်စပ်ပတ်သက် သူတွေကို ရွေးချယ်တာဖြစ်ပါတယ်။ ပိုပြီး အသေးစိတ်ကျတဲ့ ရွေးချယ်မှုဖြစ်ပါတယ်။ ဥပမာ အစိုးရကို ပါဝင်ပတ်သတ်သူလို့ သတ်မှတ်ထား တယ်ဆိုရင် အစိုးရထဲမှာ ဦးတည်ပစ်မှတ်ထားသူက ဘယ်ဌာနက ဘယ်တာဝန်ကို ယူထားတဲ့သူလဲဆိုတဲ့ အသေးစိတ်ပစ်မှတ်ထား ရွေးချယ်တာ မျိုးဖြစ်ပါတယ်။ လွှတ်တော်ကို ပါဝင်ပတ်သက်သူလို့ ယေဘုယျရွေးထားရင် ကိုယ်လုပ်ဆောင်မဲ့ အကြောင်းအရာ နဲ့ပတ်သက်ပြီး ဘယ်ကော်မတီကို ဦးတည်ပစ်မှတ်ထားမလဲ။ ကော်မတီဝင်ကိုယ်စား လှယ်တွေထဲကမှာ ဘယ်သူက ပိုမိုဩဇာလွှမ်းမိုးတဲ့အတွက် ဘယ်သူကို ဦးတည်ပစ်မှတ် ထားမလဲဆိုတာ ရွေးချယ်လေ့ရှိပါ သေးတယ်။

ထပ်ရှင်းပြရရင် ဦးတည်ပစ်မှတ်ဆိုတာ ကိုယ်လုပ်ဆောင်မယ်လို့ ရွေးချယ်ထားတဲ့အကြောင်းအရာနဲ့ ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုဖြစ်လာဖို့အတွက် အဓိက လုပ်ဆောင်ပေးနိုင်သူများကို ဆိုလိုပါတယ်။ သူတို့ရဲ့ လုပ်ငန်းတာဝန် ရာထူး၊ လူထုလက်ခံအားပေးမှု၊ ထင်ပေါ်ကျော်ကြားမှုနဲ့ ဩဇာလွှမ်းမိုးမှုအပေါ် မူတည်ပြီး လုပ်ဆောင်ပေးနိုင်သူတွေရှိတတ်ပါတယ်။ ဒီလိုတွေက ဘယ်သူတွေလဲ၊ ဘာကြောင့်ဦးတည်ပစ်မှတ်ထားပြီး ရွေးချယ်ချဉ်းကပ်ရတာလဲဆိုတာ သဘောပေါက်ထားရပါမယ်။ ပစ်မှတ်

တွေကို ဒီလိုရွေးချယ်နိုင်ဖို့အတွက် ပေါ်လစီချမှတ်တဲ့ လုပ်ငန်းစဉ်တွေကို သိထားရပါမယ်။ ပေါ်လစီချမှတ်သူတွေကို ပစ်မှတ်ထားပြီးဆိုရင်လဲ သူနဲ့ပတ်သက်တဲ့ နောက်ခံသမိုင်း၊ စိတ်ဝင်စားတဲ့အကြောင်းအရာ၊ လုပ်ငန်းတာဝန်ရာထူး စတဲ့အချက်တွေကို သေသေချာချာ စုဆောင်းလေ့လာရပါတယ်။

ဦးတည်ပစ်မှတ်ထားရာမှာ ကိုယ်လုပ်ဆောင်မဲ့အကြောင်းအရာနဲ့ပတ်သက်ပြီးပြောင်းလဲနိုင်တဲ့ပါဝါရှိသူများကို သာမဟုတ်ဘဲ သူထို့အပေါ် လွှမ်းမိုးဩဇာသက်ရောက်သူတွေကိုပါ လေ့လာပါတယ်။ တခါတလေ စည်းရုံးလှုံ့ဆော်သူတွေဟာကိုယ်လုပ် ဆောင်မဲ့အကြောင်းအရာနဲ့ပတ်သက်ပြီး ဆုံးဖြတ်ပေး ပြောင်းလဲပေးနိုင်မဲ့သူတွေကိုဘဲ ဖော်ထုတ်လေ့ရှိပါတယ်။ သူတို့တွေဟာ ပထမအဆင့် ဦးတည်ပစ်မှတ်လူစုများ ဖြစ်ပါတယ်။ သူတို့တွေက အရေးကြီးသလို သူတို့အပေါ် လွှမ်းမိုးဩဇာသက်ရောက်နိုင်မဲ့သူတွေကလဲ အရေးပါတဲ့အတွက် ဒီလိုလူမျိုးတွေကိုလဲ လေ့လာဖော်ထုတ်တတ်ဖို့ လိုပါတယ်။ ဒီလိုလူမျိုးကိုတော့ ဒုတိယအဆင့်ဦးတည်ပစ်မှတ်လူစုလို့ခေါ်ပါတယ်။ သူတို့ဟာ ပထမအဆင့်ဦးတည်ပစ်မှတ်လို ပြောင်းလဲမှုဖြစ်လာအောင်ဆုံးဖြတ် ချက်ချပေးနိုင်တဲ့သူတွေမဟုတ်ပေမဲ့ ဒုတိယအဆင့်ဦးတည်ပစ်မှတ်တွေကလဲ ဆုံးဖြတ်ချက်ချမှတ်တဲ့သူတွေအပေါ် တနည်းတဖုံနဲ့ လွှမ်းမိုးနိုင်ပါတယ်။ ဩဇာသက်ရောက်နိုင်ပါတယ်။ ဖိအားပေးနိုင်ပါတယ်။

ဥပမာ ပထမအဆင့်ဦးတည်ပစ်မှတ်ကို လွှတ်တော်ကိုယ်စားလှယ်လို့ သတ်မှတ်လိုက်ပြီထားပါတော့။ သူဟာကိုယ်လုပ်ဆောင်မဲ့အကြောင်းအရာနဲ့ ပတ်သက်လို့ ဥပဒေကြမ်းမှာဆွေးနွေးပေးမဲ့သူ၊ ထောက်ခံမဲ့သူ သို့မဟုတ် မေးခွန်းမေးပေးနိုင်တဲ့သူဖြစ်တဲ့အတွက် သူက ကိုယ့်ရဲ့ပထမအဆင့် ဦးတည်ပစ်မှတ်ဖြစ်ပါတယ်။ ဒါဆိုရင် လွှတ်တော်ကိုယ် စားလှယ်ကိုလွှမ်းမိုးဩဇာသက်ရောက်နိုင်မဲ့ ဒုတိယအဆင့်ဦးတည်ပစ်မှတ်တွေက ဘယ်သူတွေဖြစ်နိုင်မလဲ စဉ်းစားကြည့်ပါ။

လွှတ်တော်ကိုယ်စားလှယ်ဖြစ်နေတဲ့အတွက် သူ့အပေါ် ဩဇာသက်ရောက်နိုင်မဲ့ ဒုတိယအဆင့်ဦးတည်ပစ်မှတ်က ကိုယ်စားလှယ်ကို မဲပေးရွေးချယ်ခဲ့တဲ့ မဲဆန္ဒရှင်များဖြစ်နိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ဥပဒေပြုရေးတာဝန်၊ အစိုးရကို စောင့်ကြပ်ရေးတာဝန်ကို ထမ်းဆောင်ရတဲ့အပြင် မဲဆန္ဒရှင်တွေရဲ့ဆန္ဒကို ကိုယ်စားပြုတင်ပြရတာဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့အသံ လွှတ်တော်အသံဆိုတဲ့အတိုင်း ကိုယ်စားလှယ်တော်များရဲ့ တာဝန်တွေထဲမှာ ကိုယ့်ရဲ့မဲဆန္ဒရှင်တွေရဲ့အသံကို ဂရုတစိုက်နားထောင်ပြီး ပြည်သူတွေရဲ့ ဆန္ဒကို အကောင်အထည်ဖော်နိုင်အောင် ကြိုးစားရပါတယ်။ မဲဆန္ဒရှင်များကလဲ ကိုယ်ရဲ့ကိုယ်စားလှယ်တွေကို တွေ့ဆုံပြီး တိုက်တွန်းနိုင်တဲ့ ဩဇာလွှမ်းမိုးသူတွေ ဖြစ်တယ်။

တခြားဩဇာလွှမ်းမိုးနိုင်သူတွေလဲ အများကြီးရှိနိုင်ပါသေးတယ်။ သူ့ရဲ့ ပါတီက တာဝန်ယူဦးဆောင်သူတွေဟာလဲ ဩဇာလွှမ်းမိုးသူတွေဖြစ်နိုင်သလို ကိုယ်စားလှယ်လေးစားတဲ့သူတွေဖြစ်တတ်တဲ့ ဘာသာရေးခေါင်းဆောင်တွေ၊ ရပ်မိရပ်ဖတွေ၊ သူ့ရဲ့ ဆရာ/ဆရာမ တွေလဲ ဖြစ်တတ်ပါတယ်။

ဩဇာလွှမ်းမိုးမှုမရှိပေမဲ့ ကိုယ်ရည်ရွယ်ထားတဲ့ ပထမအဆင့် ဦးတည်ပစ်မှတ်နဲ့ပတ်သက်ပြီးတော့ ကိုယ့်ကို ဆက်သွယ်ကူညီပေးနိုင်မဲ့သူတွေလဲရှိတတ်ပါတယ်။ သူတို့ကတော့ပထမအဆင့်ဦးတည်ပစ်မှတ်တွေအပေါ်လွှမ်းမိုးဩဇာများများမရှိပေမယ့် ပထမအဆင့်ဦးတည်ပစ်မှတ်တွေအကြောင်းနဲ့ ပတ်သက်ပြီး ကိုယ့်သိသင့်တဲ့အရာတွေကို ပြောပြတာ၊ တွေ့နိုင်ဖို့ အကူညီပေး

နိုင်တဲ့သူတွေဖြစ်ပါတယ်။ ဥပမာ - သူ့ရဲ့မိတ်ဆွေတွေ၊ သူဝင်ထားတဲ့အဖွဲ့အစည်း၊ အားကစား၊ လူမှုရေးအဖွဲ့က ရင်းနှီးတဲ့သူတွေ၊ ဒါမှမဟုတ်ရင် သူ့ရဲ့ ကိုယ်ရေးအရာရှိလိုမျိုး သူတွေပေါ့။




## ဆွေးနွေးချက်

ဇရပ်ကုန်းရွာ အဖြစ်အပျက်ကို ပြန်ဖတ်ပါ။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

- ဇရပ်ကုန်းရွာရဲ့ အကြောင်းအရာထဲမှာ ပါဝင်ပတ်သတ်သူတွေက ဘယ်သူတွေလဲ၊ ချရေးကြည့်ပါ။
- ဘယ်သူတွေက ရွာသူရွာသားတွေကို ထောက်ခံအားပေးသူ၊ ဘယ်သူတွေက အတိုက်အခံပြုသူတွေဖြစ်မလဲ။
- ပထမအဆင့် ဦးတည်ပစ်မှတ်က ဘယ်သူတွေဖြစ်မလဲ။
- ဒုတိယအဆင့် ဦးတည်ပစ်မှတ်က ဘယ်သူတွေဖြစ်နိုင်မလဲ။



## လက်တွေ့အဖြစ်အပျက်



အသက်မပြည့်သေးတဲ့ကလေးသူငယ်တွေကို လက်နက်ကိုင်တပ်ဖွဲ့တွေမှာ စစ်မှုထမ်းစေခိုင်းတာတွေကို ရပ်တံ့ဖို့ စည်းရုံးလှုံ့ဆော်ခဲ့တဲ့ လှုပ်ရှားမှုတခုကို ထိုင်းမြန်မာနယ်စပ်မှာ ၂၀၀၆ ခုနှစ် လောက်က လုပ်ဆောင်ပါတယ်။ အဓိကဦးတည်တာကတော့ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က ကလေးစစ်သားစုဆောင်း အသုံးပြုတယ်လို့ အမည်စာရင်းတင်သွင်းခံရတဲ့ မြန်မာနိုင်ငံက လက်နက်ကိုင်အဖွဲ့ တွေ ဖြစ်ပါတယ်။

ကလေးစစ်သားအသုံးပြုမှုကိုရပ်တံ့နိုင်ဖို့ လုပ်ဆောင်တဲ့အခါမှ ပါဝင်ပတ်သက်သူတွေကို လေ့လာကြည့်ပါတယ်။

ပါဝင်ပတ်သက်သူများ

- ကလေးစစ်သားအသုံးပြုနေသော လက်နက်ကိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ
- ထိုတပ်ဖွဲ့များမှ အရာရှိများ
- ထိုတပ်ဖွဲ့များမှ စစ်သည်များ
- ထိုတပ်ဖွဲ့များတွင် စေခိုင်းခံနေရသော ကလေးစစ်သားများ
- တပ်မိသားစုများ
- ကလေးစစ်သားမိဘ ဆွေမျိုးများ
- ကလေးစစ်သားများနေထိုင်သည့် ကျေးရွာများမှ ပြည်သူများ
- ကလေးစစ်သား တားဆီးရေးလုပ်ကိုင်နေသော အဖွဲ့အစည်းများ
- လက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လုပ်ဆောင်နေသော တပ်ပေါင်းစုများ

**နိုင်ငံတကာ အစိုးရများ**



- ကုလသမဂ္ဂ အဖွဲ့အစည်းများ
- နိုင်ငံတကာ အစိုးရများ
- ကုလသမဂ္ဂ အဖွဲ့အစည်းများ
- သတင်းမီဒီယာများ

**ဒီလိုပါဝင်ပတ်သူတွေကို ထပ်ခွဲလိုက်တဲ့အခါ**

ဒီလိုခွဲခြားကြည့်လိုက်တဲ့အခါမှာ အဓိကစည်းရုံးလှုံ့ဆော်ရမဲ့သူတွေမှာ လက်နက်ကိုင်အဖွဲ့အစည်းတွေက ဆုံးဖြတ်ချက်ချမှတ်နိုင်သူတွေဆိုတာ ရှင်းရှင်းလင်းလင်းထွက်ပေါ်လာပါတယ်။

နောက်ပိုင်းမှာတော့ ပထမအဆင့် ဦးတည်ပစ်မှတ်က ကလေးစစ်သားတွေ အသုံးပြုနေတဲ့ လက်နက်ကိုင်အဖွဲ့က ထိပ်သီးခေါင်းဆောင်များ ဖြစ်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ကသာ ကလေးစစ်သားအသုံးမပြုရေး ပေါ်လစီတွေ၊ ညွှန်ကြားချက်တွေကို ချမှတ်နိုင်မှာဖြစ် တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။



ဒုတိယအဆင့်ဦးတည်ပစ်မှတ်တွေကိုစဉ်းစားကြည့်တဲ့အခါမှာတော့ လက်နက်ကိုင်တပ်ဖွဲ့တွေက သူတို့ကိုအား ပေးထောက်ခံနေတဲ့ဒေသခံပြည်သူတွေ၊ နယ်စပ်မှာရှိတဲ့ ဒုက္ခသည်တွေဖြစ်တယ်ဆိုတာကို တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ လက်နက်ကိုင်တပ်ဖွဲ့တွေဟာ ဒေသခံပြည်သူတွေရဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေက လူအား၊ စိတ်ဓာတ်အား၊ ထောက်ပံ့အား၊ သတင်းအားတွေကို မဖြစ်မနေယူရပါတယ်။ ဒေသခံ ပြည်သူတွေ မထောက်ခံရင် လက်နက်ကိုင်အဖွဲ့ တွေအနေနဲ့ ဘယ်လိုမှမရပ် တည်နိုင်ပါဘူး။

| မိမိကို အားပေးထောက်ခံနိုင်မည့်သူများ | ကြားနေ | မိမိကို ဆန့်ကျင်လိုသူ |
|---|---|---|
| ◆ ကလေးစစ်သားမိဘ ဆွေမျိုးများ<br>◆ ကလေးစစ်သား တားဆီးရေး လုပ်ကိုင်နေသော အဖွဲ့အစည်းများ<br>◆ နိုင်ငံတကာ အစိုးရများ<br>◆ သတင်းမီဒီယာများ<br>◆ ကုလသမဂ္ဂ အဖွဲ့အစည်းများ | ◆ ထိုတပ်ဖွဲ့များတွင် စေခိုင်းခံနေရသော ကလေးစစ်သားများ<br>◆ တပ်မိသားစုများ<br>◆ ကလေးစစ်သားများနေထိုင်သည့် ကျေးရွာများမှ ပြည်သူများ<br>◆ လက်နက်ကိုင် အဖွဲ့အစည်းများ ပါဝင်လုပ်ဆောင်နေသော တပ်ပေါင်းစုများ | ◆ ကလေးစစ်သားအသုံးပြုနေသော လက်နက်ကိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ<br>◆ ထိုတပ်ဖွဲ့များမှ အရာရှိများ<br>◆ ထိုတပ်ဖွဲ့များမှ စစ်သည်များ |

နောက်ထပ်ဒုတိယအဆင့်ဦးတည်ပစ်မှတ်တွေကတော့ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့တွေ၊ ကုလသမဂ္ဂအေဂျင်စီတွေဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအဖွဲ့တွေက လက်နက်ကိုင်အဖွဲ့ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဂုဏ်သိက္ခာကို မြင့်တက်အောင် သို့မဟုတ် နိမ့်ကျအောင် လုပ်ဆောင်နိုင်လို့ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအဖွဲ့အစည်းတွေကို လက်နက်ကိုင်အဖွဲ့အစည်းတွေက သတိထားဆက်ဆံတတ်ပါတယ်။ ဒါကြောင့် ဩဇာလွှမ်းမိုးမှုရှိတယ်လို့ သတ်မှတ်နိုင်တာဖြစ်ပါတယ်။

ပြင်ပက လူ့အခွင့်အရေးလုပ်ဆောင်နေတဲ့ အဖွဲ့နဲ့ လက်နက်ကိုင်အဖွဲ့က ထိပ်သီးခေါင်းဆောင်တွေ တိုက်ရိုက်တွေ့ဖို့ ဆက်သွယ်ဖို့ဆိုတာ အခက်အခဲရှိတတ်ပါတယ်။ လုံခြုံရေးအခြေအနေကြောင့် ဆက်သွယ်ဖို့ မလွယ်လှပါဘူး။ ဒါကြောင့်

လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်တွေကိုတွေ့နိုင်ဖို့ နည်းလမ်းရှာတဲ့အခါမှာ သူတို့ပါဝင်လုပ် ဆောင်နေတဲ့ တပ်ပေါင်းစု အစည်းအဝေးတွေကို လမ်းကြောင်းရှာမိပါတယ်။ တပ်ပေါင်းစုမှာ ဒီလိုအစည်းအဝေးနဲ့ပတ်သက်တဲ့သတင်း အချက်အလက်တွေကို စုံစမ်းတဲ့အခါမှာ တခြားတပ်ပေါင်းစုအဖွဲ့ဝင်တွေက အများဆုံးကူညီခဲ့တာကို တွေ့ခဲ့ရပါတယ်။

## (၆) အကူအညီများတည်ဆောက်ထားခြင်း

စည်းရုံးလှုံ့ဆော်မှုလုပ်တာဟာ တကိုယ်တော်ရှိုးပွဲ ကပြတာမဟုတ်ပါဘူး။ လူတယောက်ထဲက တကွင်းလုံးကန်နေတဲ့ ဘော်လုံးပွဲမျိုးလဲ မဟုတ်ပါဘူး။ လုပ်ဆောင်ရတဲ့လုပ်ငန်းတာဝန်တွေက များပြားလွန်းတဲ့အတွက် တဦးတယောက်ထဲ လုပ်ဆောင်ဖို့လဲ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒီတော့ စည်းရုံးလှုံ့ဆော်မှုကို အကွက်ကျကျ ထောင့်စိစိ ပီပီပြင်ပြင် လုပ်ဆောင်နိုင်ဖို့အတွက် အရည်အချင်းမျိုးစုံပါဝင်တဲ့ အင်အားတွေလိုအပ်ပါတယ်။ လူတဦးချင်းစီရဲ့ အားရော၊ အဖွဲ့အစည်းတွေရဲ့ စွမ်းရည်တွေရော လူထုရဲ့ ပါဝင်မှုတွေရောကို စုစည်းရယူဖို့ လိုအပ်ပါတယ်။ ဒီလိုစုစည်းမိတဲ့စွမ်းအားတွေကို နေရာတကျ စီမံခန့်ခွဲမယ်ဆိုရင် အောင်မြင်တဲ့ စည်းရုံးလှုံ့ဆော်မှုဖြစ်လာမှာ မလွဲမသွေပါ။ ကိုယ့်လှုပ်ရှားမှုမှာ ပါဝင်တဲ့သူ များလေလေ၊ ထိစပ်မှုများလေလေဖြစ်တဲ့အတွက် လှုံ့ဆော်မှုဟာ ပိုမိုအောင်မြင်လာနိုင်ပါတယ်။ ဒါကြောင့် တဦးတယောက်ထဲ လုပ်ဆောင်တာမျိုးမဟုတ်ဘဲ ကွန်ရက်တွေ၊ မဟာမိတ်တွေကို တည်ဆောက်ဖို့ လိုအပ်ပါတယ်။

စည်းရုံးလှုံ့ဆော်မှုတခုကို လုပ်ဆောင်တော့မဲ့ဆိုရင် ကိုယ့်နဲ့အတူ လက်တွဲလုပ်ဆောင်နိုင်မဲ့ အင်အားတွေကို စုစည်းနိုင်ဖို့အတွက် ဘယ်သူတွေက ဘာတွေ လုပ်ဆောင်ထားပြီးပြီလဲ။ ဘယ်တွေ လုပ်ဆောင်နေသလဲဆိုတာကို လေ့လာသုံးသပ်ရပါတယ်။ ဒီလိုလုပ်မှ လုပ်ငန်းသဘောအရ တယောက်လုပ်တာကို နောက်တယောက်က ထပ်လုပ်မိတာမျိုးတွေကို ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။ ဒီလိုလေ့လာသုံးသပ်မှုမလုပ်ဘဲ ကိုယ်လုပ်ချင်ရာကို ကိုယ်လုပ်မယ်ဆိုရင် အလုပ်တွေက ထပ်သွားတတ်ပါတ်။ အဲဒီအခါ တဖွဲ့နဲ့တဖွဲ့ ပူးပေါင်းလုပ်ဆောင်ဖို့အခြေအနေမျိုးမရှိတော့ဘဲ နားလည်မှုလွဲသွားတတ်ပါတယ်။ တဖွဲ့နဲ့တဖွဲ့ ပူးပေါင်းလုပ်ဆောင်ရမဲ့အစား ပြိုင်ဖက်တွေလိုသဘောထားခံယူလာပြီး ပြိုင်ဆိုင်မှုတွေ ကြီးမားလာပါတော့တယ်။

ဒါကြောင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတခုကို လုပ်ဆောင်တော့မယ်ဆိုရင် ကိုယ်လုပ်မဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး လုပ်ဆောင်နေတဲ့ တခြားအဖွဲ့ တွေရှိသလား၊ ရှိတယ်ဆိုရင် ဘယ်အဆင့်မျိုး ဘယ်နေရာမျိုးမှာ သူတို့လုပ်ကိုင်နေကြပါသလဲ။ တခြားတဦးချင်းအဖွဲ့လိုက်အပြင် ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး လုပ်ဆောင်နေတဲ့ ညွန့်ပေါင်းအဖွဲ့တွေ၊ ကွန်ယက်တွေရှိနေပြီလားကို လေ့လာကြည့်ပါ။

လုပ်ဆောင်နေတဲ့အဖွဲ့အစည်းတွေ၊ ကွန်ရက်တွေအကြောင်းကို သိလာပြီ၊ လုပ်ဆောင်နေတဲ့လုပ်ငန်းပုံစံတွေကိုသဘော ပေါက်လာပြီဆိုရင် သူတို့နဲ့ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ဖို့ သင့်မသင့်ကို ထပ်စဉ်းစားရပါမယ်။ သူတို့အဖွဲ့တွေ သို့မဟုတ် ကွန်ရက်တွေရဲ့ အားကောင်းချက်က ဘာတွေရှိလဲ။ အားနည်းချက်က ဘာတွေရှိနေလဲကို လေ့လာရပါမယ်။ ဥပမာ – အဖွဲ့ အစည်း များစွာပါဝင်တာ၊ ဦးဆောင်သူအရည်အချင်းနဲ့ ပါဝင်လုပ်ဆောင်သူများရဲ့ လုပ်ဆောင်မှု ကောင်းမွန်တာ၊ တိကျတဲ့တာဝန်ခွဲဝေမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတာမျိုးက အားကောင်းချက်တွေဖြစ်နိုင်ပါတယ်။ ဒါပေမဲ့အဖွဲ့တွေ ကွန်ရက်တွေမှာ ငွေကြေးပြဿနာ ရှိနေတာ၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု သတင်းတွေနဲ့ မွှေးနေတာဟာ လက်တွဲလုပ်ဆောင်ဖို့အတွက် အခက်အခဲဖြစ်စေနိုင်တဲ့ အကြောင်းအရာမျိုးတွေ ဖြစ်တတ်ပါတယ်။ ရှိထားပြီးသားအဖွဲ့နဲ့ ကွန်ရက်တွေကို ကိုယ်နဲ့ လက်တွဲလုပ်မဲ့ တခြားအဖွဲ့တွေက ဘယ်လိုသဘောထားသလဲဆိုတာကလဲ မဖြစ်မနေ ထည့်သွင်းစဉ်းစားရမဲ့အချက်ဖြစ်ပါတယ်။

နောက်ထပ်အရေးကြီးတဲ့အချက်က သူတို့ထားရှိတဲ့ တန်ဖိုးတွေ၊ ယုံကြည်ချက်အမြင်တွေက ကိုယ်နဲ့ ကိုက်ညီရဲ့လား ဆိုတဲ့ အချက်ဖြစ်ပါတယ်။ တခါတလေ ပူးပေါင်းလုပ်ဆောင်မှုကောင်းတယ်ဆိုပြီး ပူးပေါင်းလုပ်ဆောင်လိုက်ပေမဲ့ တကယ်တမ်း အလုပ် တွဲလုပ်တဲ့အခါမှာ သူတို့ရဲ့ခံယူချက်က ကိုယ့်ရဲ့ခံယူချက်နဲ့မတူတဲ့အခါ ပြန်လည်ညှိနှိုင်းရပြန်ပါတယ်။ ဥပမာ – ဂျန်ဒါလို့ခေါ် တဲ့ ကျားမရေးရာအမြင်တွေကို လုပ်ဆောင်တဲ့အဖွဲ့ဖြစ်ပေမဲ့ ကိုယ်လက်ခံထားတဲ့ လိင်စိတ်ကွဲပြားသူများအကြောင်းအရာကို လက်မခံနိုင်တဲ့အဖွဲ့ သို့မဟုတ် ဆန့်ကျင်မုန်းတီးနေတဲ့အဖွဲ့မျိုးဖြစ်နေရင် မလွယ်ကူလှပါဘူး။ လူ့အခွင့်အရေးရဲ့ အခြေခံအချက် ဖြစ်တဲ့ လူသားအားလုံးတန်းတူဖြစ်သည် (Universality) ကို လက်မခံဘဲ လူအုပ်စုတစုကို သီးသန့်ဖယ်ရှားထားတဲ့ မူဝါဒ ကျင့် သုံးတတ်တဲ့ အဖွဲ့မျိုးဖြစ်ရင် မူဝါဒရေးရာလုပ်ဆောင်တဲ့အခါမှာ အခက်အခဲတွေ အများကြီးပေါ်လာ တတ်ပါတယ်။

ဒါတွေကို သေသေချာချာလေ့လာပြီးမှ ကိုယ်နဲ့ လက်တွဲလုပ်ဆောင်ဖို့ အဆင်ပြေနိုင်မယ်ဆိုမှ သူတို့နဲ့ ဘယ်လိုပူးပေါင်း ဆောင်ရွက်မလဲကို စဉ်းစားကြပါ။ ပူးပေါင်းဆောင်ရွက်မှုပုံစံအမျိုးမျိုးရှိနိုင်တဲ့အထဲကမှ ပူးတွဲတာဝန်ယူ လုပ်ဆောင်မဲ့ အဆင့်လား၊ ပူးတွဲအကောင်အထည်ဖော်တဲ့အဆင့်လား၊ သာမန်လက်မှတ်ထိုးထောက်ခံတဲ့ပုံစံလား ဆိုတာ ဆုံးဖြတ်လုပ်ဆောင်ရပါမယ်။

ကွန်ရက်ဆိုတာ ပုံစံအမျိုးမျိုးရှိတတ်ပါတယ်။ စနစ်တကျရေရှည်ပုံစံနဲ့ဖွဲ့ထားတာရှိသလို လုပ်ငန်းတခုပြီးမြောက်အောင် မြင်ဖို့ယာယီဖွဲ့ထားတာမျိုးလဲ ရှိတတ်ပါတယ်။ ဘယ်လိုပုံစံမျိုးနဲ့ဖွဲ့ဖွဲ့ ကွန်ရက်ဖွဲ့တယ်ဆိုရင် ကွန်ရက်တစ်ခုမှာ ပါဝင်တဲ့အဖွဲ့ဝင် တွေကြားမှာ အနည်းဆုံး တစ်ခုခုတော့ တူညီမှုရှိရပါမယ်။ ကွန်ရက်ဆိုတာ ခေါင်းစဉ်တစ်ခု သို့မဟုတ် လုပ်ဆောင်ချက်တစ်ခုကို ထောက်ခံသူများ စုစည်းထားတာဖြစ်ပါတယ်။ ဒါကြောင့် ကွန်ရက်များဟာ အားလုံးသဘောတူသော ပန်းတိုင်ကိုရရှိဖို့အတွက် အသုံးဝင်ပြီး အစွမ်းထက်သောအရာဘဲ ဖြစ်ပါတယ်။

ကွန်ရက်မှာပါဝင်တဲ့ သူတဦးချင်းကိုဖြစ်စေ အဖွဲ့အစည်းတွေကိုဖြစ်စေ အတူတကွလုပ်ဆောင်ခြင်း၊ ဝိုင်းဝန်းကူညီခြင်းနှင့် ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များကို မျှဝေခြင်းများ လုပ်ဆောင်တဲ့အတွက်ကြောင့် အကျိုးဖြစ်ထွန်းစေတတ်ပါတယ်။ စုပေါင်းလုပ် ဆောင်သူတွေအကြားမှာ ယုံကြည်မှုနှင့် ပွင့်လင်းမှုကို တည်ဆောက်ပေးပါတယ်။




ကွန်ရက်နဲ့ လုပ်ဆောင်တာကြောင့် ရရှိနိုင်တဲ့ ကောင်းကျိုးတွေကတော့ -

- ❖ အားလုံးပါဝင်မှုအင်အားရှိတဲ့အတွက် စည်းရုံးလှုံ့ဆော်ရာမှာ အားပိုကောင်းစေပါတယ်။
- ❖ လူတိုင်းအဖွဲ့တိုင်းစီမှာ အခြေခံထားတဲ့ ရပ်ရွာလူထုကိုယ်စီရှိထားတဲ့အတွက် ကျယ်ပြန့်တဲ့လူထုကို အခြေခံနိုင်တယ်။ နေရာစုံ၊ လူစုံပါဝင်နိုင်တယ်။
- ❖ အများကို ကိုယ်စားပြုနိုင်စွမ်း ပိုကြီးမားစေပါတယ်။
- ❖ ပါဝင်လုပ်ဆောင်တဲ့ လူတဦးချင်းနဲ့ အဖွဲ့အစည်းတွေကို စွမ်းရည်၊ ရင်းမြစ်တွေ တိုးတက်စေပါတယ်။
- ❖ အတူတကွအလုပ်လုပ်တာကြောင့် ပြိုင်ဆိုင်မှုကို လျော့ချနိုင်ပါတယ်။
- ❖ စည်းလုံးခြင်းကို ရရှိစေပြီး စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးမှု၊ ညီညွတ်မှုတွေကို ဖန်တီးပေးပါတယ်။
- ❖ အဖွဲ့ဝင်တွေအကြား လုပ်ဆောင်နိုင်တဲ့စွမ်းရည်တွေကို အချင်းချင်း မျှဝေပေးနိုင်ပါတယ်။
- ❖ မတူညီတဲ့ ကျွမ်းကျင်တဲ့နယ်ပယ်အသီးသီးက ပါဝင်တဲ့အတွက် ဗဟုသုတစုံလင်နိုင်ပါတယ်။
- ❖ စွမ်းအားအရင်းအမြစ်တွေ ပိုကောင်းစေပါတယ်။
- ❖ မတူညီတဲ့အဆင့်တိုင်းမှာ ချိတ်ဆက်ဆောင်ရွက်နိုင်ပါတယ်။

ကွန်ရက်နဲ့ လုပ်ဆောင်တဲ့အခါ ကြုံရတတ်တဲ့ စိန်ခေါ်မှုတွေကတော့ -

- ❖ အားလုံးရဲ့ သဘောတူညီချက်ရရှိဖို့အတွက် အချိန်လိုအပ်ပါတယ်။ ကြာမြင့်တတ်ပါတယ်။
- ❖ အားလုံးနဲ့ ဘုံသဘောထားလုပ်ဆောင်ရတဲ့အတွက် အဖွဲ့ဝင်တဖွဲ့ချင်းမှာ ရှိနိုင်တဲ့ ထူးခြားတဲ့ရပ်တည်ချက်တွေ မှေးမှိန် သွားတတ်ပါတယ်။ (လူ့အခွင့်အရေးဆိုတဲ့ဘုံခေါင်းစဉ်အောက်မှာ နိုင်ငံရေးအကျဉ်းသမားအရေး သိပ်မထင်ရှားတော့ တာမျိုးပါ)
- ❖ တကယ်လို့များ ကွန်ရက်လုပ်တာ မအောင်မြင်လို့ ပြိုကွဲသွားမယ်ဆိုရင် အဖွဲ့ဝင်တွေအကြား ယုံကြည်မှုတွေပါ ပျက်စီး ကုန်တတ်ပါတယ်။
- ❖ ကွန်ရက်ကို လုပ်ဆောင်နေတဲ့အတွက် အဖွဲ့ဝင်ဖြစ်တဲ့ အဖွဲ့တဖွဲ့ချင်းရဲ့အပေါ် အသိအမှတ်ပြုမှု၊ ကူညီမှုတွေ လျော့သွား တတ်ပါတယ်။
- ❖ ကွန်ရက်အတွင်းမှာ တချို့အဖွဲ့တွေက လွှမ်းမိုးဦးစီးမှု များလာတတ်ပါတယ်။
- ❖ အဖွဲ့ဝင်များလာတဲ့အခါ နေရာတိုင်းမှာ အဖွဲ့ဝင်တိုင်းမပါဝင်နိုင်ရင် စိတ်ဓါတ်ကျမှုတွေ ဖြစ်ပေါ်တတ်ပါတယ်။
- ❖ အဖွဲ့ဝင်တွေကြားမှာ အယူအဆကွဲလွဲမှုကို မထိန်းနိုင်ရင် သင်းကွဲမှုဖြစ်လာတတ်ပါတယ်။



ကွန်ရက်လုပ်ဆောင်ရာမှာ အကျိုးရှိနိုင်သလို စိန်ခေါ်မှုတွေ ရှိတတ်တာကို ပြင်ဆင်ထားဖို့လိုအပ်ပါတယ်။

အောင်မြင်နေတဲ့ ကွန်ရက်တခုကို လေ့လာကြည့်ရင် အောက်ပါအချက်တွေ တော်တော်များများကို တွေ့နိုင်မှာပါ။

- ❖ ကွန်ရက် အတွင်းမှာရှိတဲ့ အဖွဲ့ဝင်တွေ အကြားမှာ ယုံကြည်မှုနဲ့ ပွင့်လင်းမှုရှိခြင်း၊
- ❖ မတူညီတဲ့ အတွေ့အကြုံတွေကို အားပေးတဲ့ ပွင့်လင်းသော ဆက်သွယ်မှုပုံစံကို ထူထောင်ထားနိုင်ခြင်း၊
- ❖ ပြုပြင်လွယ်ပြီး အခြားသူများကို နားလည်မှုပေးနိုင်ခြင်း၊
- ❖ ပြိုင်ဆိုင်ခြင်းထက် ပူးပေါင်းဆောင်ရွက်မှုကိုရှာဖွေခြင်း၊




## ဆွေးနွေးချက်

ဇရပ်ကုန်းရွာ အဖြစ်အပျက်ကို ပြန်ဖတ်ပါ။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

- ဇရပ်ကုန်းရွာသူရွာသားတွေဟာ မိမိရွာရဲ့ စည်းရုံးလှုံ့ဆော်မှုအားကောင်းလာဖို့ အတွက် ဘယ်သူတွေနဲ့ ဆက်သွယ်ခဲ့သလဲ။
- ဘယ်လို ရင်းမြစ်တွေရရှိအောင် လုပ်ဆောင်ခဲ့သလဲ။
- ဒီလို လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် ဘယ်လို အကျိုးကျေးဇူးတွေရရှိခဲ့သလဲ။

# လက်တွေ့အဖြစ်အပျက်



လိင်စိတ်ကွဲပြားသူတွေဟာ အရင် HIV/AIDS လုပ်ငန်းတွေမှာ ပညာပေးလုပ်ငန်းတွေအတွက် ဖွဲ့စည်းထားတဲ့ တပိုင်တနိုင် အုပ်စုလေးတွေမှာပါဝင် လှုပ်ရှားခဲ့ကြပါတယ်။ အဓိက ကျန်းမာရေးပညာပေးတာမျိုးတွေ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုတွေ ပံ့ပိုးပေးတာမျိုးတွေကို လုပ်ဆောင်ပေးလေ့ ရှိပါတယ်။ ဒီလိုလုပ်ဆောင်ရင် လိင်တူချင်း ချစ်သူတွေအပေါ် ခွဲခြားဖိနှိပ်မှုတွေ အကြောင်းကိုမြင်တွေ့ ခံစားလာမိတဲ့အခါ ခွဲခြားဆက်ဆံမှုတိုက် ဖျက်ရေးအတွက် လုပ်ဆောင်ချင်လာမိပါ တယ်။

အဲဒီ့အထဲက အဖွဲ့တဖွဲ့ဟာ ထိုင်းနိုင်ငံမှာ စည်းရုံးလှုံ့ဆော်မှုနဲ့ပတ်သက်လို့ စွမ်းရည်မြှင့် သင်တန်းပေးနေတဲ့ တခြားအဖွဲ့တဖွဲ့ကို ဆက်သွယ်မိပါတယ်။ လိင်စိတ်ကွဲပြားသူတွေအပေါ် ခွဲခြားဖိနှိပ်မှုကို ဆန့်ကျင်တွန်းလှန်လိုတဲ့ တက်ကြွ လှုပ်ရှားသူတွေဟာ စည်းရုံးလှုံ့ဆော်ရေးသင်တန်းတခုကို အတူတူတက်ခဲ့ကြပါတယ်။ ဘယ်အကြောင်းအရာကို ဘယ် လိုမျိုး လုပ်ဆောင်မ လဲဆိုတာကို ဆွေးနွေးခဲ့ကြပါတယ်။

ရွေးချယ်လိုက်တဲ့အကြောင်းအရာကတော့ လိင်စိတ်ကွဲပြားမှုအပေါ် အခြေခံတဲ့ ခွဲခြားဆက်ဆံမှုပပျောက်ပြီး လိင် စိတ်ကွဲပြားသူများအားလုံး လူ့အခွင့်အရေးတန်းတူရရှိရေးဖြစ်ပါတယ်။ ရည်ရွယ်ချက်တွေကတော့ နိုင်ငံတော်အဆင့်မှာ လိင်စိတ်ကွဲ ပြားသူတွေအပေါ် ဖိနှိပ်တဲ့ ဥပဒေတွေကို ဖျက်သိမ်းလာစေဖို့၊ မီဒီယာအပါအဝင် လူမှုအသိုင်းအဝိုင်းကြားမှာ လိင်စိတ်ကွဲပြားသူတွေ အပေါ် ခွဲခြားဖိနှိပ်တဲ့အမြင်တွေ လျော့ကျလာစေဖို့နဲ့ လိင်စိတ်ကွဲပြား သူတွေအကြား ကိုယ့်ကိုကိုယ် ယုံကြည်မှုများ တိုးတက်ပြီး စည်းလုံးညီညွတ်လာစေရေးတို့ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို လုပ်ဆောင်ဖို့အတွက် ပါဝင်ပတ်သက်သူတွေကို ဆန်းစစ်တဲ့အခါ တော်တော်ကြီး ကျယ်ပြန့်နေတာကို တွေ့ ရပါတယ်။ အစိုးရပိုင်းရော၊ လူမှုအသိုင်းအဝိုင်းပိုင်းရော၊ လိင်စိတ်ကွဲပြားသူတွေ အချင်းချင်းရော ပါဝင်ပတ်သက်နေတာ ကို တွေ့ရပါတယ်။ လိင်စိတ်ကွဲပြားသူတွေကြားမှာတောင် အမျိုးသားအချင်းချင်းစုံ မက်သူတွေ၊ အမျိုးသမီးချင်း စုံမက်သူတွေရှိသလို တမျိုးနဲ့တမျိုး အခြေအနေတွေ မတူတာ တွေ့ရှိပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းတွေကို တဦးတယောက် တဖွဲ့ထဲလုပ် ဆောင်လို့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သဘော ပေါက်လာကြပါတယ်။




ဒါကြောင့် အဖွဲ့အစည်းတခုချင်းစီမှာ ရှိပြီးသားအရည်အချင်းတွေ၊ ရင်းမြစ်တွေကို စုပေါင်းလက်တွဲ လုပ်ဆောင်နိုင်ဖို့၊ တဖွဲ့နဲ့ တဖွဲ့စည်းလုံးညီညွတ်စွာ လက်တွဲလုပ်ဆောင်မှုတွေ ဖန်တီးနိုင်ဖို့အတွက် လိင်စိတ်ကွဲပြားသူများ အခွင့်အရေးကို လုပ်ဆောင်ဖို့ ကွန်ရက်တခုကို ဖွဲ့စည်းဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဖွဲ့အားလုံးက လက်ခံနိုင်တဲ့ မျှော်မှန်းချက်နဲ့ ဦးတည်ချက်တွေ၊ ဖွဲ့စည်းပုံတွေ၊ လုပ်ငန်းအစီအစဉ်တွေကို ချမှတ်နိုင်ခဲ့ပါတယ်။

အဖွဲ့တိုင်းအဖွဲ့တိုင်းမှာ မတူညီတဲ့စွမ်း ရည်တွေရှိကြပါတယ်။ တချို့အဖွဲ့တွေက အဖွဲ့ဝင်အင်အားကောင်းပြီး ရပ်ရွာလူထု လုပ်ငန်းတွေကိုလုပ်ဆောင်တဲ့ အတွေ့အကြုံကောင်းတွေ ရှိပါတယ်။ တချို့အဖွဲ့ကျတော့ အစိုးရပိုင်းဆိုင်ရာတွေနဲ့ ထိစပ်လုပ်ဆောင်တတ်တဲ့ အတွေ့အကြုံတွေရှိပြီး သားဖြစ်ပါတယ်။ တချို့အဖွဲ့တွေမှာတော့ ပညာပေးမှုအားကောင်းတဲ့ နည်းပြတွေရှိနေကို လေ့လာသုံးသပ်မိပါ တယ်။ ဒီလိုတဖွဲ့ချင်းစီမှာရှိတဲ့ အရည်အချင်းတွေကို စုပေါင်းမျှဝေတာတွေ တာဝန်ခွဲဝေလုပ်ကိုင်တာတွေ လုပ်နိုင်ရင်များ ပြားလှတဲ့ လုပ်ငန်းတွေကို အခက်အခဲလုပ်ဆောင်နိုင်မယ်လို့တွေးမိပါတယ်။



ကွန်ရက်မှာ အတွေ့အကြုံရှိတဲ့သူတွေက အကြံပေးအဖြစ် တာဝန်ယူပေးတယ်။ ကွန်ရက်ရဲ့ လုပ်ဆောင်မှုတွေကို အဖွဲ့ဝင်တွေရဲ့အရည်အချင်းအလိုက် တာဝန်ယူ၊ တာဝန်ခံမှုရှိရှိနဲ့လုပ်ဆောင်ဖို့ တာဝန်ပေးပါတယ်။ နောက်ပြီးတော့ ကွန်ရက်အဖွဲ့ဝင်တွေအကြား သတင်းဖြန့်ဝေတာတွေ၊ အကြံပြုတာတွေ လုပ်ဆောင်နိုင်ဖို့ ပုံမှန်အစည်းအဝေးတွေ လုပ်ဆောင်ခဲ့ပါတယ်။ နယ်မြေအလိုက် ကိုယ်စားလှယ်တွေကို အများသဘောတူခန့်အပ် တာဝန်ပေးတာ လုပ်ဆောင်နိုင်ခဲ့ပါတယ်။




ကွန်ရက်ရဲ့ အစည်းအဝေးတွေဟာ ကွန်ရက်အကျိုးကို လိုလားတဲ့အယူအဆနဲ့ ပွင့်ပွင့်လင်းလင်းတင်ပြ အကြံပေးတဲ့ နေရာတွေဖြစ်လာတယ်။ လုပ်ခဲ့တဲ့လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ကြပြီး ရှေ့လုပ်ငန်းစဉ်တွေကို တက်တက်ကြွကြွနဲ့ပြင်ဆင် ဆွေးနွေးတဲ့နေရာတွေဖြစ်လာတယ်။ လုပ်ငန်းသဘောအရ ဆွေးနွေးသလို လုပ်ဖော်ကိုင်ဖက် စိတ်ဓာတ်အပြည့်နဲ့ အားပေးလက် တွဲ ခေါ်တဲ့နေရာတွေ ဖြစ်လာတယ်။

ကွန်ရက်ရဲ့ လုပ်ငန်းတွေထဲမှာ အတူတကွလုပ်ဆောင်ဖို့လို့တဲ့ ပေါ်လစီစည်းရုံးလှုံ့ဆော်မှုတွေကို စုပေါင်းပြင်ဆင်လုပ် ကိုင်ကြပါတယ်။ လူထုအမြင်ဖွင့်လုပ်ငန်းအတွက် အခမ်းအနားတွေကိုတော့ သက်ဆိုင်ရာ နယ်မြေတွေမှာ ချိတ်ဆက်မိမိလုပ် ဆောင်ခဲ့နိုင်ပါတယ်။

## (၇) ပြောဆိုမဲ့သတင်းစကားကိုပြင်ဆင်ခြင်း

စည်းရုံးလှုံ့ဆော်မှုလုပ်ဆောင်မယ်ဆိုရင် လိုအပ်တဲ့ ဆန်းစစ်ချက်တွေ၊ ပြင်ဆင်မှုအဆင့်ဆင့်တွေကို တဆင့်ပြီးတဆင့် ရှင်းပြခဲ့ပြီးပါပြီ။ အခုအဆင့်မှာတော့ အထူးအရေးကြီးတဲ့အဆင့်အကြောင်း ပြောပြမှာဖြစ်ပါတယ်။ ဒါကတော့ ကိုယ်ပြောဆိုမဲ့ သတင်းစကား (Messsage) ကိုပြင်ဆင်ခြင်းအဆင့်ပါ။

စစချင်းမှာ ပြောခဲ့တဲ့အတိုင်းပါဘဲ။ စည်းရုံးလှုံ့ဆော်မှုလုပ်မဲ့သူဆိုတာ စကားပြောဆိုရပါတယ်။ မဖြစ်မနေကို ပြောဆိုရပါတယ်။ ပင်ကိုယ်စရိုက်အရ စကားမပြောချင်ဘူး၊ လူကြားထဲ ထွက်ရပ်မပြောချင်ဘူး။ လူကြောက်တယ်၊ ရှက်တတ်တယ် ဘယ်လိုဘဲ ရှိနေခဲ့ပါစေ စည်းရုံးလှုံ့ဆော်မှုလုပ်မယ်ဆိုရင်တော့ စကားက မဖြစ်မနေကို ပြောဆိုရမှာဖြစ်ပါတယ်။ ဒီအဆင့်မှာ တော့ မိမိပြောပြမဲ့သတင်းစကားကို ဘယ်လိုပြင်ဆင်ရမလဲဆိုတာ ဆွေးနွေးသွားပါမယ်။

လူတွေက ပြောကောင်းပြောပါလိမ့်မယ်။ *"စကားဆိုတာ ငယ်ငယ်လေးထဲက ပြောလာတာ၊ ထွေထွေထူးထူး လေ့ကျင့်စရာလိုသေးလို့လား"* လို့ စောဒက တက်ကောင်းတက်ပါလိမ့်မယ်။ ဟုတ်ပါတယ်။ လူတိုင်းက စကားပြောတတ်ကြတဲ့သူတွေ

ချည်းပါဘဲ။ ဒါပေမဲ့ စည်းရုံးလှုံ့ဆော်မှုအတွက် စကားပြောဆိုတဲ့အခါမှာ သတိထားရမဲ့အချက်တွေ ပြင်ဆင်ရမဲ့အချက်တွေ ရှိပါတယ်။

စည်းရုံးလှုံ့ဆော်မှုရဲ့ အဓိကရည်ရွယ်ချက်က ကိုယ်လုပ်ဆောင်တဲ့အကြောင်းအရာနဲ့ပတ်သက်ပြီး ကိုယ်ဖြစ်စေချင်တဲ့ ပြောင်း လဲမှုတွေကို ကိုယ်ပစ်မှတ်ထားတဲ့ဦးတည်လူထုက လုပ်ဆောင်လာစေဖို့ဖြစ်တယ်ဆိုတာ အားလုံးသဘောပေါက်ကြမှာပါ။ ကိုယ့်ရဲ့ စည်းရုံးလှုံ့ဆော်မှုလုပ်ဆောင်ခြင်းဆိုတာ ကိုယ်ဖြစ်ချင်တဲ့ပြောင်းလဲမှုကို ဘာကြောင့်လုပ် သင့်သလဲ၊ ဘယ်လိုလုပ်သင့်လဲဆိုတဲ့အပေါ်လက်ခံလာအောင် တိုက်တွန်းလှုံ့ဆော်ခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့ သတင်းစကား ဆိုတာ တိကျတဲ့ အချက်အလက်တွေကို အခြေခံပြီး ကိုယ်ပစ်မှတ်ထားဦးတည်တဲ့သူကို ကိုယ်လုပ်ချင်တဲ့စည်းရုံး လှုံ့ဆော်မှုအပေါ် လိုက်လျောချင်တဲ့စိတ်ပေါ်လာစေပြီး ကိုယ်အကြံပြုတဲ့အတွက် လုပ်ဆောင်လာအောင် စနစ်တကျပြင် ဆင်ရပါမယ်။

သတင်းစကားပြင်ဆင်ရာမှာ ကိုယ်က ဘယ်လိုရည်မှန်းချက်ထားပြီးပြောမှာလဲဆိုတာ ကိုယ်တိုင်က ရှင်းလင်းရပါမယ်။ အများအားဖြင့် ရည်ရွယ်ချက် သုံးမျိုးရှိပါတယ်။ အဲ့ဒါတွေကတော့ - သတင်းပေးခြင်း (inform)၊ ဆွဲဆောင်စည်းရုံးခြင်း (Persuade)၊ တခုခုလုပ်လာအောင်တိုက်တွန်းခြင်း (Move to Action) စတာတို့ဖြစ်ပါတယ်။ ကိုယ်တွေ့ဆုံပြောဆိုမဲ့သူရဲ့ အနေအထားကို ကြိုတင်လေ့လာထားပြီး ဘယ်လိုရည်ရွယ်ချက်နဲ့ ပြောမလဲဆိုတာ ဆုံးဖြတ်ရပါတယ်။

တကယ်လို့ ကိုယ်သွားပြောမဲ့သူတွေက ကိုယ်ပြောဆိုမဲ့အကြောင်းအရာနဲ့ပတ်သက်ပြီး သိကျွမ်းနားလည် သဘောပေါက်မှု အားနည်းတယ်ဆိုရင် ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ဘာတွေဖြစ်နေလဲ၊ ဘယ်လောက်အထိ ဆိုးဝါးနေပြီလဲ၊ ဘယ်သူတွေပါဝင်ပတ်သက်နေသလဲ၊ ဘာတွေကြောင့်ဖြစ်သလဲဆိုတဲ့ အကြောင်းအရာတွေကို အချက်အလက်ခိုင်ခိုင်မာမာ ပြည့်ပြည့်စုံစုံနဲ့ သိရှိသဘောပေါက်အောင် အားစိုက်လုပ်ဆောင်ရပါမယ်။ သတင်းတွေ၊ အချက်အလက်တွေ၊ ကိန်းဂဏန်းတွေ၊ သက်သေအထောက်အထားမြေပုံ၊ ဓာတ်ပုံတွေကို အဓိကထား တင်ပြပြောဆိုရပါတယ်။

အဲဒီလိုမဟုတ်ဘဲ ကိုယ်သွားရောက်တွေ့ဆုံပြောဆိုတဲ့သူကို ကိုယ်လုပ်ကိုင်နေတဲ့အကြောင်းအပေါ် စိတ်ဝင်စားလာအောင် ဆွဲဆောင်စည်းရုံးမယ်ဆိုရင်တော့ အချက်အလက်သက်သက်သာမကတော့ဘဲ သူ့ကို စိတ်ခံစားချက်ဖြစ်ပေါ်အောင် လှုံ့ဆော်နိုင်မဲ့အတွေ့အကြုံတွေ၊ အဖြစ်အပျက်ကို အမှန်အတိုင်း ရင်ဖွင့်ပြောပြနိုင်တဲ့ ကာယကံရှင်တွေပါလာရင် ပိုအားကောင်းပါလိမ့်မယ်။ လူသားတွေရဲ့ နှလုံးသားကို ကိုင်လှုပ်နိုင်တာ လူသားတွေရဲ့ တကယ့်အဖြစ်အပျက်မှန်ဇာတ်လမ်းတွေ ဖြစ်ပါတယ်။ ဒါကြောင့် လူတွေရဲ့စိတ်ကို ဆွဲဆောင်သိမ်းသွင်းမယ်ဆိုရင်တော့ လူတွေကိုခံစားမှုတွေ ဖြစ်ပေါ်စေနိုင်မဲ့အဖြစ်အပျက်တွေ၊ ဓာတ်ပုံဗီဒီယိုတွေကို အသုံးပြုပြီး ပြောဆိုနိုင်ပါတယ်။

တကယ်လို့ ပြောဆိုရတဲ့ရည်ရွယ်ချက်တခုခုလုပ်လာအောင် တိုက်တွန်းအကြံပေးတာမျိုးဆိုရင်တော့ ဘယ်က ဘယ်လိုအကြောင်းအရာနဲ့ပတ်သက်ပြီး ဘာလုပ်စေချင်သလဲဆိုတာ တိတိကျကျရှင်းရှင်းလင်းလင်း ပြင်ဆင်ထားဖို့လုပ်ပါ။ စည်းရုံးလှုံ့ဆော်တဲ့သူတယောက်ဟာ ကိုယ်တောင်းဆိုတဲ့သူတွေကို "အဆင်ပြေသလို လုပ်ပေးပါ" တို့ "တခုခုသာ လုပ်ပေးပါ" တို့ ဘယ်တော့မှ မပြောပါနဲ့။ ကိုယ်လုပ်ဆောင်နေတဲ့အကြောင်းအရာမှာ ဘာတွေဖြစ်နေတာကြောင့် ဘာကိုလုပ်ပေးပါဆိုတာ တိကျနိုင်

သမျှ တိကျအောင်ပြောပါ။ ကိုယ်ပြောတဲ့တောင်းဆိုချက်တွေနဲ့ အကြံပြုချက်က တိကျမှသာ လုပ်ဆောင်ရမဲ့သူက ရှင်းရှင်းလင်း လင်းသဘောပေါက်မှာဖြစ်ပါတယ်။ ဘာလုပ်သင့်သလဲဆိုတာကို သိမှာဖြစ်ပါတယ်။

နောက်တခုက ကိုယ်ရဲ့အကြံပေးချက်တွေကလဲ သူလုပ်ပေးနိုင်တဲ့အရာမျိုးဖြစ်ပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်က လုပ်ပေး နိုင်တာနဲ့ တရားစီရင်ရေးမဏ္ဍိုင်ကလုပ်ပေးနိုင်တာမတူနိုင်သလိုတရားဥပဒေပြုမဏ္ဍိုင်နဲ့အရပ်ဖက်လူထုအဖွဲ့အစည်းတွေလုပ်နိုင် တဲ့လုပ်ပိုင်ခွင့်တွေက တူမှာမဟုတ်ပါဘူး။ ဒါကြောင့် ကိုယ်တောင်းဆိုတိုက်တွန်းတဲ့အချက်တွေဟာ သူတို့လုပ်နိုင်တဲ့ အရာမျိုးတွေဖြစ်ဖို့ လိုအပ်ပါတယ်။ တောင်းဆိုချက်တွေကလဲ ဈေးဝယ်စာရင်းရေးထားသလို ဖြစ်ချင်တာတွေကို ဖြစ်နိုင်မဖြစ် နိုင်မစဉ်းစားဘဲ စိတ်ကူးယဉ် တန်းစီချရေးထားတာမျိုးမဖြစ်အောင်လဲ ဂရုစိုက်ပါ။ တိကျပြီး ရှင်းလင်းပြီး အမှန်တကယ် လုပ်သင့် သောအချက်တွေကိုဘဲ ခိုင်ခိုင်မာမာတိုက်တွန်းပြောဆိုပါ။

သတင်းစကားပြင်ဆင်ရာမှာ အဓိကသတင်းစကား (Main Message) နဲ့ ထောက်ပံ့သတင်း (Tailored Message) ဆိုပြီး နှစ်မျိုးရှိပါတယ်။

> အဓိကသတင်းစကားဆိုတာ ကိုယ်တောင်းဆိုမဲ့လုပ်ဆောင်ချက်ကို ဘယ်သူကိုဘဲပြောပြော အဓိကထားပြောရတဲ့ သတင်း စကားဖြစ်ပါတယ်။
>
> ထောက်ပံ့သတင်း (Tailored Message) ဆိုတာကတော့ ကိုယ်တောင်းဆိုမဲ့ လုပ်ဆောင်ချက်မပျောက်စေဘဲ ကိုယ်ပြောဆိုမဲ့သူတယောက် စိတ်ဝင်စားပြီး လုပ်ဆောင်လာအောင် ပြောင်းလဲပြီး ပြောဆိုနိုင်တဲ့သတင်းစကားမျိုးဖြစ် ပါတယ်။ ကိုယ်ဦးတည်တဲ့လူရဲ့ အခြေအနေနဲ့ ဖြစ်ပျက်နေတဲ့ကာလအချိန်ကိုလိုက်ပြီး ပြင်နိုင်ပါတယ်။



ဒီသတင်းစကားနှစ်မျိုးကို နားလည်အောင် ရှင်းပြပါမယ်။ အခုပုံမှာ မိသားစု စားနေကျ ထမင်းဝိုင်းပုံဖြစ်ပါတယ်။ အသားဟင်းပါတယ်။ ဟင်းသီးဟင်းရွက်အကြော်၊ အသုပ်ပါပါတယ်။ အရည်သောက် ဟင်းချိုပါတယ်။ ငါးပိရည် တို့စရာပါတယ်။ ဒီထမင်းဝိုင်းမှာစားတဲ့သူတွေက အသားကြိုက်တဲ့သူပါနိုင်တယ်။ ဟင်းသီးဟင်းရွက်ဘဲ စားတဲ့သက်သတ်လွတ်သမားလဲ ရှိနိုင်တယ်။ မြန်မာဆန်ဆန် ငါးပိရည်နဲ့တို့စရာကို အားရပါးရစားချင်တဲ့ သူလဲပါနိုင်တယ်။ သူတို့တွေ ကြိုက်တာစားနိုင်အောင် ဟင်းတွေကို အမျိုးမျိုးပြင်ထားတယ်။ ကြိုက်တဲ့သူတွေက ကြိုက်တဲ့ဟင်းကို ခပ်စားရင်းနဲ့ စားမြိန်စေနိုင်ပါတယ်။ ဒီလိုမျိုး လူတိုင်းစားမြိန်စေမဲ့ သူတို့ကြိုက်တဲ့ ဟင်းချက်ကျွေးတာဟာ ထောက်ပံ့သတင်းတွေဖြစ်ပါတယ်။

ဒါပေမဲ့ဘာဟင်းဘဲကျွေးကျွေးအဓိကလူတိုင်းစားနိုင်ဖို့မဖြစ်မနေချက်ကျွေးရမဲ့အရာတခုတော့ရှိပါတယ်။ အသားကြိုက်တဲ့သူဘဲဖြစ်ဖြစ်၊ သက်သတ်လွတ်သမားဘဲဖြစ်ဖြစ်၊ ငပိရည်နဲ့တို့စရာနဲ့ မြိန်တဲ့သူဘဲဖြစ်ဖြစ် မဖြစ်မနေစားနေကြတာကတော့ ထမင်းဘဲဖြစ်ပါတယ်။ ဘာဟင်းတွေချက်ချက် လူတိုင်းက ထမင်းကိုအဓိကထား စားကြတာဖြစ်တဲ့အတွက် ထမင်းကတော့ (Main Message) လို့ ဆိုနိုင်ပါတယ်။

## လက်တွေ့အဖြစ်အပျက်



အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွေ များပြားနေတဲ့အတွက် မြန်မာနိုင်ငံမှာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးရေး ဥပဒေပေါ်ပေါက်ဖို့အတွက် အရပ်ဖက်လူထုအဖွဲ့အစည်းတွေက ကြိုးပမ်းခဲ့တာကြာပါပြီ။ ဥပဒေကြမ်းဖြစ်တဲ့အတွက် အစိုးရအဆင့် အဖွဲ့အစည်းတွေဖြစ်တဲ့ ဝန်ကြီးဌာနကနေ မူကြမ်းရေးဆိုဖို့ တိုက်တွန်းခဲ့တဲ့အခါမှာ မူကြမ်းကို ရေးဆွဲခဲ့ပါတယ်။




ဒီဥပဒေမူကြမ်းကို အတည်ပြုဖို့က လွှတ်တော်ရဲ့တာဝန်ဖြစ်တဲ့အတွက် ဥပဒေကြမ်းသာ လွှတ်တော်ကို ရောက်ရှိလာရန် ဝိုင်းဝန်းထောက်ခံဖို့ကြိုတင်ပြင်ဆင်ကြပါတယ်။ ဒီလိုပြင်ဆင်တဲ့အခါမှ အဓိကသတင်းစကား (Main Message) နဲ့ ထောက်ပံ့သတင်း (Tailored Message)ကို ပြင်ဆင်တဲ့အခါမှာ ဘယ်ဟာက အဓိကသတင်းစကားလဲ၊ ဘယ်အရာတွေကတော့ ကိုယ့်တွေ့ဆုံမဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ အခြေအနေနဲ့ အနေအထားကိုလိုက်ပြီး စိတ်ဝင်စားအောင်ပြောင်းလဲပြောဆိုနိုင်မဲ့ ထောက်ပံ့ သတင်း တွေ ဖြစ်နိုင် လဲဆိုတာ ပြင်ဆင်ကြပါတယ်။

ဒီတော့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးရေး ဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင် ရွက်ဖို့ဆိုတာက လွှတ်တော်ကိုယ်စားလှယ် ဘယ်သူနဲ့တွေ့တွေ့ မပြောင်းမလဲပြောဆိုရမဲ့ အဓိကသတင်း စကားဖြစ်လာပါတယ်။




လွှတ်တော်ကိုယ်စားလှယ်တွေက ဒီဥပဒေကြမ်းကို ဘာကြောင့် ထောက်ခံသင့်ကြောင်း ကိုပြောမဲ့ ထောက်ပံ့သတင်းကတော့ ပြောင်းလဲကောင်း ပြောင်းလဲနိုင်ပါတယ်။ တကယ်လို့ လွှတ်တော်ကိုယ်စားလှယ် အမျိုးသမီးက အိမ်တွင်းအကြမ်းဖက်မှုကို တက်တက်ကြွကြွ လုပ်ဆောင်နေတဲ့သူမျိုးဆိုရင် ဒီအကြမ်းဖက်မှု တားဆီးဥပဒေထဲမှာ အိမ်တွင်းအကြမ်းဖက်မှုကိုပါ ပါဝင်အောင် ထည့်သွင်းသင့်ကြောင်း၊ ဒီလိုပြဌာန်းခြင်းအားဖြင့် အိမ်တွင်းအကြမ်းဖက်မှုတွေ ပပျောက်လာအောင် ဘယ်လိုအကျိုးရှိနိုင်မယ်ဆိုတာ ပြောပြရင် သူ့ရဲ့စိတ်ဝင်စားထောက်ခံမှုကို ရရှိနိုင်ပါတယ်။

တကယ်လို့ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်မယ်ဆိုရင် ဒီဥပဒေကြမ်းဟာ တိုင်းရင်းသားဒေသတွေမှာ ဖြစ်ပွားနေတဲ့ တိုင်းရင်းသားပြည်သူတွေ အထူးသဖြင့် တိုင်းရင်းသားအမျိုးသမီးတွေကို ကာကွယ်ပေးရာရောက်မယ်ဆိုတဲ့ အချက်ကို ဖော်ပြပေးပြီး ပြောခြင်းအားဖြင့် သူတို့စိတ်ဝင်စားမှုကို ပိုမိုရရှိနိုင်ပါလိမ့်မယ်။

တကယ်လို့များ တွေ့ဆုံမဲ့ လွှတ်တော်ကိုယ်စားလှယ်က ဥပဒေပညာရှင်အမျိုးသားတယောက်ဖြစ်တယ်ဆိုရင် ဒီဥပဒေမှာ ဥပဒေဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ၊ ပြစ်မှုပြစ်ဒဏ်တွေဟာ အားကောင်းထိရောက်ဖို့ လိုအပ်တဲ့အတွက် ဒီဥပဒေကိုထောက်ခံသင့်ကြောင်း ပြောဆိုရင် သူ့ရဲ့ စိတ်ဝင်စားထောက်ခံမှုကို ပိုရနိုင်ပါတယ်။

ဘယ်သူ့ကို ဘယ်လိုဘဲ စိတ်ဝင်စားအောင်ပြောပြော ပြောင်းလဲလို့မရတာကတော့ အဓိက သတင်းစကားဖြစ်တဲ့ ဒီဥပဒေကို ထောက်ခံဖို့အချက်ဖြစ်ပါတယ်။ ဒီအဓိကအချက်ကိုတော့ ဘယ်လိုမှပြောင်းလို့မရပါဘူး။ ဘယ်သူ့ကို ဘယ်နေရာ ဘယ်အချိန်မှာတွေ့တွေ့ ဒီအဓိကသတင်းစကားကို ပြောဖို့လိုပါတယ်။

## တွေ့ဆုံမှုအတွက် သတင်းစကားပြင်ဆင်ခြင်း




အကောင်းဆုံးလို့မပြောနိုင်ပေမဲ့ စည်းရုံးလှုံ့ဆော်သူအတော်များများ အသုံးပြုလေ့ရှိတဲ့ သတင်းစကား ပြောကြားမှုနဲ့ပတ်သပ်ပြီး ပြင်ဆင်ပုံတခုကို အထက်ပါပုံမှာ ဖော်ပြထားပါတယ်။

စစချင်းပြောဆိုတဲ့အကြာင်းအရာကတော့ ကိုယ်တင်ပြပြောဆိုမဲ့အကြောင်းအရာရဲ့ အကြောင်းဖြစ်ပါတယ်။ ဘာ အကြောင်းအရာကို ပြောဆိုဆွေးနွေးမှာဖြစ်ကြောင်းအဖွင့်ပြောကြားပြီး ဒီကိစ္စနဲ့ ပတ်သက်လို့ ဘယ်လိုဖြစ်ပွားနေလဲ၊ ဘယ် လောက် အထိ ဆိုးဝါးနေသလဲ၊ ဘယ်သူတွေ ဘာဝင်ပတ်သတ်နေသလဲဆိုတဲ့ အကြောင်းအရာတွေကို ပြည့်ပြည့်စုံစုံ တင်ပြပြောဆို တာဖြစ်ပါတယ်။ ဒီလိုပြောဆိုလိုက်ခြင်းကြောင့် လာရောက်တွေ့ဆုံရတဲ့ခေါင်းစဉ်ကို အသိပေးပြီးလမ်းကြောင်း မလွဲအောင်ထိန်းလိုက်တဲ့ သဘောလဲဖြစ်ပါတယ်။ နောက်ပြီးတော့ ကိုယ်တင်ပြပြော ဆိုမဲ့အကြောင်း အရာနဲ့ ပတ်သက်ပြီး မသိရှိသေးတဲ့သူတွေ သဘောပေါက်နားလည်အောင် လုပ်ဆောင်လိုက်တာဖြစ်ပါတယ်။ ကိုယ်ဦးတည်ပစ်မှတ်ထားတဲ့သူအနေနဲ့ အကြောင်းအရာကို သဘောပေါက်အောင်၊ နားလည်သိရှိအောင် တင်ပြပေးတဲ့ အပိုင်းဖြစ်ပါတယ်။



ဒီလိုအကြောင်းအရာအကြောင်းကို တင်ပြပြောဆိုပြီးပြီဆိုရင် နောက်တဆင့်ကတော့ ကိုယ်တင်ပြပြောဆိုတဲ့ အကြောင်းအရာက ဘာတွေကြောင့်ဖြစ်နေရတာလဲကို မြင်သာအောင် ပြောဆိုတဲ့အဆင့်ဖြစ်ပါတယ်။ ဒီအပိုင်းကလဲ အရေးကြီးပါတယ်။ အကြောင်းအရာတခုနဲ့ပတ်သက်ပြီး ဖြစ်ပျက်နေတဲ့အကြောင်းတွေကိုဘဲ တင်ပြနေလို့မရပါဘူး။ ဖြစ်နေတဲ့အကြောင်းအရာက ဘာကြောင့်ဖြစ်ပျက်သလဲဆိုတာ မြင်သာထင်သာရှိမှ အဖြေရှာဖို့ လွယ်မှာဖြစ်ပါတယ်။ ဖြစ်နေတဲ့ အကြောင်းအရာရဲ့ ရေသောက်မြစ်ကို တူးဆွနိုင်မှာ ဖြေရှင်းနိုင်မဲ့ နည်းလမ်းကောင်းတွေကို ရှာဖွေလုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအပိုင်းမှာ ဖြစ်ရတဲ့အကြောင်းရင်းတွေ တင်ပြလေ့ရှိပါတယ်။

အကြောင်းအရာနဲ့ပတ်သက်ပြီး ဖြစ်ပွားနေပုံတွေ၊ ဖြစ်ရတဲ့အကြောင်းရင်းတွေကို တင်ပြပြီးရင်တော့ ဒီလိုဖြစ်နေရတဲ့အကြောင်းကို ခိုင်ခိုင်မာမာယုံကြည်လာစေဖို့အတွက် သက်သေအထောက်အထားတွေ၊ ကိန်းဂဏန်းတွေ၊ သုတေသန တွေ ရှိချက်တွေကို တင်ပြလေ့ရှိပါတယ်။ ဘာကြောင့်လဲဆိုတာ အကြောင်းအရာတခုကို လက်ခံလာဖို့အတွက် သက်သေ အထောက်အထားခိုင်မာဖို့လိုအပ်ပါတယ်။ ပြောဆိုမှု စွမ်းရည်ဘယ်လောက်ကောင်းကောင်း ခိုင်မာတဲ့အချက်အလက်တွေ၊ တွေ့ရှိချက်တွေ၊ အထောက်အထားတွေမပါရင် ယုံကြည်နိုင်ဖို့ ခက်ခဲပါတယ်။ ဒါကြောင့် ဒီအပိုင်းမှာ ကိုယ်ကောက်ယူထားတဲ့ သက်သေခံအချက်တွေ၊ အစီရင်ခံစာတွေ၊ သုံးသပ်ချက်တွေ၊ ဓာတ်ပုံ ဗီဒီယိုမှတ်တမ်းတွေကို တင်ပြပြီး ယုံကြည်အောင်၊ လက်ခံလာအောင် လုပ်ဆောင်ရတာဖြစ်ပါတယ်။ နှုတ်တစ်ရာ စာတလုံးဆိုသလို ပြောခဲ့တဲ့အကြောင်းအရာတွေကို မြင်ယောင်နိုင်ဖို့နဲ့ ယုံကြည်လာစေနိုင်ဖို့အတွက် ဒီအပိုင်းက ကူညီပံ့ပိုးပေးပါမယ်။ ဒီအဆင့် အထိကတော့ ဦးတည် ပစ်မှတ်ထားတဲ့သူတွေရဲ့ ဗဟုသုတကို ဦးတည်ထား တင်ပြတဲ့အတွက် ဦးနှောက်ပိုင်း (HEAD) အပိုင်းဖြစ်ပါတယ်။

နောက်ထပ်အဆင့်ကတော့ ကိုယ်တင်ပြပြောဆိုနေတဲ့သူရဲ့ နလုံးသားကိုဘယ် လိုကိုင်လှုပ်ပြီး ကိုယ်ပြောနေတဲ့ အကြောင်းအရာအပေါ် စိတ်ဝင်စားအောင် ဘယ်လိုလုပ်မလဲဆိုတဲ့အဆင့်ဖြစ်ပါတယ်။ လူသားတွေမှာ ခံစားချက်ရှိကြတယ်။ ခံစားချက်ကိုပေါ်အောင်လုပ်ဆောင်နိုင်ရင် ဒီအကြောင်းအရာကို ပြောင်းအောင်လုပ်ဆောင်လိုတဲ့ စိတ်တွေမြင့်တက်လာတတ်ပါတယ်။ ကိုယ့်ရှေ့မှာ ဖြစ်နေတဲ့အကြောင်းအရာဟာ မတရားမှုဆိုတာမြင်လာပြီး ကိုယ်ချင်းစာမှု၊



စာနာနားလည်မှုတွေ ပေါ်ပေါက်အောင်လုပ်နိုင်လာရင် ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး လုပ်ချင်ကိုင်ချင်တဲ့စိတ်တွေ ပေါက်ဖွားလာမှာပါ။ ဒီလိုပြောတဲ့အတွက် မျက်ရည်ခြူတဲ့သရုပ်ဆောင်ကွက်တွေ လုပ်ပြစရာမ လိုပါဘူး။ ဖြစ်ခဲ့အကြောင်း အရာကို မျက်စိထဲမြင်လာပြီး နှလုံးသားနဲ့ ခံစားအောင်ပြောဆိုခြင်းဘဲ ဖြစ်ပါတယ်။ ဒီလိုအကြောင်းအရာမျိုးကို အကောင်းဆုံးပြော နိုင်မဲ့သူတွေက ကာယကံရှင် တွေဘဲဖြစ်ပါတယ်။ သူတို့တွေဟာ သူတို့ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ မတရားမှုတွေ၊ စော်ကားခံရမှုတွေကို ရိုးရိုးလေးနဲ့တင်ပြပြီး လုပ်ဆောင်ပေးချင်တဲ့စိတ် ပေါ်ပေါက်လာအောင် လုပ်ဆောင်နိုင်တဲ့ သတင်းစကားပေးတဲ့ သူတွေဖြစ်ပါတယ်။ သူတို့တွေရဲ့ ထွက်ဆိုပြောဆိုချက်တွေ၊ ရင်ဆိုင်ကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေ အကြောင်း ရင်ဖွင့်ပြောဆိုမှုတွေကို ဒီအဆင့်မှာ တင်ပြပြောဆိုကြပါတယ်။ ဒီအပိုင်းကတော့ နှလုံးသားကိုသိမ်းပိုက်မဲ့ အပိုင်း (HEART) အပိုင်းတွေဖြစ်ပါတယ်။

နောက်ဆုံးအပိုင်းကတော့ တကယ့်ကို အရေးကြီးတဲ့အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းကတော့ နိဂုံးပိုင်းလဲဖြစ်သလို ဘယ်လိုမှ ချိန်လုပ်ထားခဲ့လို့ မရတဲ့အပိုင်းလဲဖြစ်ပါတယ်။ ဒီအပိုင်းကတော့ ကိုယ်ရည်ရွယ်ပစ်မှတ်ထားတဲ့သူတွေကို ဘာတွေလုပ် ဆောင်စေချင်သလဲဆိုတာကို တိတိကျကျရှင်းရှင်းတင်ပြအကြံပေးတဲ့အပိုင်းပါ။ စည်းရုံးလှုံ့ဆော်တယ် ဆိုတာ အလ္လာပ သလ္လာပ စကားသွားပြောတာမဟုတ်ပါဘူး. လူမမာသွားမေးတာလဲ မဟုတ်ပါဘူး၊ ကိုယ်လုပ်ဆောင်နေတဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး ပြောင်းလဲမှုဖြစ်လာအောင် ဘာလုပ်သင့်လဲဆိုတာကို တင်ပြတာဖြစ်ပါတယ်။ ကိုယ်အကြံပြုတင်ပြတဲ့အချက်တွေက ရှင်းလင်း၊ တိကျပါမှ ဘာလုပ်ရမလဲဆိုတာ ရှင်းလင်းပါလိမ့်မယ်။ ဒါကြောင့် တောင်းဆိုအကြံပြုချက်တွေကို တသီတတန်း ပြောတာမျိုးမလုပ်ဘဲ ကိုယ်ပြောချင်တဲ့အဓိကတချက် သို့မဟုတ် နှစ်ခုသုံးခုကိုသာပြောပါ။ တကယ်မပြောခင် ဘယ်လိုပြောလဲ၊ ကိုယ့်ပစ်မှတ်က နားလည်မလည် အရင်စမ်းသပ်ကြည့်ပါ။ လုပ်ချင်လာအောင်ပြောယုံသက်သက်သာမဟုတ်ဘဲ ဘာလုပ်သင့်တယ်ဆိုတာကိုပါ အားပေးပြောကြားတဲ့ ပုံစံမျိုးဖြစ် အောင်လုပ်ပါ။






**တွေ့ဆုံပြောဆိုမည့်သူများကို ရွေးချယ်ခြင်း**

ပြောကြားရမဲ့ရှုထောင့် အမျိုးမျိုးရှိနိုင်တဲ့အတွက် လူတိုင်းက အသုံးဝင်နိုင်မှာပါ။ ဒါပေမဲ့ လူမှန်နေရာမှန် သုံးတတ်ဖို့တော့ လိုအပ်ပါတယ်။

အကြောင်းအရာနယ်ပယ်ကို ကျွမ်းကျင်သူ – ဒီလိုလူမျိုးတွေကတော့ အကြောင်းအရာကို ရှင်းရှင်းလင်းလင်း ထင်သာမြင်သာအောင် ပြောနိုင်တဲ့သူမျိုးဖြစ်ပါတယ်၊ အကြောင်းအရာကို သေသေချာချာလေ့လာထားတဲ့သူတွေဖြစ်တဲ့အတွက် သတင်းအချက်လက်တွေစုံတယ်။ သုတေသနပြုလုပ်ထားတဲ့သူဖြစ်တဲ့အတွက် ပြောတဲ့အချက်တွေက ခိုင်မာပါတယ်။ ဒီအကြောင်း အရာ

နဲ့ ပတ်သက်ပြီး သေသေချာချာလေ့လာထားပါလားဆိုတဲ့ အမြင်မျိုးကို တဖက်လူက ခံစားမိသွားအောင် သူတို့က စွမ်းဆောင်ပေး နိုင်ပါတယ်။

**ရပ်ရွာလူထုကြားမှာ ဩဇာလွှမ်းမိုးသူ၊ လေးစားခံရသူ** – သူတို့ကတော့ တဖက်က နားထောင်တဲ့သူက လေးစား ပြီးသား ဖြစ်တဲ့သူမျိုးကို ဆိုလိုတာပါ။ သွားရောက်ပြောဆိုတဲ့ တဖက်လူတွေက နိုင်ငံရေးအရ၊ လူမှုရေးအရ လေးစားထား ပြီးသားတဲ့သူ မျိုးတွေ ကိုယ့်ဖက်မှာပါဝင်နေရင် ကိုယ့်ပြောမဲ့စကားကို လေးစားမှု ပိုရှိတတ်ကြပါတယ်။

**ထင်ပေါ်ကျော်ကြားသူ၊ မီဒီယာအာရုံစိုက်ခံရသူ** – ဒီလိုလူမျိုးတွေကတော့ မီဒီယာက ကိုယ့်လုပ်ဆောင်တဲ့အကြောင်း အရာအပေါ် အာရုံစိုက်ပြီး သတင်းတွေရေးသားလာအောင် အကျိုးပြုပါတယ်။ မီဒီယာက အရင်ကထဲက အာရုံစိုက်တာကို ခံထားရတဲ့အတွက် သူတို့လုပ်သမျှဟာ သတင်းရေးသားလောက်တဲ့အကြောင်းအရာတွေဖြစ်နေတတ်ပါတယ်။ သွား ရောက်ပြောဆိုတဲ့ တဖက်လူဖက်ကလဲ စိတ်ဝင်စားမှု ပိုများလာတတ်ပါတယ်။

**အကြောင်းအရာနဲ့ပတ်သက်ပြီး တိုက်ရိုက်သက်ရောက်မှုခံစားရသူ** – သူတို့လိုလူမျိုးတွေကတော့အဖြစ်အပျက်ကို တကယ်တမ်းမြင်ယောင်လာအောင်သာမကဘဲ နှလုံးသားကို ကိုင်လှုပ်နိုင်အောင် လုပ်ပေးနိုင်တဲ့သူတွေဖြစ်ပါတယ်။ စစ်ပွဲ ရဲ့ဆိုးကျိုးတွေကို ပညာရှင်ပိုင်းသုံးသပ်မှုကလဲ ဗဟုသုတပိုင်းအတွက်ကောင်းသလို စစ်ပွဲရဲ့အန္တရာယ်တွေကို ကိုယ်တိုင် ကြုံတွေ့ခဲ့ရ သူတွေရဲ့ဖြစ်ရပ်မှန်တွေကလဲ တဖက်လူကိုခံစားပြီး တခုခုကို လုပ်ပေးချင်လာအောင် စေ့ဆော်ပေးတတ် ပါတယ်။

**စေ့စပ်ဆော်ဩပေးတတ်သူ** – သူ့ရဲ့ အခန်းကဏ္ဍကလဲ အရေးကြီးပါတယ်။ သူက အဓိကပြောကြားသူ တယောက် ဖြစ်ချင်မှ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ဒီလိုလူမျိုးက ပြောကြားနေတဲ့အစီအစဉ်တခုလုံးကို လေ့လာအကဲခတ်ပြီး လိုအပ်သလို ထိန်းကျောင်းပေးတဲ့သူမျိုးဖြစ်ပါတယ်။ အစီအစဉ်တွေ ဟမသွားရအောင်၊ အချိန်တွေ ဖြုန်းသလိုမဖြစ်အောင်၊ ပြောကြား မဲ့ ခေါင်းစဉ် တွေလွဲသွားတာမျိုးမဖြစ်ရအောင် ထိန်းညှိပေးတတ်တဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် ပြင်ဆင်ထားတဲ့အရေးကြီး အချက်တွေ တခုခုကျန်သွားရင် သို့မဟုတ် မေ့သွားရန် မကျန်အောင် ဖြည့်စွက်ပေးတာ သို့မဟုတ် သတိပေးတာတွေ လုပ်ပေးတတ်တဲ့သူမျိုးပါ။ ကိုယ်သွား ရောက်ပြောဆိုတဲ့ဖက်က လူတွေက ပြန်မေးမြန်းတဲ့ မေးခွန်းတွေရှိလာရင် ချက်ကျ လက်ကျပြန်ဖြေကြားနိုင်အောင် စေ့စပ်ဆော် ဩပေးတဲ့သူများဖြစ်ပါတယ်။ ဒီလိုလူတွေကလဲ အရေးပါလှပါတယ်။

စည်းရုံးလှုံ့ဆော်မှုအတွက် တွေ့ဆုံတော့မယ်ဆိုရင်

- ❖ ပြောဆိုမည့်သူများအားလုံးနှင့် ဝိုင်းဝန်းလုပ်ဆောင်ပံ့ပိုးပေးမဲ့သူတိုင်း ပြင်ဆင်မှု အစည်းအဝေးကို သေချာစွာတက် ရောက်ခိုင်းပါ။
- ❖ အဓိက ပြောမဲ့သတင်းစကားကို ပြင်ပါ။

- ဘယ်သူတွေက ပြောသင့်လဲ စဉ်းစားရွေးချယ်ပါ။
- ပြောမဲ့သူများရဲ့ ပြောကြားမဲ့အကြောင်းအရာ၊ အစီအစဉ်များကို ချမှတ်ပါ။
- ဘယ်လိုအသုံးအနှုန်းမျိုးသုံးမလဲ။ ဘယ်လိုဥပမာပေးမလဲ တိုင်ပင်ညှိနှိုင်းပါ။
- ပြောဆိုမည့်သူအကြား အချင်းချင်နားလည်မည့် သင်္ကေတများ ညှိနှိုင်းသဘောတူထားပါ၊ ( မြန်မြန်ပြောရန်၊ အချိန်စေ့တော့မယ်၊ နောက်အလှည့်ပြောဖို့ပြင်ထားရန် စသည့်ဖြင့်)
- မှတ်တမ်းယူမဲ့သူကို သီးသန့်တာဝန်ပေးလေ့ကျင့်ပေးပါ။
- လိုအပ်သည့် အထောက်အထားများ၊ စာရွက်စာတမ်းများနှင့် တဖက်လူကို ပေးခဲ့မည့် ဖိုင်များကို ပြင်ဆင်ပါ။
- လိုအပ်သည့် ဓာတ်ပုံ၊ ဗီဒီယိုများပြင်ပါ။ ပြသမည်ဆိုပါက အရည်အသွေးနှင့် ကြာမြင့်မဲ့အချိန်ကို အရင်စစ်ဆေးပါ။
- လေ့ကျင့်ပါ၊ အကြံပေးဝေဖန်ပါ။




## ဆွေးနွေးချက်

ဇရပ်ကုန်းရွာ အဖြစ်အပျက်ကို ပြန်ဖတ်ပါ။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

- ဇရပ်ကုန်းရွာသားတွေဟာ တွေ့ဆုံဆွေးနွေးဖို့အတွက် ဘယ်လိုပြင်ဆင်ခဲ့ကြသလဲ။
- ပြောဆိုဖို့ လူတွေကို ဘယ်လို ရွေးချယ်ခဲ့သလဲ။



## လက်တွေ့အဖြစ်အပျက်

လိင်တူချစ်သူများရင်ဆိုင်ကြုံတွေ့နေရသော ခွဲခြားဆက်ဆံခံနေရမှုတွေကို ဥပဒေအရ ထိရောက်စွာအရေးယူလုပ် ဆောင်ပေးဖို့ကို တင်ပြဖို့အတွက် မန္တလေးမြို့ရှိ လိင်စိတ်ကွဲပြားသူများအရေး လုပ်ဆောင်နေသော အဖွဲ့တဖွဲ့က ပြင်ဆင်ခဲ့ကြပါတယ်။ သူတို့ဟာလွှတ်တော်တွင်း စည်းရုံးလှုံ့ဆော်မှုကို တကြိမ်တခါမှ မလုပ်ဆောင်ခဲ့ကြဖူးပါဘူး။ ဒါကြောင့် လွှတ်တော်တွင်း စည်းရုံးလှုံ့ဆော်မှု အတွေ့အကြုံရှိတဲ့ တခြားအဖွဲ့ အစည်းတွေက လူတွေကိုဖိတ်ခေါ်ပြီး အကြံဉာဏ်တွေ တောင်းခံခဲ့ပါတယ်။



သူတို့ဟာ လွှတ်တော်ကို တွေ့ခွင့်တောင်းခံထားတဲ့ အချိန်အတွင်းမှာပြင်ဆင်မှု အကြိမ်ကြိမ်လုပ်ဆောင်ခဲ့ပါတယ်။ မြန်မာတနိုင်ငံလုံးမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ပေါ်လွင်ထင်ရှားစေဖို့အတွက် နေရာဒေသ အသီးသီးက အဖွဲ့ဝင်တွေကိုလူစုံအောင် ရွေးချယ်ပါတယ်။ သူတို့အားလုံးဟာပြင်ဆင်မှုအစည်းအဝေးတွေကို မပျက်မကွက်တက်ရောက်ခဲ့ပြီး ဘာအကြောင်းအရာကို ဦးတည်ပြောမှာလဲ၊ ဘယ်အချက်တွေကို အဓိကထားပြောမလဲဆိုတာကို ဝိုင်းဝန်းတိုင်ပင်ကြပါတယ်။ ပြောရမဲ့ အချက်တွေအကြောင်းအရာတွေကို ပညာရေး၊ လုပ်ငန်းခွင်၊ ကျန်းမာရေးနဲ့ တရားစီရင်ရေးတွေမှာ ခွဲခြားဆက်ဆံရတဲ့အကြောင်းတွေလို့ သဘောတူ သတ်မှတ်ပြီးတဲ့နောက်ပိုင်းမှာ ဘယ်သူက ဘယ်အကြောင်းအရာကို ပြောကြမလဲ ထပ်ပြီးရွေးချယ် ကြပါတယ်။ ပညာရေး ကဏ္ဍမှာခွဲခြားခံရမှုကို ကိုယ်တိုင် ကြုံဘူးတဲ့သူတွေ၊ အလုပ်ခွင်မှာ စော်ကားနှောက် ယှက်ခံရတဲ့သူတွေ၊ ကျန်းမာရေး ဆေးရုံတွေမှာ ခွဲခြားခံရဘူးတဲ့ သူတွေက သူတို့အတွေ့ အကြုံတွေကို သူတို့တင်ပြဖို့ ပြင်ဆင်ခဲ့ပါတယ်။ လိင်စိတ် ကွဲပြားသူတွေအပေါ် ရဲတပ်ဖွဲ့က အနိုင်ကျင့်ခြိမ်းခြောက်မှုတွေကိုတော့ ဒီလိုအမှုမျိုးတွေကို လက်ခံကူညီပေးတဲ့ ဥပဒေကျွမ်းကျင်သူ တယောက်ကပြောကြားဖို့ တာဝန်ယူပါတယ်။ လွှတ်တော်ကော်မတီကို ဘာတွေလုပ်ဆောင်စေချင်သလဲဆိုတာကို နောက် ဆုံးတင်ပြဖို့ ခေါင်းဆောင်တဦးက လုပ်ဆောင်ဖို့ သဘောတူခဲ့ပါတယ်။

ဒီလိုစည်းရုံးလှုံ့ဆော်မှုမျိုးအတွေ့အကြုံရှိပြီး လွှတ်တော်ကိုယ်စားလှယ်များနဲ့ သိကျွမ်းရင်းနှီးထား တဲ့သူတဦးကတော့ အဖွင့်မိတ်ဆက်ပြောပြီး လိုအပ်သလို စေ့စပ်ဆော်ဩပေးဖို့ တာဝန်ယူခဲ့ပါတယ်။ သူ့ရဲ့တာဝန်က တဦးချင်းကို မိတ်ဆက်ပေးတာ၊ အစီအစဉ် တကျဖြစ်ဖို့အတွက် အလှည့်ကျပြောမဲ့သူကို ဖိတ်ခေါ်တာ၊ သတ်မှတ်ထားတဲ့ အချိန်အတိုင်းဖြစ်ဖို့ သတိပေးတာ ဖြစ်ပါတယ်။ ဒါ့အပြင် အားလုံးပြီးသွားတဲ့အခါမှာ အရေးကြီးတဲ့ အချက်တွေများကျန်ခဲ့ရင် ဖြည့်စွက်ပေးဖို့ တာဝန်လဲယူခဲ့ပါတယ်။ လာရောက်ပြောကြားတဲ့ သူတွေပြောတာပြီးလို့ ကော်မတီဝင်တွေက မေးခွန်းမေးလာခဲ့ရင်ဖြေကြားနိုင်မဲ့သူကို လွှဲပေးတာ၊ တခြားသူတွေဖြေကြားနိုင်အောင် လမ်းဖွင့်ပေးတာမျိုးတွေ လုပ်ဆောင်ပေးပါတယ်။ နောက်ဆုံးမှာ အစည်းအဝေးရဲ့အနှစ်ချုပ်နဲ့ ဆုံးဖြတ်ချက်များ ကို အတည်ပြုပေးတာကိုလဲ လုပ်ဆောင်ပေး ခဲ့ပါတယ်။



ကော်မတီဝင်များရဲ့ ရင်ကိုထိစေတဲ့ အရာကတော့ ခွဲခြားခံရတဲ့ အဖြစ်အပျက်ကို ကိုယ်တိုင်ကြုံတွေ့ ခံစားရသူတွေက သူတို့အဖြစ်အပျက်ကို မျက်ရည်တွေနဲ့ တင်ပြသွားတဲ့အရာဖြစ်ပါတယ်။ ကော်မတီများကိုယ်တိုင် ပြန်လည်နစ်သိမ့်ပေးတာတွေ၊ လုပ်ဆောင်ပေးမယ်လို့ ကတိပြုတဲ့အထိ အောင်မြင်ခဲ့ပါတယ်။

လာရောက်ပြောဆိုတဲ့သူတွေဖက်က ရဲတပ်ဖွဲ့ ဝင်များရဲ့ အနိုင်ကျင့်မှုအဖြစ်အပျက်အကြောင်း အင်တာဗျူးထားတဲ့ စာရွက်စာတမ်းတွေ၊ ကိန်းဂဏန်းတွေကို သေသေချာချာ ပါဝါပွိုင့်နဲ့ပြသရှင်းလင်းပါတယ်။ နောက်ထပ်အသေးစိတ်ဖတ်ရှုနိုင်ဖို့ အစီရင်ခံစာတွေကို ကိုယ်တိုင်ကိုယ် ကျပေးအပ်ခဲ့ကြပါတယ်။ တဖက်နဲ့တဖက် ဆက်သွယ်နိုင်မဲ့ လမ်းကြောင်းတွေကိုလဲ အပြန်အလှန်ဖ လှယ်ခဲ့ကြပါတယ်။

## (ဂ) အစီအစဉ်တွေကို ချမှတ်ပြီး စတင်လုပ်ဆောင်ခြင်း

ဒီအပိုင်းမှာတော့ လိုအပ်တဲ့ပြင် ဆင်မှုတွေ ပြီးသွားတဲ့အခါ ဘယ်လိုလုပ်ဆောင်ကြမလဲဆိုတာ ကို စနစ်တကျပြင်ဆင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်တဲ့ အဆင့်ဖြစ်ပါတယ်။ ဟင်းချက်ဖို့ လိုအပ်တဲ့ပစ္စည်းတွေကို ဝယ်ပြီးပြီဆိုရင် ဘယ်လိုချက်ကြမလဲဆိုတဲ့အပိုင်းပေါ့။ ဝယ်ထားသမျှပစ္စည်း တွေကို စုပုံပြီး အိုးထဲထည့်ချက်လို့ မရပါဘူး။ ဟင်းအရာ ကောင်းဖို့အတွက် ဆီချက်ဖို့ ထောင်းမ လား၊ ဆီသတ်မလား၊ အသားတွေကို ဘယ်အချိန် မှာထည့်ပြီး ဘယ်လောက်ကြာကြာချက်ရမလဲ။ လို အပ်တဲ့ အမွှေးတန်ဆာပလာတွေကို ဘယ်အချိန်ကျရင် ထည့်မလဲဆိုတာ တဆင့်ပြီးတဆင့် လုပ်ဆောင်ရပါတယ်၊ ဒီလိုချက်မှသာ ကိုယ်ချက် တဲ့ဟင်းဟာ စားကောင်းတဲ့ ဟင်းလျာဖြစ်လာမှာပါ။

စည်းရုံးလှုံ့ဆော်မှုကို လုပ်မယ်ဆိုရင်လဲ ဟင်းချက်တဲ့သဘောတရားအတိုင်းပါဘဲ။ ကိုယ်ဘာတွေလုပ်မလဲဆိုတာကို ပြင်ဆင်ပါတယ်။ ဘယ်လိုလုပ်မလဲဆိုတာကို ပြင်ဆင်ပါတယ်။ ဘယ်အချိန်မှာ ဘယ်သူတွေက တာဝန်ယူလုပ်ဆောင်မလဲ ပြင်ဆင်ပါတယ်။ လုပ်ဆောင်မှုတွေကို ဘယ်လိုအကဲဖြတ်မလဲ ပြင်ဆင်ပါတယ်။

အားလုံးပြင်ဆင်ပြီးရင်တော့ လုပ်ဆောင်ထားဖို့ပြင်ဆင်ထားတဲ့အတိုင်း အကောင်အထည်ဖော်လုပ်ဆောင်ဖို့ဘဲ ရှိပါတော့တယ်။စည်းရုံးလှုံ့ဆော်တယ်ဆိုတာစိတ်ကူးကောင်းကောင်းတွေကိုတွေးပြီးလေထဲမှာတိုက်အိမ်ဆောက်တာမဟုတ်ပါဘူး။




အမှန်တကယ်အကောင်အထည်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ အကောင်အထည်ဖော်မှုမရှိတဲ့ ပြင်ဆင်မှုဟာ ဘယ်လောက်ဘဲ နည်းဗျူဟာကျကျ အသုံးဝင်မှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လက်တွေ့လုပ်ဆောင်အကောင်အထည်ဖော်မှုမရှိရင် ရလဒ်လဲ ထွက်ပေါ်လာမှာ မဟုတ်လို့ဖြစ်ပါတယ်။

ဘယ်လိုပုံစံမျိုးနဲ့ လုပ်ဆောင်မလဲ၊ ပေါ်လစီစည်းရုံးလှုံ့ဆော်မှုအတွက် ဘာတွေလုပ်ကြမလဲ၊ လူထုစည်းရုံးလှုံ့ဆော်မှုအတွက်ရော ဘာတွေလုပ်ကြမလဲ၊ မီဒီယာစည်းရုံးလှုံ့ဆော်မှုအပိုင်းကိုရော ဘယ်လိုလုပ်ဆောင်ကြ မလဲဆိုတာကို သေသေချာချာပြင်ဆင်ရပါတယ်။

ဒီလိုပြင်ဆင်နိုင်ဖို့အတွက် စောစောပိုင်း ပြောထားသလိုလဲ ပေါ်လစီချမှတ်မှုလုပ်ငန်းစဉ်ကို သိထားဖို့လိုပါတယ်။ ဒါမှသာ ဘယ်အချိန်ကျရင် ဘယ်နေရာမှာ ဘယ်လိုပုံစံမျိုးနဲ့ စည်းရုံးလှုံ့ဆော်မလဲဆိုတာကို ပြင်ဆင်တွက်ဆနိုင်မှာဖြစ်ပါတယ်။ အချိန်ကိုက်ဖြစ်အောင် သတိထားရပါမယ်။ လွှတ်တော်မှာ ဆွေးနွေးပြီးမှ သွားရောက်လှုံ့ဆော်ရင် ဘာမှ အကျိုးမထူးတော့ပါဘူး။ လွှတ်တော်မှာ ဥပဒေကြမ်းမရောက်သေးဘဲနဲ့ သက်ဆိုင်ရာကော်မတီကို တွေ့ခွင့်တောင်းရင်လဲ လက်ခံမှာမဟုတ်ပါဘူး။

ဒီလိုပြင်ဆင်ထားတဲ့အခါမှာ လူတွေပိုစိတ်ဝင်စားမဲ့ အခြေအနေမျိုးနဲ့ အချိန်အခါကို စနစ်တကျရွေးချယ်တတ်ရင် ပိုအကျိုးရှိပါတယ်။ နေ့ထူးနေ့မြတ်တွေ သမိုင်းဝင်နေ့တွေမှာ စည်းရုံးလှုံ့ဆော်မှုက သာမန်နေ့တွေမှာ လုပ်ဆောင်တာထက် လူပိုစိတ်ဝင်စားပါတယ်။ မီဒီယာက ပိုအာရုံစိုက်ပါတယ်။ ဥပမာ – ၇၁ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ လှုပ်ရှားမှုလိုမျိုး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးရေး (၁၆) ရက်တာလှုပ်ရှားမှုလိုမျိုးပေါ့။ ဒီလိုနေ့မျိုးနဲ့ပတ်သက်လို့ လူတွေမှာ ဖြစ်ဖြစ် သတင်းမီဒီယာတွေမှာ ဖြစ်ဖြစ် စိတ်ဝင်စားမှုရှိပြီးဖြစ်ပါတယ်။ ဒီစိတ်ဝင်စားမှုအပေါ်အခြေခံပြီး ကိုယ့်လုပ်ဆောင်မှုကို လုပ်ဆောင်မယ်ဆိုရင် အလိုလို အာရုံစူးစိုက်မှုက ရရှိသွားမှာဖြစ်ပါတယ်။

တခါတလေကျရင် မထင်မှတ်တဲ့အခွင့်အလမ်းတွေကို အသုံးချတတ်တဲ့အရည်အချင်းကလဲ စည်းရုံးလှုံ့ဆော်မှုကို အောင်မြင်ထိရောက်စေပါတယ်။ သက်ငယ်မုဒိမ်းကိစ္စအမှုတခုကြောင့် ပြည်သူတွေက အာရုံစိုက် စိတ်ဝင်စားနေတဲ့ အချိန်မျိုးမှာ

သက်ငယ်မုဒိန်းအကြောင်းအရာ ပညာပေးတာ၊ လှုံ့ဆော်တာတွေက လူထုကို ပိုစိတ်ဝင်စားတာတွေ ပူးပေါင်းဆောင်ရွက်လာတွေ ရှိလာစေပါတယ်။

နောက်ထပ်အခွင့်အလမ်းတခုကတော့ ပေါ်လစီချမှတ်သူတို့ရဲ့ အစည်းအဝေးတွေရှိတဲ့အချိန်မျိုးတွေပေ့ါ။ အာဏာရနိုင်ငံရေးပါတီရဲ့ ဗဟိုအလုပ်ဆောင်ကော်မတီအစည်းအဝေးတို့လိုလုပ်ဆောင်ဖို့ ပြင်ဆင်နေတဲ့အချိန်မျိုးမှာ ကိုယ်တင်ပြမဲ့ အကြောင်းအရာကို အစည်းအဝေးအာဂျင်ဒါထဲပါလာအောင် စည်းရုံးဖို့အသင့်ဆုံးအချိန်ဖြစ်ပါတယ်။ အာဆီယံထိပ်သီးအစည်းအဝေးလိုကာလမှာ အာဆီယံအသင်းကို လူ့အခွင့်အရေးနဲ့ပတ်သက်လို့ ပိုမိုအားကောင်း ထိရောက်အောင် လုပ်ဆောင်ဖို့ တိုက်တွန်းလေ့ရှိတာ၊ အိပ်ဖွင့်ပေးစာလို ထုတ်ပြန်တာတွေကို ဒီသဘောမျိုးနဲ့ လုပ်ဆောင်တာဖြစ်ပါတယ်။

နောက်ထပ်အသုံးချနိုင်တဲ့ အခွင့်အလမ်းတခုကတော့ ကိုယ့်နိုင်ငံကို တခြားအထူးခေါင်းဆောင်တွေ လာတဲ့အခါတို့၊ ကုလသမဂ္ဂကိုယ်စားလှယ်တွေလာတဲ့အခါမှာ ကိုယ့်တိုင်းပြည်အစိုးရအနေနဲ့ လုပ်ဆောင်သင့်တဲ့ အရာတွေကို သူတို့သတိထားမိပြီး တင်ပြပြောဆိုဖို့ ကြိုးပမ်းတဲ့ နည်းဖြစ်ပါတယ်။ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် မြန်မာပြည်ကို လာရောက်နေတုံး စစ်ပွဲတွေရပ်ဖို့၊ အမေရိကန်သမ္မတ မြန်မာပြည်လာတုံး နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့အတွက် မြန်မာအစိုးရကို တိုက်တွန်းပေးဖို့ သူတို့ခရီးစဉ်အတွင်းမှာ တင်ပြတာမျိုးဖြစ်ပါတယ်။

မြန်မာနိုင်ငံလို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်တချို့ကို လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံမျိုးဆိုရင်တော့ သက်ဆိုင်ရာစာချုပ်အတွက် အစီရင်ခံစာတင်သွင်းဖို့ အလှည့်ကျချိန်ဟာ အစိုးရကို တိုက်တွန်းလှုံ့ဆော်ဖို့ အချိန်ကောင်းတွေလဲ ဖြစ်တတ်ပါတယ်။ စီဒေါစာချုပ်ကို တင်သွင်းဖို့ အစိုးရက ပြင်ဆင်နေတဲ့အချိန်မျိုး၊ ယူပီအာအစီရင်ခံစာကို တင်သွင်းဖို့ပြင်ဆင်နေတဲ့ အချိန်မျိုးတွေဆိုရင် ဒီစာချုပ်နဲ့သက်ဆိုင်တဲ့ အခွင့်အရေးတွေနဲ့ပတ်သက်ပြီး ဘာတွေလုပ်ဆောင်သင့်ကြောင်း သတိပေးတိုက်တွန်းမှုတွေ လုပ်နိုင်ပါတယ်။ အစိုးရဖက်ကလဲ သာမန်အချိန်တွေထက် ပိုမိုအလေးထားဂရုစိုက်တာကိုလဲ တွေ့ရပါတယ်။



## ဆွေးနွေးချက်




ဇရပ်ကုန်းရွာ အဖြစ်အပျက်ကို ပြန်ဖတ်ပါ။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

- ရွာသူရွာသားတွေဟာ ပေါ်လစီ စည်းရုံးလှုံ့ဆော်မှုအတွက် ဘာတွေ ပြင်ဆင်ခဲ့ကြလဲ။ ဘာတွေ လုပ်ဆောင်ခဲ့သလဲ။
- ရွာသူရွာသားတွေဟာ လူထု စည်းရုံးလှုံ့ဆော်မှုအတွက် ဘာတွေ ပြင်ဆင်ခဲ့ကြလဲ။ ဘာတွေ လုပ်ဆောင်ခဲ့သလဲ။
- ရွာသူရွာသားတွေဟာ မီဒီယာစည်းရုံးလှုံ့ဆော်မှုအတွက် ဘာတွေ ပြင်ဆင်ခဲ့ကြလဲ။ ဘာတွေ လုပ်ဆောင်ခဲ့သလဲ။

## လက်တွေ့အဖြစ်အပျက်




ထိုင်းမြန်မာနယ်စပ်တွင် ကလေးများအား လူကုန်ကူးခြင်းပြဿနာများကို အတော်များများ ကြားရပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံကလေး သူငယ်တွေကို လုပ်အားစေခိုင်းဖို့၊ လိင် လုပ်ငန်းတွေမှာသုံးဖို့၊ သူတောင်းစားအဖြစ်စေခိုင်းဖို့ လူကုန်ကူးသူတွေက နည်းအမျိုးမျိုးနဲ့ ထိုင်းနိုင်ငံထဲကို လူကုန်ကူးလေ့ရှိပါတယ်။ ထိုင်း မြန်မာနယ်စပ်မြို့ဖြစ်တဲ့ မဲဆောက်မြို့ကတော့ ဒီလိုအဖြစ်အပျက်မျိုးတွေ များစွာ ကြုံတွေ့နေရတဲ့မြို့ တမြို့ဖြစ်ပါတယ်။

ဒီလို မြန်မာကလေးငယ်တွေကို လူကုန်ကူးတာတွေလျော့ချနိုင်ဖို့အတွက် အဖွဲ့တဖွဲ့ကနေဦးစီးပြီး ကလေးလူကုန်ကူးမှု တိုက်ဖျက်ရေး စည်းရုံးလှုံ့ ဆော်မှုအစီအစဉ်တရပ်ကို စတင်လုပ်ဆောင်ခဲ့ပါ တယ်။ သူတို့အနေနဲ့ လူထုအကြား ကလေးလူကုန် ကူးမှုအကြောင်း အသိပညာဖြန့်ဝေဖို့၊ ကလေးတွေကို ကလေးအခွင့်အရေး နားလည်သဘောပေါက်ပြီး ကလေးကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းမှာ တက်တက်ကြွကြွပါဝင်ဖို့၊ ရပ်ရွာအတွင်းကလေးတွေကို ကာကွယ်စောင့်ရှောက်တဲ့ ယန္တယားတွေကို ထူထောင်နိုင်ဖို့ကို အဓိကထားလုပ်ဆောင်ပါတယ်။ ထိုင်းနိုင်ငံရောက် မြန်မာအရေးကိုလုပ်ဆောင်တာဖြစ်တာကြောင့် ထိုင်းအစိုးရကို ဦးတည်ထားလုပ်ဆောင်တဲ့ ပေါ်လစီစည်းရုံးလှုံ့ဆော်မှုကိုတော့ အဓိကထား မလုပ်နိုင် ခဲ့ပါဘူး။



ဒီအဖွဲ့ကနေ သူတို့နဲ့ ပူးပေါင်းလုပ်ဆောင်မဲ့ သူတွေကို ရွေးချယ်တဲ့ နေရာမှာ ရွှေ့ပြောင်းအလုပ် သမားအရေး လုပ်ဆောင်နေတဲ့ မြန်မာအဖွဲ့တွေ၊ အရေးပေါ် ကူညီကယ်ဆယ်ရေးကို လုပ်ဆောင်ပေး တဲ့ ဂေဟာတွေကို စစချင်းရွေးချယ်ပါတယ်။ သူတို့ တွေက ကလေးလူကုန်ကူးမှု အန္တရာယ်ကို သဘော ပေါက်လာဖို့အတွက် ပညာပေးမှုတွေစတင်လုပ် ဆောင်ပါတယ်။ စိတ်ဝင်စားတဲ့ အဖွဲ့တွေစုပေါင်းပြီး Burma Against Child Trafficking ဆိုတဲ့ ကွန်ရက်ကိုဖွဲ့စည်း နိုင်ခဲ့ပါတယ်။ သူတို့တွေထဲက အဖွဲ့ဝင်တချို့ကို လူထု ရပ်ရွာအကြား ပညာပေးနည်းလမ်းတွေကို ပို့ချပေးခဲ့ပါတယ်။ ဒီလူတွေကနေ သူတို့အဖွဲ့က ပညာပေးစည်းရုံးထားတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအကြားကလေးလူကုန်ကူးခြင်းဆိုင်ရာဟောပြောပွဲတွေလုပ်လာနိုင်အောင်ပံ့ပိုးပေးခဲ့ပါတယ်။ ဒီလိုတက်ကြွ လှုပ်ရှားသူတွေကမှတဆင့် ရပ်ရွာအတွင်းမှာ ကလေးတွေကို ကာကွယ်စောင့်ရှောက်တဲ့အဖွဲ့လေးတွေ ပေါ်ပေါက်လာအောင် လုပ်ဆောင်ခဲ့တယ်။ ထိုင်းရဲတွေနဲ့ အဆက်အသွယ်ရှိတဲ့ အဖွဲ့အစည်းတွေက ထူးခြားတဲ့အဖြစ်အပျက် လေးတွေကို ထိုင်းရဲကို သတိပေးတာ၊ ကလေးကူး သန်းရောင်းဝယ်မှု သတင်းတွေကိုပေးပြီး တားဆီးနိုင်အောင် လုပ်ဆောင် ခဲ့ကြပါတယ်။ လူကုန်ကူးခံရတဲ့ အမျိုးသမီးတွေနဲ့ ကလေးတချို့ကိုတော့ အဖွဲ့ဝင်တချို့က ဖွင့်လှစ်ထားတဲ့ ဂေဟာတွေမှာ ကူညီစောင့်ရှောက်ပေးနိုင်ခဲ့ပါတယ်။

ဒုတိယရည်ရွယ်ချက်ဖြစ်တဲ့ ကလေးတွေ ကိုယ်တိုင်က သူတို့အခွင့်အရေးကိုသိရှိပြီး ကလေးလူကုန်ကူးမှုတိုက် ဖျက်ရေးမှာ ပါဝင်လာစေဖို့အတွက် ရွှေ့ပြောင်းလူငယ်တွေနဲ့ကျောင်းသားတွေကို ဦးတည်ထား လုပ်ဆောင်ခဲ့ပါတယ်။ အနုပညာ ဝါသနာပါတဲ့ မြန်မာရွှေ့ပြောင်း ကလေးတွေကို စုစည်းပြီး ပြဇာတ်သရုပ်ဆောင်သင်တန်း ဖွင့်ပေးပါတယ်။ သရုပ် ဆောင်အနုပညာအပြင် မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကြားမှာ ကလေးတွေရင်ဆိုင်နေရတဲ့ အန္တရာယ်တွေကို လေ့



လာဆန်းစစ်ခိုင်းပါတယ်။ သူတို့ရဲ့လေ့လာချက် အရ ကလေးလူကုန်ကူးမှုဟာ တော်တော်ဆိုးဆိုး ဝါးဝါးဖြစ်နေတာကို သဘောပေါက်လာတဲ့အခါ ဒီ အကြောင်းအရာကို ထပ်မံလေ့လာကြပါတယ်။ ဘယ်လိုမျိုး လူကုန်ကူးလေ့ရှိလဲ၊ ဘယ်လိုဆိုးကျိုး တွေ ဖြစ်စေလဲဆိုတာကို ပြဇာတ်အဖွဲ့ဝင် လူငယ် တွေကလေ့လာပြီး ဇာတ်ညွှန်းအသွင်ရေးသား ပါတယ်။ ဒီဇာတ်ညွှန်းတွေကို ပြဇာတ်သရုပ်

ဆောင်အနုပညာနဲ့ ပေါင်းစပ်လိုက်တဲ့အခါ ကလေးလူကုန်ကူးမှု တားဆီးရေးပညာပေးပြဇာတ်တွေ ထွက်ပေါ်လာပါတယ်။ လူငယ်တွေဟာ တခြားလူကြီး အဖွဲ့တွေနဲ့လက်တွဲပြီး ရပ်ရွာအတွင်း ပညာပေးပြဇာတ်တွေနဲ့ လိုက်လံပညာပေးတဲ့အခါမှာ ပိုမိုအောင်မြင်တာကို တွေ့ရပါတယ်။ ဘာကြောင့်အောင်မြင်လဲဆိုတော့ အနုပညာဆန်တဲ့အတွက် ရပ်ရွာလူထု အားလုံးကခံစားနိုင်တယ်။ စိတ်ဝင်စားကြိုဆိုကြတယ်။ သရုပ်ဆောင်မှုဖြစ်တဲ့အတွက် ဘာသာစကား အခက်အခဲမရှိတော့ပါဘူး။ နောက်တချက်ကတော့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို မြန်မာ့အနုပညာပွဲတွေကို လွမ်းနေကြပါတယ်။ ဒီလိုအခြေအနေ တွေကြောင့် လူငယ်ပြဇာတ်အဖွဲ့ရဲ့ ပညာပေး ပြဇာတ်အစီအစဉ်က တော်တော်လေး အောင်မြင်ခဲ့ တာဖြစ်ပါတယ်။

## စောင့်ကြပ်ခြင်း (Refelection) နှင့် အကဲဖြတ်ခြင်း (evaluation)

အခုဆိုရင် စည်းရုံးလှုံ့ဆော်မှု လုပ်ဆောင်ရာမှာ လုပ်ဆောင်ရမဲ့ အဆင့် (၈) ဆင့်အကြောင်းကို တဆင့် ချင်းစီ ရှင်းပြခဲ့ပြီပါပြီ။ ဆက်လက်ပြီး ဆွေးနွေးမှာ ကတော့ စောင့်ကြပ်ခြင်းနဲ့ အကဲဖြတ်ခြင်းဆို တဲ့အပိုင်းဖြစ်ပါ တယ်။

စောင့်ကြပ်ခြင်း (Monitoring) ဆိုတာ လှုံ့ဆော်မှု လုပ်ငန်းရဲ့ ရည်ရွယ်ချက်တွေ တိုးတက်မှုအပေါ် တိုင်းတာနိုင်တဲ့ အချက်အလက်တွေကို စုဆောင်းတာဖြစ်ပြီး အကဲဖြတ်ခြင်း (Evaluation) ဆိုတာကတော့ လှုံ့ဆော်မှုလုပ်ငန်းရဲ့ ရည်ရွယ်ချက်တွေအောင်မြင်မှုရှိမရှိကို ဆန်းစစ်နိုင်ဖို့ အချက် အလက်တွေကို စုဆောင်းပြီး သုံးသပ်ခြင်းဖြစ်ပါတယ်။

စောင့်ကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းကို ဘာကြောင့်လုပ်ဆောင်ကြသလဲဆိုရင် ကိုယ်လုပ်ဆောင်တဲ့ လုပ်ငန်းတွေ အစီအစဉ်တွေဟာ မူလကချမှတ်ထားတဲ့ မျှော်မှန်းချက်၊ ရည်ရွယ်ချက်တွေနဲ့ ကိုက်ညီရဲ့လား။ ရည်မှန်းထားတဲ့အတိုင်း သွားနေရဲ့လား၊ လမ်းကြောင်းလွဲနေပြီလား ဆိုတာကို ထိန်းညှိသုံးသပ်နိုင်ဖို့အတွက် ဖြစ်ပါတယ်။ အကဲဖြတ်ခြင်းကတော့ ကိုယ်ရွေးချယ်အသုံးပြုတဲ့လမ်းကြောင်းတွေ၊ ဗျူဟာတွေ၊ နည်းနာတွေဟာ တကယ်တမ်း ထိရောက်မှုရှိရဲ့လားကို ဆန်းစစ်နိုင် ဖို့ဖြစ် ပါတယ်။

စောင့်ကြပ်ခြင်းနဲ့အကဲဖြတ်ခြင်းကိုအဆင့်တဆင့်ပြီးမြောက်တဲ့အခါတိုင်းမှာလုပ်လေ့ရှိသလိုအဆင့်အားလုံးပြီးဆုံးမှလဲ လုပ်လေ့ရှိပါတယ်။ အကောင်းဆုံးကတော့ အဆင့်တခုခုပြီးတိုင်းပြီးတိုင်းမှာ လုပ်ခြင်းအားဖြင့် အချိန်မလွန်ခင် လိုအပ်တာတွေကို ပြင်ဆင်နိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် လိုအပ်ရင်လိုအပ်သလို စောင့်ကြပ်ခြင်းနဲ့ အကဲဖြတ်ခြင်းကိုလဲ လုပ်သင့်ပါတယ်။ ဥပမာ - လွှတ်တော်ကော်မတီတခုကို သွားရောက်တွေ့ဆုံပြီးရင် ဘာတွေရရှိခဲ့လဲ။ ဘာတွေ လိုအပ်အားနည်းသွားတာတွေရှိလဲ၊ နောက်တခါကျရင် ဘာတွေကို သတိထားပြင်ဆင်တာလုပ်ဖို့ လိုအပ်မလဲဆိုတာကို ပြန်လည်အကဲဖြတ်တာမျိုး လုပ်သင့်ပါတယ်။

စောင့်ကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းကို နည်းအမျိုးမျိုးနဲ့ လုပ်နိုင်ပါတယ်။ အစည်းအဝေးသဘောမျိုးခေါ်ယူပြီးတော့ ပါဝင်လုပ်ဆောင်သူတွေအချင်းချင်း ဝေဖန်အကြံပြုတာမျိုးဖြစ်စေ၊ မေးခွန်းတွေ၊ စစ်တမ်းတွေကောက်ယူတာမျိုးဖြစ်စေ၊ ပါဝင်

ပတ်သက်သူတဦးချင်းကို လူတွေအင်တာဗျူးမေးမြန်းတာမျိုးဖြစ်စေ အမျိုးမျိုးလုပ်နိုင်ပါတယ်။ ကိုယ့်ရဲ့လုပ်ဆောင်နိုင်တဲ့ အရင်းအမြစ်နဲ့ တွေ့ဆုံမေးမြန်းတဲ့သူတွေရဲ့ အခြေအနေအလိုက် ပြင်ဆင်လုပ်ကိုင်ရပါမယ်။

**အကဲဖြတ်ခြင်းကို**

- ❖ မိမိတို့ ထုတ်ဝေဖြန့်ချိခဲ့တဲ့ စာရွက်စာတမ်းများအပေါ်တိုင်းတာခြင်း
- ❖ မိမိတို့စီစဉ်ကျင်းပခဲ့သော အခမ်းအနားကို တိုင်းတာခြင်း
- ❖ သတင်းမီဒီယာကို တိုင်းတာခြင်း
- ❖ လူထုပါဝင်လုပ်ဆောင်မှုကိုတိုင်းတာခြင်း
- ❖ ပြောင်းလဲလာမှုများကို တိုင်းတာခြင်း စသည်ဖြင့် အမျိုးမျိုးလုပ်ဆောင်နိုင်ပါတယ်။




**မိမိတို့ ထုတ်ဝေဖြန့်ချီခဲ့တဲ့ စာရွက်စာတမ်းများအပေါ်တိုင်းတာခြင်းနည်းလမ်းတချို့ကတော့**

- ❖ ထုတ်ဝေဖြန့်ချီလိုက်သော စာအုပ်စာတမ်းများရဲ့ ဖြန့်ချီနိုင်မှုအရေအတွက်
- ❖ မိမိတို့စာအုပ်စာတမ်းအပေါ် တောင်းခံစာရင်း
- ❖ မိမိတို့စာအုပ်စာတမ်းများအား တခြားအဖွဲ့အစည်းများ ထပ်မံအသုံးပြု၊ ဖြန့်ဝေမှုများ၊
- ❖ မိမိတို့ စာအုပ်စာတမ်းများကို သတင်းမီဒီယာများတွင် ရေးသားဖော်ပြချက်၊
- ❖ မိမိတို့စာအုပ်စာတမ်းများကို ကိုးကားထားသည့် သုတေသနများ၊ အစီရင်ခံစာများ၊

- ❖ ဖတ်ရသူများအား လူတွေမေးမြန်းခြင်း၊ စစ်တမ်းကောက်ယူခြင်း ရလာဒ်များ၊

**မိမိတို့စီစဉ်ကျင်းပခဲ့သော အခမ်းအနားကို တိုင်းတာတဲ့ နည်းလမ်းတွေကတော့**

- ❖ တက်ရောက်သူစာရင်း
- ❖ အခမ်းအနားဖြစ်မြောက်ရေးအတွက် စီစဉ်ဆောင်ရွက်သူများနှင့် အဖွဲ့အစည်းများပါဝင်မှု၊
- ❖ အဖွဲ့များ၏ ရင်းမြစ်မျှဝေမှု
- ❖ အစီအစဉ်များတွင် ခွဲဝေတာဝန်ယူမှု
- ❖ ဟောပြောသူများအရေအတွက်
- ❖ ပေးပို့သော ကြေညာချက်များ
- ❖ ဝင်ရောက်ဆွေးနွေးသည့်မေးခွန်းများ၊ တင်ပြချက်များနှင့် အကြောင်းအရာနှင့် ဆက်စပ်မှုများ၊
- ❖ အခမ်းအနားက ဆုံးဖြတ်လိုက်သည့် ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊
- ❖ အခမ်းအနားအပြီး ပါဝင်သူများနှင့် တက်ရောက်လာသူများရဲ့ နောက်ဆက်တွဲလုပ်ဆောင်လာမှုများ



**မိမိတို့ လုပ်ဆောင်ခဲ့သော သတင်းစာရှင်းလင်းပွဲအပေါ် တိုင်းတာနိုင်တဲ့ တချို့အချက်တွေကတော့**

- ❖ တက်ရောက်သော မီဒီယာစာရင်း
- ❖ တဦးချင်း မေးမြန်းသည့် သတင်းထောက်စာရင်း
- ❖ မေးမြန်းသည့်မေးခွန်းနှင့် ဆက်စပ်မှုများ
- ❖ ပြန်လည်ရေးသားသည့် သတင်းတို၊ ဆောင်းပါးအရေအတွက်
- ❖ ရေးသားသည့်သတင်း၏ အရည်အသွေး



# နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာစာချုပ် မြန်မာလက်မှတ်ထိုးရန် တောင်းဆို

ရန်ကုန်၊ ဒီဇင်ဘာ ၁၆

ကမ္ဘာ့နိုင်ငံပေါင်း ၁၆၈ နိုင်ငံက လက်မှတ်ရေးထိုးထားသော နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံက အမြန်ဆုံးပါဝင်လက်မှတ်ထိုးရန် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ စာပို့တောင်းဆိုထားကြောင်း လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ညီမျှခြင်း မြန်မာ၏ ညွှန်ကြားရေးမှူး ဦးအောင်မျိုးမင်းက ပြောဆိုသည်။

ယင်းစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရန် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်တို့တွင် လုပ်ပိုင်ခွင့်ရှိသဖြင့် နှစ်ဖက်လုံးသို့ တောင်းဆိုခြင်းဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောဆိုသည်။

အသက်ရှင်ခွင့်၊ ညှဉ်းပန်းနှိပ်စက်မှုကျွန်ပြုခြင်းမှ ကင်းလွတ်ခွင့်၊ ပုဂ္ဂလိက လွတ်လပ်ခွင့်၊ ဥပဒေရှေ့တွင် လူသားကဲ့သို့ ဆက်ဆံခံပိုင်ခွင့်နှင့် တန်းတူညီခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်၊ အဖွဲ့ဖွဲ့ခွင့်၊ ကိုးကွယ်ခွင့်နှင့် မဲပေးခွင့်တို့ကို ယင်းစာချုပ်တွင် ထည့်သွင်းထားသည်။

"၆၆ (ဃ) ဆိုရင်လည်း ကာကွယ်ဖို့အတွက် လုပ်ထားပေးမယ့် လုပ်ပုံကိုင်ပုံများသွားတဲ့အခါ လူတစ်ဦးရဲ့လွတ်လပ်စွာ ပြောဆိုခွင့်ကို ထိခိုက်စေတယ်" ဟု ဦးအောင်မျိုးမင်းက ဆိုသည်။

အဆိုပါစာချုပ်တွင် မြန်မာနိုင်ငံက လက်မှတ်ထိုးလိုက်မည်ဆိုလျှင် ပြည်တွင်းတွင် ပြဋ္ဌာန်းထားသော ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆၊ အသင်းအဖွဲ့ဥပဒေနှင့် စီတန်းလှည့်လည်ခွင့် ဥပဒေများကိုလည်း ပြင်ဆင်ရမည်ဖြစ်ကြောင်း ညီမျှခြင်း မြန်မာအဖွဲ့ထံမှ သိရသည်။

ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့ နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (International Covenant on Civil and Political Rights) ကို ပြဋ္ဌာန်းခဲ့ရာ ယခု ၂၀၁၆ ခုနှစ်တွင် ဒီဇင်ဘာ ၁၆ ရက်နေ့တွင် နှစ်ပေါင်း ၅၀ ပြည့်ပြီဖြစ်သည်။

မြန်မာနိုင်ငံအပြင် ဒေသတွင်းနိုင်ငံများဖြစ်သည့် မလေးရှား၊ စင်ကာပူနှင့် ဘရူနိုင်းနိုင်ငံတို့သည်လည်း အဆိုပါစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားခြင်း မရှိပေ။ ■

**လူထုရဲ့ ပါဝင်မှုကို တိုင်းတာနိုင်တဲ့ တချို့အချက်တွေကတော့**

- ❖ မိမိလုပ်ငန်းတွင် အားပေးထောက်ခံပြောဆိုလာမှု
- ❖ မိမိလုပ်ငန်းနှင့်ပတ်သက်၍ တက်ကြွစွာပြောဆိုလာမှု
- ❖ နောက်ဆက်တွဲလုပ်ငန်းများတွင် ဆက်လက်ပါဝင်နေမှု
- ❖ မိမိလုပ်ငန်းမျိုးကို ကိုယ့်အားကိုယ်ကိုး၍ လုပ်ဆောင်လာမှု
- ❖ မိမိလုပ်ဆောင်နေသည့် လုပ်ငန်းကို ပူးပေါင်းဆောင်ရွက်တဲ့ အဖွဲ့များ။ ကွန်ရက်များပေါ်ပေါက်လာမှု

**ပြောင်းလဲလာမှုများကို တိုင်းတာနိုင်တဲ့ အချက်တချို့ကတော့**

- ❖ စိတ်ထားပြောင်းလဲလာမှု
- ❖ အမူအကျင့် ပြောင်းလဲလာမှု
- ❖ ပါဝင်လုပ်ဆောင်လာမှု
- ❖ အစိုးရပိုင်းဆိုင်ရာတွင် မိမိလုပ်ငန်းအကြောင်း ဆွေးနွေးငြင်းခုံ လာမှု
- ❖ ဥပဒေ၊ ပေါ်လစီပြောင်းလဲလာမှု

# အခန်း(၃)

## လူထုစည်းရုံးခြင်းနှင့် နည်းလမ်းများ (Public Advocacy/ Campaign)

ဒီလိုစည်းရုံးလှုံ့ဆော်မှု ပုံစံကတော့ လူထုနဲ့ ထိစပ်ပြီး လူထုက ကိုယ်တင်ပြပြောဆိုတဲ့အကြောင်းအရာကို စိတ်ဝင်စားပြီး လက်တွဲလုပ်ဆောင်လာအောင် လုပ်ဆောင်တဲ့နည်းလမ်းဖြစ်ပါတယ်။ ကမ်ပိန်းလို့ပြောလိုက်ရင် အားလုံးရဲ့မျက်စိထဲမှာ လူထုကြားမှာ ဟောပြောတာတွေ၊ ပညာပေးစာစောင် ဖြန့်ဝေတာတွေ၊ ထင်ပေါ်ကျော်ကြားတဲ့သူတွေက မိန့်ခွန်းပြောကြားတာတွေကို မြင်မိကြမှာပါ။ ပြည်သူလူထုရဲ့ ထောက်ခံပါဝင်လုပ်ဆောင်မှုကို ရရှိအောင်လုပ်မဲ့ လူထုစည်းရုံးခြင်း ကမ်ပိန်းတခုကို လုပ်မယ်ဆိုရင် အောက်ပါအချက်တွေရှိဖို့ လိုအပ်ပါတယ်။

- ❖ လုပ်ဆောင်တဲ့အကြောင်းအရာနဲ့ပတ်သက်တဲ့ မှန်ကန်သော သုံးသပ်မှု၊
- ❖ ပါဝင်လုပ်ဆောင်သူတွေအားလုံး နားလည်သဘောပေါက်ထားတဲ့ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များ၊
- ❖ မိမိဦးတည်ပစ်မှတ်ထားသော လူထုအပေါ် လေ့လာထားမှု၊
- ❖ လုပ်ဆောင်မဲ့သူတွေရဲ့ ရင်းမြစ်အပေါ် မှန်ကန်စွာ သုံးသပ်မှု၊
- ❖ လူထုစိတ်ဝင်စားထောက်ခံအောင် လုပ်ဆောင်နိုင်မဲ့ ဗျူဟာနည်းလမ်းများ၊
- ❖ တီထွင်ဖန်တီး ဆန်းသစ်တဲ့ စိတ်ကူးအတွေး၊
- ❖ ပါဝင်လုပ်ဆောင်မဲ့သူ တဦးချင်းရဲ့ ဖွဲ့နဲ့ အဖွဲ့လိုက် စုပေါင်းစိတ်ဓာတ်၊
- ❖ ပြန်လည်သုံးသပ်တတ်မှုနှင့် သင်ခန်းစာယူတတ်မှု၊

အောင်မြင်တဲ့ လူထုစည်းရုံးရေး သို့မဟုတ် ကမ်ပိန်းဖြစ်ဖို့ လိုအပ်တဲ့အချက်အတော်များများက ပေါ်လစီ စည်းရုံးလှုံ့ဆော်မှုလုပ်တဲ့အခါမှာ သတိထားလုပ်ဆောင်ရမဲ့ အချက်တော်တော်များများနဲ့ ဆင်တူပါတယ်။ စည်းရုံးလှုံ့ဆော်မှုကို ဘယ်လိုပုံစံနည်းလမ်းနဲ့ဘဲ လုပ်လုပ် မှန်ကန်တဲ့သုံးသပ်ချက်၊ တိကျတဲ့ ရေရှည်မျှော်လင့်ချက်နဲ့ ရည်ရွယ်ချက်တွေ ထားရှိမှု၊ ရင်းမြစ်ဆန်းစစ်မှု၊ စောင့်ကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို မဖြစ်မနေ လုပ်ဆောင်ရမှာပါ။

ဒါပေမဲ့ လူထုစည်းရုံးရေး ကမ်ပိန်းလုပ်မယ်ဆိုရင် အထူးအထူး သတိထားရမဲ့အချက်တွေကတော့ ရှိပါတယ်။ ဒါက တော့ မိမိဦးတည်ပစ်မှတ်ထားတဲ့လူထုအပေါ်လေ့လာထားမှု၊ တီထွင်ဖန်တီးမှုကိုအခြေခံတဲ့ နည်းလမ်းတွေဖြစ်ပါတယ်။ ဒီနေရာမှာတော့ ပေါ်လစီ စည်းရုံးလှုံ့ဆော်မှုပုံစံနဲ့ နည်းနည်းကွဲတာရှိပါတယ်။ ပေါ်လစီစည်းရုံးလှုံ့ဆော်မှုလုပ်တဲ့အခါမှာတော့ သံခင်း တမန်ခင်း ပုံစံဆန်ပါတယ်။ ဒါပေမဲ့ လူထုစည်းရုံးရေးလုပ်ဆောင်ကတော့ အနုပညာပိုဆန်ပါတယ်။ ဘာကြောင့်လဲဆိုတော့လူထုလို့ ပြော လိုက်ရင် လူထုအတွင်းမှာ လူအမျိုးမျိုးရှိတတ်ပါတယ်။ အလွှာအမျိုးမျိုးရှိတတ်ပါတယ်။ တယောက်နဲ့ တယောက် ကွာဟမှု တွေလဲ အများကြီးရှိတတ်ပါတယ်။ ဘာသာစကား၊ ပညာအရည်အချင်း၊ လူမှုအအသိအမြင်တွေက တယောက်နဲ့ တယောက် မတူနိုင် ပါဘူး။ ဒါကြောင့် လူထုကို စည်းရုံးလှုံ့ဆော်တဲ့အခါမှာ သူတို့ စိတ်ဝင်စားပြီး နားလည်နိုင်တဲ့လှုံ့ဆော်မှုပုံစံမျိုး ဖြစ်ဖို့လို ပါတယ်။

ကိုယ်လုပ်ဆောင်နေတဲ့အကြောင်းအရာနဲ့ပတ်သက်ပြီး လူထုက စိတ်ဝင်စားလာအောင် လုပ်ဆောင်နိုင်တဲ့ နည်းလမ်း တွေ အများကြီးရှိပါတယ်။ ဒီအထဲက တချို့ကို ဖော်ပြဆွေးနွေးသွားပါမယ်။

## ၃.၁။ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း




လက်ကမ်းစာစောင်ကို လူထုစည်းရုံးရေးလုပ်ငန်းတွေမှာ အများဆုံးအသုံးပြုလေ့ရှိတာတွေ့ရပါတယ်။ ဘာကြောင့်လဲ ဆိုတော့ လက်ကမ်းစာစောင်ကို လုပ်ဆောင်ရတာလွယ်ကူပြီး အကုန်အကျလဲနည်းလို့ ဖြစ်နိုင်တယ်။ ဒါပေမဲ့ လက်ကမ်းစာစောင် ကို ဖြန့်ဝေမယ်ဆိုရင် ဘယ်လိုလူထုမျိုးကို သဘောပေါက်စေချင်တာလဲ၊ ဘာသတင်းပေးတာ လဲဆိုတာကို အရင်စဉ်းစားဖို့လိုအပ် ပါတယ်။ ဒီလိုစဉ်းစားထားမှ သူတို့နားလည်တဲ့စကားအသုံးအနှုန်းတွေကို ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။ လက်ကမ်းစာစောင်မှာ ပါတဲ့အသတင်းအချက်အလက်တွေက ရေးတဲ့သူနားလည်ဖို့အတွက် မဟုတ်ပါဘူး။ ကိုယ်ဦးတည်ပစ်မှတ်ထားတဲ့ လူတွေစိတ် ဝင်စားနားလည်နိုင်ဖို့အတွက် အဓိကဖြစ်ပါတယ်။ ကိုယ်ဦးတည် ပစ်မှတ်ထားတဲ့လူထုက နားလည်မှာသာ ထိရောက်အကျိုးရှိ

မှာ ဖြစ်ပါတယ်။ ဥပမာ – ရည်ရွယ်ပစ်မှတ်ထားတဲ့ သူတွေရဲ့အများသုံးမိခင်ဘာသာစကားမျိုးနဲ့ ဖြန့်ဝေရင် မြန်မာစကားထက် ပိုမိုသဘောပေါက် အသုံးဝင်နိုင်ပါမယ်။ လူငယ်တွေကို ဦးတည်ပစ်မှတ်ထားမယ်ဆိုရင်လဲ လူငယ်တွေ နားလည်ပြီး သုံးစွဲလေ့ရှိတဲ့ စကားလုံးတွေကို ရွေးချယ်သုံးပြီး လူငယ်ထုကို စိတ်ဝင်စားလာအောင် လုပ်ဆောင် သင့်ပါတယ်။

လက်ကမ်းစာစောင်တွေမှာ လိုအပ်သလို ရုပ်ပုံတွေ ဓာတ်ပုံတွေ ထည့်ခြင်းအားဖြင့် စိတ်ဝင်စားမှု ပိုရှိစေပါတယ်။ ဒါပေမဲ့ ကိုယ်ပြောချင်တဲ့အကြောင်းအရာနဲ့ ဆက်စပ်တဲ့ ပုံမျိုးဖြစ်ရပါတယ်။ လိုအပ်သလို ဇယားကွက်တွေ၊ သရုပ်ပြပုံဖော်မှုတွေကိုလဲ စနစ်တကျရွေးချယ်ပြီး ထည့်သွင်းပါ။ လူတော်တော်များများက စာတွေများများဖတ်ဖို့အချိန်မရှိကြပါဘူး။ ဒါကြောင့် ပြောချင်တဲ့ အကြောင်းအရာနဲ့ လက်ကမ်းစာစောင်ရဲ့ရည်ရွယ်ချက်ကို မြန်မြန်သဘောပေါက်နိုင်တဲ့ ဓာတ်ပုံတွေ ရုပ်ပုံတွေကို ထိထိရောက်ရောက် အသုံးပြုနိုင်ပါတယ်။

လက်ကမ်းစာစောင်ကို သတင်းပေးတဲ့ ပုံစံမျိုးနဲ့ရေးသားပါ။ လိုတိုရှင်း သိသင့်သလောက်သာ ရေးသင့်ပါတယ်။ အသေးစိတ်ရှင်းပြတာမျိုး၊ ရသသရုပ်ဖော်စာမျိုး မရေးပါနဲ့။ အသေးစိတ်ဖတ်စေချင်ရင်တော့ ဖတ်နိုင်တဲ့ ဝက်ဆိုက်လင့်ကို ဖော်ပြထားပေးပါ။

ဒီလက်ကမ်းစာစောင်တွေကို လူမှုကွန်ယက်တွေမှာလဲ တင်ပြဖြန့်ဝေနိုင်အောင် ချိတ်ဆက်ထားဖို့လိုအပ်ပါတယ်။ ဒီ့အပြင် ဝက်ဆိုက်နဲ့ ဖေ့ဘွတ်မှာလဲ ချိတ်ထားပါ။ လူအများစီရောက်နိုင်လေလေ ကိုယ့်သတင်းစကားက ပေါက်လေလေဖြစ်ပါတယ်။

## ၃.၂။ ပြဇာတ်သရုပ်ဆောင်တင်ဆက်ခြင်း (Street Theater)

အခုပြောမဲ့ ပြဇာတ်ဆိုတာကတော့ ဇာတ်ပွဲတွေမှာ မင်းသား မင်းသမီးတွေကတဲ့ ပြဇာတ်မဟုတ်ပါဘူး၊ ပြည်သူလူထုတွေ နားလည်နိုင်မဲ့ ဇာတ်လမ်းကို လူအများရှိတဲ့ လမ်းပေါ်မှာဘဲတင်ဆက်ပြသတာမျိုးဖြစ်ပါတယ်။ ဒီလိုလမ်းပေါ်ပြဇာတ်တွေက လူထုကြားက အဖြစ်အပျက်တွေကို အခြေခံပြီး အချိန်တိုတိုအတွင်းမှာ လူထုက စိတ်ဝင်စားပြီး ခံစားမိအောင် တင်ဆက်တဲ့ပြဇာတ်ပုံစံမျိုးကို ဆိုလိုတာပါ။ နေရာအမျိုးမျိုးမှာ အကုန်အကျနည်းနည်း၊ ဇာတ်ဝင်ပစ္စည်းနည်းနည်း ကပြနိုင်ပြီး လူအများအပြားရှိတဲ့နေရာမျိုးမှာ အများဆုံးကပြလေ့ရှိပါတယ်။ ဇာတ်ဝင်ပစ္စည်းတွေအစား တင်ဆက်သူတွေရဲ့ အသံ၊ ဟန်၊ အမူအဟာနဲ့ ကိုယ်ခန္ဓာကို ပိုပြီးအသုံးပြုပါတယ်။

ဒီလမ်းပေါ်ပြဇာတ်တွေရဲ့ ထူးခြားချက်ကတော့ ပြဇာတ်တင်ဆက်နေစဉ်အတွင်း သို့မဟုတ် ပြဇာတ်တင်ဆက်မှုအပြီးမှာ သရုပ်ဆောင်သူတွေကို ပွဲကြည့်သူပရိသတ်ကို မေးခွန်းများ မေးမြန်းတာဖြစ်ပါတယ်။ ကြည့်ရှုသူတွေရဲ့ ခံစားချက်တွေ၊ အမြင်တွေ၊ အကြံဉာဏ်တွေကို တင်ဆက်မှုအပြီးမှာ မေးမြန်းတာမျိုးတွေ၊ ဆွေးနွေးတာမျိုးတွေ လုပ်လေ့ရှိပါတယ်။ ပွဲကြည့်သူတွေဟာ ပွဲ ကြည့်သူသက်သက်သာမဟုတ်ဘဲ ပါဝင်ဆွေးနွေးသူတွေဖြစ်လာအောင် ဆွဲဆောင်လုပ်ဆောင်တဲ့ နည်းလမ်းဖြစ်ပါတယ်။




ပွဲကြည့် သူတွေဟာ ပြဇာတ်မှာ တွေ့မြင်ရတာကိုသာမကဘဲ ပြင်ပပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့အကြောင်းအရာတွေကို သုံးသပ်မိပြီး ဝိုင်းဝန်း ဖြေရှင်းနိုင်တဲ့နည်းလမ်းတွေကိုအထိ ဆွေးနွေးပါဝင်လာတတ်ပါတယ်။

ဒီနည်းလမ်းကို အသုံးပြုမယ်ဆိုရင် ဒီပြဇာတ်နည်းလမ်းအကြောင်းကို သဘောပေါက်ပြီး အသုံးချတတ်တဲ့ အထူးလေ့ကျင့်ထားသူတွေ လိုအပ်ပါတယ်။ အချိန်တိုတိုအတွင်း နလုံးကိုခံစားချက်ဖြစ်အောင်နဲ့ တခြားအကူပစ္စည်းမပါဘဲ သရုပ်ဆောင်နိုင်တဲ့ သရုပ်ဆောင်သူတွေ လိုအပ်ပါတယ်။ ပြောဇာတ်ပုံစံမဟုတ်ဘဲ အသံအားနဲ့ ခန္ဓာကိုယ်အမူအယာတွေကို အသုံးပြုတတ်တဲ့ နည်းလမ်းတွေကိုသိရှိပြီး ကြိုတင်လေ့ကျင့်ဖို့လိုပါတယ်။

နောက်ထပ်လိုအပ်သူကတော့ ပြဇာတ်တင်ဆက်မှုအပြီးမှာ ကိုယ်ပြောချင်တဲ့အကြောင်းအရာကို ပြဇာတ်ကတဆင့် ခံစားပြီး ဆွေးနွေးလာအောင် လှုံ့ဆော်ပေးမေးခွန်းမေးပြီး ဆွဲခေါ်တတ်တဲ့သူတွေ လိုပါတယ်။ ပြဇာတ်ကြည့်အပြီး ခံစားနေမိတဲ့ အချိန်မှာ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး စိတ်ဝင်စားလာအောင်၊ ဝင်ရောက်လုပ်ဆောင်လာနိုင်အောင် စည်းရုံးနိုင်တဲ့သူမျိုးရဲ့ အရည်အသွေးက ဒီလိုနေရာမျိုးမှာ အရေးကြီးလှပါတယ်။

လူထုကြားထဲမှာ လမ်းပေါ်ပြဇာတ်နဲ့ ပညာပေးစည်းရုံးလှုံ့ဆော်မယ်ဆိုရင် သတိထားသင့်တဲ့ အချက်လေးတွေရှိပါတယ်။ အချိန်တိုတိုအတွင်း ထိထိမိမိသတင်းပေးနိုင်ဖို့ လေ့ကျင့်ပြင်ဆင်ပါ။ သတင်းဗဟုသုတ (Information)နဲ့ အနုပညာ (Entertai-nment) တို့ကို အချိုးကျကျပေါင်းစပ်တတ်ဖို့လိုပါတယ်။ အနုပညာကိုဘဲ ဦးစားပေးမယ်ဆိုရင် ကြည့်ရှုသူတွေအနေနဲ့ ခံစားမှုဖြစ်လာတာမှန်ပေမဲ့ ကိုယ်ရည်ရွယ်ပြီး ပေးချင်တဲ့ သတင်းစကားကို မရတော့ဘဲဖြစ်တတ်ပါတယ်။ သတင်းစကားတွေကိုဘဲ ဦးစားပေးပြန်တော့လဲ လူထုက ခံစားချက်မဖြစ်ဘဲ စိတ်မဝင်စားတာလဲ ဖြစ်တတ်ပါတယ်။

လမ်းပေါ်မှာ တင်ဆက်တဲ့ပညာပေးဖြစ်တဲ့အတွက် လူထုအများ နားလည်နိုင်မဲ့ စကားမျိုး၊ နားလည်လွယ်မဲ့ ဇာတ်လမ်းပြကွက်လိုမျိုးဖြစ်ဖို့ လိုအပ်ပါတယ်။ လမ်းပေါ် တင်ဆက်တဲ့ပြဇာတ်မျိုးဆိုတာ ဇာတ်သဘင်ပြဇာတ်တွေလို ဇာတ်ဝင်ပစ္စည်းစုံစုံလင်လင်နဲ့ ခမ်းခမ်းနားနားတင်ဆက်တာမျိုးမဟုတ်ပါဘူး။ ရတဲ့နေရာမှာ ရတဲ့အသုံးအဆောင်တွေနဲ့ လူထုကြားထဲကိုယ်ပြောချင်တဲ့သတင်းစကားကို ပေးဖို့ တင်ဆက်တာဖြစ်ပါတယ်။ ဇာတ်ဝင်ပစ္စည်းတွေထက် သရုပ်ဆောင်စွမ်းရည်ကို ပိုအားကိုး အသုံးချရပါတယ်။

လက်တွေ့ဘဝနဲ့ ကိုက်ညီသော ဇာတ်လမ်းမျိုးကို လူထုကြားထဲမှာ အရင်လေ့လာပြီးမှ ပြဇာတ်ကို ပြင်ဆင်ပါ။ စိတ်ကူးယဉ်ဇာတ်လမ်းတွေထဲက လက်တွေ့မကျတဲ့ ဇာတ်လမ်းပုံစံတွေ၊ ဇာတ်ကောင်အမည်တွေ၊ ဝတ်စားဆင်ယင်ပုံတွေထက် လူထုကြားက လူထုနဲ့ ရင်းနီးထားတဲ့ ဇာတ်လမ်း၊ ဇာတ်ကောင်များကို သရုပ်ဆောင်မှု ကောင်းကောင်းနဲ့တင်ဆက်ပါ။




လူအများကို မြင်အောင် တင်ဆက်တာ ဖြစ်တဲ့အတွက် သဘာဝက ပေးထားတဲ့ ကိုယ်ခန္ဓာ လှုပ်ရှားမှုမျိုး များများပြောပါ။ သရုပ်ဆောင်စဉ်မှာ သင်ပြောတဲ့ စကားသံကို လူအားလုံး ပီပီသသ ကြားနိုင်ဖို့ အခက်အခဲရှိနိုင်ပါတယ်။ ဒါကြောင့် ပြောဇာတ်ထက် အမူအယာနဲ့ သရုပ်ဖော်တဲ့ ပြဇာတ်ပုံစံမျိုးနဲ့တင်ဆက်ပါ။ ကြည့်ရှုသူတွေ ပိုမို သဘောကျပြီးနားလည်တာကိုတွေ့ရပါလိမ့်မယ်။

သရုပ်ဆောင်အပြီး ပရိသတ်တွေကို ပြဇာတ်အကြောင်း ပြောလာအောင် ဆွဲခေါ်တတ်ပါစေ။ ပြီးရင် တင်ပြတဲ့အကြောင်းအရာကို စူးစိုက်ဆွေးနွေးလာအောင် မေးခွန်းမေးပါ။ အမှန်အမှားမေးတဲ့ မေးခွန်းမျိုးထက် လူတိုင်းရဲ့ အတွေးတွေနဲ့ အမြင်တွေကို လွတ်လွတ်လပ်လပ်တင်ပြနိုင်မဲ့ အဖွင့်မေးခွန်းတွေ များများမေးပါ။ ထိန်းကျောင်းတတ်ပါစေ။

ပြဇာတ်အစီအစဉ်တွေကို လူအများထဲ သိရှိဖို့ ကြိုတင်ဖိတ်ကြားပါ။ ဆိုရှယ်မီဒီယာများတွင် တင်ပြီး လူသိများအောင် လုပ်ဆောင်ပါ။ ရပ်ရွာတာဝန်ရှိသူများကိုလဲ ဖိတ်ကြားပါ။

အရေးအကြီးဆုံးအချက်ကတော့ သရုပ်ဆောင်မှုအတွက် ဇာတ်တိုက်လေ့ကျင့်ပါ။ ပြဇာတ်တခါတင်ဆက်ပြီးတိုင်း အချင်းချင်း ပန်လည်သုံးသပ်မှုလုပ်ပါ။ လိုအပ်ချက်များကို ပြင်ဆင်ပါ။

## ၃.၃။ လျှပ်တပြက်တင်ဆက်မှု (Flesh Mob)



ဒီနည်းလမ်းက ပြဇာတ်တင်ဆက်မှုနဲ့ ဆင်တူပေမဲ့ မတူတဲ့အချက်တွေရှိတဲ့ နည်းလမ်းတခုဖြစ်ပါတယ်။ ပြဇာတ်တင်ဆက်မှုနဲ့ ဘာတူလဲဆိုတော့ သရုပ်ဆောင်တင်ဆက်မှုဆိုတဲ့ အနုပညာတင်ဆက်မှုပုံစံတူပါတယ်။ မတူညီတဲ့အရာကတော့ ဒီလျှပ်တပြက်တင်ဆင်မှုဆိုတာ ပြဇာတ်လို ကြိုတင်ကြေညာထားတာမျိုး မဟုတ်ပါဘူး။ ပရိသတ်တွေကို စစချင်းမှာ ရုတ်တရက် တကယ်ဖြစ်နေတာလားလို့ ထင်မိအောင်နဲ့ အံ့အားသင့်အောင် လျှပ်တပြက်လုပ်ပြီး သူတို့ရဲ့စိတ်ဝင်စားမှုကို အရယူတဲ့နည်းလမ်း ဖြစ်ပါတယ်။ ဘာကြေညာထားချက်မှ မလုပ်ထားပါဘူး၊ ဘာဆိုင်းဘုတ်မှ မတပ်ထားပါဘူး၊ ဘာစင်မြင့်မှ မပြင်ထားပါဘူး။ နေ့စဉ် သွားလာလှုပ်ရှားမှုတွေလုပ်ဆောင်နေတဲ့ အများသွားလာနေကျနေရာမျိုးမှာ သရုပ်ဆောင်တဲ့သူတွေက ရုတ်တရက်ထွက်ပေါ်လာပြီး သရုပ်ဆောင်တဲ့ နည်းလမ်းဖြစ်ပါတယ်။ စစချင်းမှာ တကယ်ဖြစ်နေတာဆိုပြီး ပရိသတ်က စိတ်ဝင်စားစပ်စုပြီး ကြည့်နေတုံး ကိုယ်တင်ပြလိုတဲ့အကြောင်းအရာကို သရုပ်ဆောင်ပြဇာတ်အဖြစ် သို့မဟုတ် အုပ်စုလိုက် အကအဖြစ် ဆက်လက်တင်ဆက်တဲ့နည်း လမ်းဖြစ်ပါတယ်။

ဒီနည်းလမ်းရဲ့အားကောင်းချက်ကတော့ ပရိသတ်တွေအဖို့ တကယ်ဖြစ်နေတာလားဆိုပြီး စိတ်ဝင်စားလာတဲ့အတွက် တကယ့်ကို အမှတ်တရဖြစ်စေနေတာဖြစ်ပါတယ်။ အခုခေတ်စကားနဲ့ဆိုရင်တော့ "ဂျင်းအကြီးကြီးမိသွားလို့ တသက်စာမှတ်သွားတယ်" လို့ပြောရမယ်ထင်တယ်။

ဒီလျှပ်တပြက်တင်ဆက်မှုနည်းလမ်းကို သုံးမယ်ဆိုရင် သတိထားရမဲ့အချက်လေးတွေတော့ ရှိပါတယ်။

ကိုယ်တင်ဆက်တဲ့ လျှပ်တပြက်တင်ဆက်မှုဟာ ကိုယ်လုပ်နေတဲ့ ရေရှည်စည်းရုံးလှုံ့ဆော်မှု သို့မဟုတ်ကမ်ပိန်းနဲ့ ဘယ်လို ဆက်စပ်ကိုက်ညီအောင်လုပ်မလဲဆိုတာကိုလဲ စဉ်းစားပါ။ ဆက်စပ်အောင်ပြင်ဆင်ပါ။ ဒီနည်းလမ်းတွေဟာ လူထုထဲမှာ ဖြစ်နေ




တဲ့ လက်တွေ့ဘဝနဲ့ နီးစပ်တဲ့အဖြစ်အပျက်မျိုးကို တင်ဆက်နိုင်ရင် ပိုအဆင်ပြေပါတယ်။ အမျိုးသမီးတွေအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်တာ၊ လိင်ပိုင်းဆိုင်ရာစော်ကားနှောင့်ယှက်တာ၊ ကလေးတွေကို ရိုက်နှက်ဆုံးမတာ၊ အိမ်တွင်းအကြမ်းဖက်တာ စတဲ့ ပြကွက်မျိုးနဲ့ စတင်တဲ့အခါမှ တကယ့်ဖြစ်တတ်တဲ့ဖြစ်ရပ်မျိုးဖြစ်တဲ့အတွက်ကြောင့် ပိုယုတ္တိရှိတတ်ပါတယ်။

နောက်ထပ်သတိထားရမှာတော့ အချိန်ကိုက်ဖြစ်မှုဖြစ်ပါတယ်။ စစချင်းသရုပ်ဆောင်တဲ့သူတွေနဲ့ နောက်ပိုင်းဝင် ရောက်သရုပ်ဆောင်မဲ့သူတွေကြားမှာ အချိန်ဟသွားတာ လုံးဝမဖြစ်ရပါဘူး။ ဥပမာ - အမျိုးသမီးနဲ့ အမျိုးသားနှစ်ယောက် စကားများတာနဲ့ ဇာတ်လမ်းစထားပြီးတဲ့အချိန်မှာ နောက်ထပ်ဝင်ရောက်သရုပ်ဆောင်မဲ့သူတွေက အဝင်နောက်ကျတာ အချိန်ဟနေတာဖြစ်ရင် ပရိသတ်အတွက် စိတ်ဝင်စားမှုလျော့ပါးနိုင်ပါတယ်။ ပရိသတ်ရဲ့ စိတ်ဝင်စားမှုကို ဆက်တိုက် ဆွဲဆောင်နိုင်ဖို့အတွက် အချိန်ကိုက်ဖြစ်ဖို့လိုအပ်တယ်။

သရုပ်ဆောင်နေစဉ် မမျှော်လင့်တဲ့အခက်အခဲတွေဘာတွေ ကြုံလာနိုင်သလဲ။ ဘယ်လိုဖြေရှင်းမလဲဆိုတာ ကြိုတင်စဉ်းစားပြင်ဆင်သင့်ပါတယ်။ ဥပမာ - စစစချင်းသရုပ်ဆောင်တဲ့အချိန်မှာ ပရိသတ်က လိုအပ်တာထက်ပိုပြီး ထိတ်လန့်သွားတာမျိုး မဖြစ်ဖို့ တကယ်လို့ဖြစ်ခဲ့ရင် ဘယ်လို ဆက်လုပ်မလဲဆိုတာမျိုး စဉ်းစားပြင်ဆင်ပါ။ လုံခြုံရေးတာဝန်ယူထားတဲ့သူတွေကို တကယ်ဖြစ်တယ်ဆိုပြီး လာမတားအောင် ဘယ်လိုအသိပေးထားမလဲ၊ ဖြစ်လာရင် ဘယ်လိုလုပ်မလဲဆိုတာမျိုး ပြင်ဆင်ထားသင့်ပါတယ်။

တကယ်လို့များ ကိုယ်တင်ဆက်မှုက လျှပ်တပြတ်တင်ဆက်မှုကနေ အုပ်စုလိုက်ကခုန်တဲ့အစီအစဉ်မျိုးဆိုရင် စုပေါင်းအကကို သေသေချာချာတိုက်ထားသင့်ပါတယ်။ လူများလေ ပွဲစည်လေဖြစ်တဲ့အတွက် အကအဖွဲ့ကို လူများများနဲ့ ပါဝင်နိုင်အောင် စည်းရုံးလေ့ကျင့်ထားပါ။ တူညီဝတ်စုံနဲ့ ဝတ်ဆင်နိုင်ရင် ပိုမြင်သာထင်သာရှိပါတယ်။ အများနဲ့ ကတဲ့အကမျိုးဖြစ်တဲ့အတွက် ကကွက်တွေက ရိုးရိုးသာ စီစဉ်ပါ။ စိတ်ဝင်စားတဲ့သူတွေပါ လိုက်ကနိုင်ဖို့အတွက် လွယ်လွယ်ကူကူနဲ့ ပျော်ပျော်ရွှင်ရွှင်ကနိုင်တဲ့ ကကွက်မျိုးကို ဖန်တီးပါ။ ခက်ခဲပြီး ရှုပ်ထွေးတဲ့ကကွက်တွေကို ရှောင်ပါ။

ဒီလိုတင်ဆက်မယ်ဆိုရင် လူအများသွားလာတဲ့နေရာမျိုးနဲ့ အများပိုင်နေရာတွေမှာ လူအများရှိတတ်တဲ့အချိန်ကို ရွေး



ချယ်ပါ။ ဥပမာ – အများပြည်သူတွေ အပန်းဖြေလေ့ရှိတဲ့ ပန်းခြံတွေမှာ အားလပ်ရက်လိုမျိုးလုပ်ဆောင်ရင် ပိုထိရောက်ပါတယ်။ အထိမ်းအမှတ်နေ့မျိုးတွေဆိုရင် ပိုကောင်းပါတယ်။ ကုန်တိုက်တွေ၊ ဈေးပွဲတော်လိုနေရာမျိုးတွေမှာလဲ တင်ဆက်နိုင်ပါတယ်။ အခမ်းအနားတခုခုကျင်းပချိန်မှာလဲ အစီအစဉ်ကို မကြေညာဘဲ လျှပ်တပြတ်တင်ဆင်နိုင်ပါတယ်။

## ၃.၄။ အခမ်းအနားကျင်းပခြင်း

လူထုစည်းရုံးလှုံ့ဆော်ခြင်း သို့မဟုတ် ကမ်ပိန်းတွေကို လုပ်တဲ့အခါမှာ အသုံးများတဲ့ နောက်တနည်းကတော့ အခမ်းအနားကျင်းပပြီး စည်းရုံးလှုံ့ဆော်တဲ့နည်းဖြစ်တယ်။ အထိမ်းအမှတ်နေ့တွေဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ဒီဇင်ဘာ (၁၀) ရက်၊ နိုင်ငံတကာ ကလေးများနေ့ နိုဝင်ဘာလ (၂၀) ရက်၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆန့်ကျင်ရေး (၁၆) ရက်တာ လှုပ်ရှားမှု – နိုဝင်ဘာ (၂၅) ရက်၊ လိင်တူချစ်သူများအပေါ် မုန်းတီးမှုဆန့်ကျင်ရေးနေ့ – မေလ (၁၇)ရက် စသည်ဖြင့် နေ့ပေါင်း များစွာ ရှိပါတယ်။

ဒီလိုအခမ်းအနားမျိုးကျင်းပပြီး စည်းရုံးလှုံ့ဆော်ခြင်းဖြင့် လူထုရဲ့စိတ်ဝင်စားမှုကို ရရှိနိုင်ပါတယ်။ လူထုအများအပြားကို ထိစပ်နိုင်ခဲ့တဲ့အတွက် သက်ရောက်မှုကြီးမားနိုင်ပါတယ်။ တနေ့တာအချိန်အတွင်း သို့မဟုတ် သုံးလေးရက်တာကာလအတွင်း လုပ်ဆောင်တာဖြစ်တဲ့အတွက် သတင်းအချက်အလက်စုံစုံလင်လင် ပေးနိုင်ပါတယ်။ အသိပညာပေးယုံမကဘဲ ဘာတွေပူးပေါင်းလုပ်ဆောင်ရင်ကောင်းမလဲဆိုတဲ့ အဆင့်အထိ ဆွဲခေါ်နိုင်ပါတယ်။

အားကောင်းချက်တွေရှိသလို စိန်ခေါ်မှုတွေလဲ ရှိပါတယ်။ အများဆုံးကြုံတွေ့ရတဲ့စိန်ခေါ်မှုကတော့ တက်ရောက်လာတဲ့ သူတွေ စိတ်လဲဝင်စားပြီး ဗဟုသုတလဲ ရရှိနိုင်မဲ့အစီအစဉ်မျိုးကို စီစဉ်နိုင်ဖို့ဖြစ်ပါတယ်။ အခမ်းအနားအချိန်အတွင်းမှာ ပညာပေး




အစီအစဉ်နဲ့ လူထုစိတ်ဝင်စားနိုင်မဲ့ ဆွဲဆောင်နည်းတွေကို ဘယ်လိုဟန်ချက်ညီအောင် ထိန်းညှိပြင်ဆင်မလဲဆိုတော့ တော်တော်တော့မလွယ်ပါဘူး။ တချို့အခမ်းအနားတွေမှာ မိန့်ခွန်းတွေပြောလိုက်၊ ထုတ်ပြန်ကြေညာချက်တွေဖတ်လိုက်နဲ့ လာရောက်နားထောင်တဲ့ပရိသတ်က ပျင်းရိစွာနားထောင်ပြီး လူတွေပျောက်ကုန်တာ တွေ့ရတတ်ပါတယ်။ တချို့ပွဲတွေကျတော့လဲ အားလုံး ပျော်ရွှင်တက်ကြွနေပေမဲ့ ဘာအခမ်းအနားမှန်းတောင် မသိဘဲ ရည်ရွယ်ချက်ပျောက်သွားတာမျိုးလဲ ရှိပါတယ်။

နောက်တခုကတော့ဒီလိုအခမ်းအနားမျိုးလုပ်မယ်ဆိုရင် တာဝန်ယူမှု တာဝန်ခံမှုတိတိကျကျမရှိတဲ့အခါ လစ်ဟာမှုတွေရှိလာတတ်တဲ့အခက်အခဲပါဘဲ။ စင်မြင့်ပေါ်နဲ့ အစီအစဉ်တွေကို လူတွေ စိတ်ဝင်စားကြပေမဲ့ စင်နောက်ကွယ်မှာလုပ်ရမဲ့ ကိစ္စတွေမှာ တာဝန်ယူလုပ်ဆောင်မဲ့သူမရှိတာမျိုးဖြစ်တတ်ပါတယ်။ စင်ပေါ်မှာ ကျင်းပနေတဲ့ အစီအစဉ်တွေ ချောချောမွေ့မွေ့အဆင်ပြေဖို့ အရေးကြီးသလို ပွဲတခုလုံးရဲ့ လုံခြုံရေး၊ ကျန်းမာရေး၊ အစားအသောက်နဲ့ သန့်ရှင်းရေးတွေကလဲ အထူးအရေးကြီးပါတယ်။

ဒါကြောင့် ဒီလိုအခမ်းအနားကို ကျင်းပပြုလုပ်မယ်ဆိုရင် ကိုယ်ပြောချင်တဲ့သတင်းစကားက ဘာလဲဆိုတာ ရှင်းလင်းပါစေ။ အခမ်းအနားမှာ ဒီသတင်းစကားကို အများမြင်သာအောင်လုပ်ပါ။ ဟောပြောမှုနဲ့တင်ဆက်မှုတွေမှာ ထည့်ပြောပါ။

အခမ်းအနားအစီအစဉ်ကိုပြင်ဆင်တဲ့အခါမှာ အနုပညာတင်ဆက်မှုနဲ့ ထင်ရှားသူတွေရဲ့ မိန့်ခွန်းပြောကြားချက်တွေ မျှတပါစေ။ အခမ်းအနားနဲ့ ပတ်သက်တဲ့သတင်းစကားဆိုင်ရာ ဟောပြောချက်တွေနဲ့ သရုပ်ဖော်တင်ဆက်မှုတွေကို ဘက်မျှအောင် လုပ်ဆောင်ပါ။ အစီအစဉ်မှာ တလှည့်စီတင်ဆက်နိုင်ရင် ကောင်းပါတယ်။

အခမ်းအနားကျင်းပမဲ့နေရာကို ကြိုတင်လေ့လာပါ။ လာရောက်မယ်လို့ ခန့်မှန်းထားတဲ့လူအရေအတွက်နဲ့ ကိုက်ညီတဲ့




နေရာကိုရွေးပါ၊ အများသိရှိထားပြီး သွားလာရလွယ်တဲ့နေရာမျိုးဆိုရင် လာတဲ့လူတွေအတွက် ပိုမိုလွယ်ကူစေပါတယ်။ လမ်းညွှန်များ စီစဉ်ထားပေးပါ။

ပြင်ပကွင်းပြင်မှာ ကျင်းပမယ်ဆိုရင် လုံခြုံရေး၊ သန့်ရှင်းရေးနဲ့ အညစ်အကြေးစွန့်ရေးကိစ္စတွေကို ကြိုတင်တွက်ဆပြီး ပြင်ဆင်ပါ။ အစားအသောက်ကျွေးမွေးတာကို စနစ်တကျဖြစ်ပါစေ။ သန့်ရှင်းပါစေ။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပါ။ ပလတ်စတစ် သုံးစွဲမှုကို လျှော့ချပါ။

စေတနာ့ဝန်ထမ်းကူညီမဲ့သူများကို လေ့ကျင့်ပေးပါ။ လိုအပ်တဲ့သတင်းတွေပေးနိုင်အောင် အချက်အလက်တွေ ပေးထားပါ။ အရေးပေါ်ဆက်သွယ်ရမဲ့သူတွေရဲ့ ဖုန်းနံပါတ်ကို ဖြန့်ထားပါ။ တတ်နိုင်မယ်ဆိုရင် ဝတ်စုံ ယူနီဖောင်း စီစဉ်ထားပေးပါ။

နာမည်ကြီး၊ ထင်ရှားသူတွေတက်ရောက်ပြီး မိန့်ခွန်းပြောနိုင်အောင် ဖိတ်ပါ။ သူတို့တွေကြောင့် လူထုရဲ့ စိတ်ဝင်စားမှုကို ပိုရရှိနိုင်ပါတယ်။ အနုပညာရှင်များ ထင်ရှားကျော်ကြားသူများပါဝင်မယ်ဆိုရင် သူတို့ကို ဒီအခမ်းအနားအကြောင်းရဲ့ ရည်ရွယ်ချက်တွေကို ရှင်းပြထားပါ။ အင်တာဗျူးများမေးလာရင် ဘယ်လိုဖြေကြားနိုင်ကြောင်း အကြံပေးပါ။

အခမ်းအနားအကြောင်းကို မကျင်းပမီကထဲက လူအများသိအောင် ကြေညာပါ။ ကြေညာချက်က လူတွေကို ဆွဲဆောင်နိုင်တဲ့ပုံစံမျိုးဖြစ်ပါစေ။

သတင်းမီဒီယာအတွက် လိုအပ်သောအချက်များကို ကြိုတင်ပြင်ဆင်ပါ။ သတင်းမီဒီယာနဲ့ တွေ့ဆုံပြောဆိုမဲ့သူများကို ကြိုတင်လေ့ကျင့်ပြင်ဆင်ထားပြီး မီဒီယာအင်တာဗျူးအတွက် အချိန်ပေးစီစဉ်ပါ။

အခမ်းအနားအကြောင်းကို ဆိုရှယ်မီဒီယာများအသုံးပြုပြီး သတင်းများပေးပို့ပါ။ တက်ရောက်လာသူရဲ့ အမြင်များကို မေးမြန်းပါ။ မှတ်တမ်းတင်ပါ။ လူမှုကွန်ယက်တွေကို မမေ့ပါနဲ့၊ ဒီကွန်ယက်တွေက လူအများကို ဆွဲဆောင်နိုင်ပါတယ်။

## ၃.၅။ သီချင်းဗီဒီယို (MTV) များ



အနုပညာနှစ်ရပ်ဖြစ်တဲ့ တေးဂီတနဲ့ရုပ်မြင်သံကြားရိုက်ကူးခြင်းနှစ်ခုကို ပေါင်းစပ် ဖန်တီးထားတဲ့ သီချင်းဗီဒီယိုတွေဟာ လူထုကို စည်းရုံးတဲ့နေရာမှာ ထိရောက်တဲ့နည်းတစ်နည်းဖြစ်လာပါတယ်။ တေးဂီတစာသား သီဆိုသူရဲ့ သီဆိုဟန်တွေက နားထောင်သူရဲ့ နှလုံးသားကို လှုပ်နိုးစေတဲ့ စွမ်းအားရှိသလို ရိုက်ကူးပုံဖော်ထားချက် တွေကကိုယ်ပြောချင်တဲ့ အကြောင်းအရာရယ်၊ သီချင်းရယ်ကို ပံ့ပိုးပေးနိုင်ရင် ဒီသီချင်းဗီဒီယိုတပုဒ်နဲ့ ပရိသတ်ထောင်သောင်းပေါင်းများစွာကို ဖမ်းစားနိုင်လောက်အောင် ဩဇာလွှမ်းမိုးနိုင်ပါတယ်။ အခုအချိန်မှာ ဆိုရှယ်မီဒီယာတွေကို အသုံးပြုပြီး ဖြန့်ဝေနိုင်တဲ့အတွက် နေရာအနှံ့အပြားကို အချိန်တိုတိုနဲ့ ရောက်ရှိသွားနိုင်ပါတယ်။ ပြန့်နှံ့မှုနဲ့ သက်ရောက်မှုအားတွေက တော်တော်ကြီးမားပါတယ်။




သီချင်းဗီဒီယိုကို လူထုစည်းရုံးလှုံ့ဆော်ပိုင်းမှာအသုံးပြုတဲ့အခါမှာ သတိပြုဖို့ကတော့ အနုပညာတင်ဆက်မှုကြောင့် ကြည့်ရှုသူတွေရဲ့ နှလုံးသားမှာ ခံစားချက်ဖြစ်စေနိုင်ပါတယ်။ ဒါပေမဲ့ လူထု ကို ကိုယ်လုပ်ဆောင်နေတဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး ပိုမိုရှင်းလင်းအောင်၊ ပြဿနာကိုဖော်ထုတ်တတ်လာအောင်၊ ကိုယ်နဲ့အတူပါဝင်လှုပ်ရှားဆောင်ရွက်လာအောင်အထိ အလိုလိုဆွဲခေါ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ခံစားချက်တွေဖြစ်ပေါ်နေဆဲမှာ ကိုယ်လုပ်ဆောင်နေတဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး မေးခွန်းတွေမေးပြီး ဆက်စပ်နိုင်ဖို့ လိုပါတယ်။ သီချင်းဗီဒီယိုကိုပြသပြီး နောက်ဆက်တွဲ မေးခွန်း တွေမေးပြီး လူထုကို စည်းရုံးလှုံ့ဆော်တတ်ဖို့ လိုအပ်ပါတယ်။

## ၃.၆။ ပိုစတာများ

ပိုစတာများကတော့ အလွယ်တကူသယ်ဆောင်သွားလို့ရယုံတင်မကဘဲ ချိတ်ဆွဲထားနိုင်တဲ့အတွက် မကြာခဏကြည့် နိုင်ပါတယ်။ လူအများသွားလာတဲ့နေရာမှာကပ်ထားမယ်ဆိုရင် လူအများကအလွယ်တကူကြည့်နိုင်တဲ့အတွက် သက်ရောက်မှုလဲ ကြီးမားပါတယ်။ ပိုစတာတွေကို စာသားသက်သက်နဲ့ ဖော်ပြတာမျိုးရှိသလို ရုပ်ပုံနဲ့ပေါင်းစပ်ပြီး ဖော်ပြတာမျိုးလဲရှိတတ်ပါတယ်။

ပိုစတာကို အသုံးပြုရင် သတိထားဖို့လိုတာကတော့ ကိုယ်ပေးချင်တဲ့ သတင်းစကားက တိုတောင်းရှင်းလင်းဖို့ လိုအပ်ပါ တယ်။ ရုပ်ပုံတွေကို သုံးမယ်ဆိုရင်လဲ ရှင်းလင်းပြတ်သားပြီး ကိုယ်ပေးချင်တဲ့သတင်းစကားကို ထိထိမိမိသရုပ်ဖော်နိုင်တဲ့ ပုံမျိုးဖြစ် သင့်ပါတယ်။

အောက်ပါဖော်ပြထားတဲ့ ပိုစတာနစ်မျိုးကို လေ့လာကြည့်ရအောင်။

### ကလေးကူးသန်းရောင်းဝယ်မှုပပျောက်ရေးပိုစတာ




ဒီပိုစတာမှာ ရုပ်ပုံတွေ အများကြီးသုံးထားပြီး အရောင်စုံလင်ပါ တယ်။ ကာတွန်းပုံတွေကို သုံးထားတဲ့အတွက် ချစ်စရာကောင်းသလို စိတ် ဝင်စားဖို့ကောင်းပါတယ်။ အထူးသဖြင့် ကလေးတွေ နစ်သက်သဘောကျတဲ့ ပုံစံမျိုးဖြစ်ပါတယ်။

ဒါပေမဲ့ ပုံတွေက အရမ်းရှုတ်ထွေးလွန်းပါတယ်။ ပုံတွေကများလွန်းတဲ့အပြင် ဘာကိုဆိုလိုချင်မှန်း မသိတဲ့ အရာက အဓိကအားနည်းချက် ဖြစ်ပါတယ်။ မေးချင်တဲ့ သတင်းစကားကများပြီး ဘယ်ကိုဆိုလိုချင်မှန်း မသိတော့တဲ့အခါ ဆိုလိုချက်ဝေဝါး သွားပါတယ်။ ကြည့်တဲ့သူတွေက ပိုစတာတခုလုံးကို အစအဆုံးကြည့်ပြီးမှ ဆိုလိုချက်ကို ဝိုးတိုးဝါးတားမြင်မှာ ဖြစ်ပါတယ်။

## အိမ်တွင်းအကြမ်းဖက်မှုရပ်တံ့ရေးပိုစတာ




ဒီပိုစတာကတော့ အိမ်တွင်းအကြမ်းဖက်မှုရဲ့ ဆိုးကျိုးနဲ့ အိမ်တွင်းအကြမ်း ဖက်မှုကင်းစင်ခြင်းရဲ့ ကောင်းကျိုးကို ယှဉ်တွဲ ဖော်ပြထားတဲ့ ပိုစတာဖြစ် ပါတယ်။

ရေးဆွဲထားတဲ့ ပုံနှစ်ပုံဟာ အသက်ဝင်ပြီး ရည်ရွယ်ချက်နဲ့ ဆိုလိုရင်းကို အလွယ်တကူသဘောပေါက်နိုင်ပါတယ်။ ဘာကိုဆိုလိုတယ်ဆိုတာကို ပုံမှာပါဝင်တဲ့ ဇာတ်ကောင်တွေရဲ့ ခံစားချက်အမူအယာတွေကို ထင်ရှားအောင်ဖော်ပြထားနိုင်ပါတယ်။ ပုံနှစ်ပုံမှာ ခွဲခြားသုံးထားတဲ့ အရောင်နှစ်မျိုးကလဲ ပူလောင်ခြင်းနဲ့ ငြိမ်းချမ်းရေးကို ကိုယ်စားပြုထားပါတယ်။ အားကောင်းချက် နောက်တခုက သတင်းစကားက တိုတောင်းရှင်းလင်းပါတယ်။ နောက်ပြီးတော့ မတူညီတဲ့ တိုင်းရင်းသား ဘာသာစကားတွေကို ထည့်ထားတဲ့အတွက် မတူညီတဲ့ တိုင်းရင်းသားတွေကလဲ နားလည်နိုင်ပါတယ်။

# အခန်း ၄

## မီဒီယာစည်းရုံးလှုံ့ဆော်ခြင်း (Media Advocacy)




သတင်းမီဒီယာဆိုတာ သတင်းရှာဖွေတာ၊ ရယူတာ၊ ပိုင်ဆိုင်တာ၊ မှတ်တမ်းတင်တာ၊ သတင်းအချက်အလက်တွေကို ခွဲခြမ်းစိတ်ဖြာတာ၊ ဖြန့်ချီတာ စတာတွေကို စာ၊ အသံ၊ ရုပ်၊ ကိန်းဂဏန်းအချက်အလက်၊ ရုပ်ပုံဒီဇိုင်းစတဲ့ အသွင်သဏ္ဌာန်တွေကို သုံးပြီး ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အယ်ဒီတာ တာဝန်ယူမှုရှိတဲ့ အင်တာနက်မီဒီယာ သို့မဟုတ် တခြားနည်းလမ်းများနဲ့ လုပ်ကိုင်တဲ့ အများပြည်သူဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းတွေကို ဆိုလိုပါတယ်။ မီဒီယာရဲ့ အခန်းကဏ္ဍက ကျယ်ပြန့်လှသလို အရေးကြီးလှပါတယ်။

မီဒီယာစည်းရုံးလှုံ့ဆော်မှုဆိုတာ မီဒီယာကို ကိုယ်ရေးချင်တာ ရေးခိုင်းဖို့ ကြိုးစားတာမဟုတ်ဘူးဆိုတာ ပြောထားပါရစေ။ မီဒီယာရဲ့ အရေးပါတဲ့ အခန်းကဏ္ဍကို လေးစားပြီး မီဒီယာက ရေးသားလာချင်အောင် ကိုယ့်ကိုကိုယ်ပြင်ဆင်တာမျိုးဖြစ်တယ်။ လူ့အခွင့်အရေးကိစ္စလုပ်ဆောင်နေတဲ့သူတွေမှာ မီဒီယာကို ဝယ်နိုင်တဲ့အနေအထားမရှိပါဘူး။ လွတ်လပ်တဲ့မီဒီယာကို ဝါဒဖြန့်မီဒီယာအဖြစ် ခါးပိုက်ထဲမှာ ထည့်တာမျိုးလဲ မဖြစ်သင့်ပါဘူး။ မီဒီယာအနေနဲ့ ကိုယ်လုပ်ဆောင်နေတဲ့အကြောင်းအရာနဲ့ ပတ်သက်ပြီး လုပ်ဆောင်တာတွေ၊ ဆုံးဖြတ်ချက်ချသူတွေနဲ့ ပြည်သူလူထုတွေကို ပြောချင်တာတွေကို မီဒီယာကတဆင့် ဖော်ပြပြီး ရေးသား လာအောင် ပြင်ဆင်လုပ်ဆောင်တာမျိုးကို မီဒီယာစည်းရုံးလှုံ့ဆော်မှုလို့ ခေါ်ပါတယ်။

သတင်းမီဒီယာဆိုတ အမျိုးမျိုးရှိပါတယ်။ မီဒီယာတွေဟာ စည်းရုံးလှုံ့ဆော်သူတွေအတွက် လုပ်ငန်းနဲ့ပတ်သက်ပြီး အရေးကြီးတယ်ဆိုတာ ကောင်းကောင်းသဘောပေါက်ဖို့ လိုအပ်ပါတယ်။ မီဒီယာတွေအမျိုးမျိုးအကြောင်းဆိုလဲ လေ့လာထား




သင့်ပါတယ်။ ကိုယ့်မှာရှိထားတဲ့သတင်းအချက်အလက်နဲ့ကိုယ်ပေးပို့လိုတဲ့သတင်းအကြောင်းအရာပေါ်မှာမူတည်ပြီးချဉ်းကပ်ရင် ပိုမိုအကျိုး ရှိနိုင်ပါတယ်။ ကိုယ်တွေ လုပ်ဆောင်လေ့ရှိတဲ့ သတင်းစာရှင်းလင်းပွဲတွေ၊ သတင်းထုတ်ပြန်ကြေညာချက်တွေကို သတင်းမီဒီယာတွေ အားလုံးသို့ပို့ရင် အကောင်းဆုံးဖြစ်ပါတယ်။

ပထမဦးဆုံးက မတူညီတဲ့ သတင်းမီဒီယာအမျိုးအစားပါ။ ဒါကတော့ ရေဒီယို၊ သတင်းစာ စာစောင်၊ ရုပ်မြင်သံကြားနဲ့ ဆိုရှယ်မီဒီယာတွေကို ဆိုလိုတာပါ။ မတူညီတဲ့ သတင်းမီဒီယာပုံစံမျိုးတွေဖြစ်တဲ့အတွက် သူတို့လိုအပ်တဲ့ သတင်းပုံစံတွေက တူနိုင်မှာ မဟုတ်ပါဘူး။ နေ့စဉ်တီဗွီသတင်းအတွက် လိုအပ်တဲ့ ကုန်ကြမ်းနဲ့ အပတ်စဉ်ထုတ်တဲ့ ဂျာနယ်ရဲ့ ဆောင်းပါးအတွက် ရေးသားမှုပုံစံလဲ မတူနိုင်သလို သူတို့လိုချင်တဲ့ အချက်အလက်အမျိုးအစားကလဲ တူမှာမဟုတ်ပါဘူး။ ကိုယ့်မှာရှိသော သတင်း အမျိုးအစားပုံစံကို မတူညီတဲ့သတင်းမီဒီယာအမျိုးအစားက ပိုမိုစိတ်ဝင်စားတတ်ပါတယ်။ ဥပမာ – ရဲတစ်ဖွဲ့တယောက်က တရား မဝင်သစ်လုံးတွေ သယ်ဆောင်လာတဲ့ကားဆီက ငွေတောင်းပြီးယူဆောင်နေတဲ့ပုံကို ရိုက်ကူးထားတဲ့ CCTV က ဗွီဒီယိုမျိုးဆိုရင် ရေဒီယို ဌာနများထက် ရုပ်မြင်သံကြားသတင်းတိုက်များက ပိုမိုစိတ်ဝင်စားတတ်ပါတယ်။ ဒီလိုပါဘဲ၊ လက်နက်ကိုင်အဖွဲ့က ဖမ်းဆီး ခေါ်ဆောင်သွားပြီးပြန်လည်ထွက်ပြေးလွတ်မြောက်လာတဲ့သူတယောက်ကိုတွေ့ဆုံအင်တာဗျူးထားတဲ့အသံဖိုင်ကိုတော့ရေဒီယို သတင်းဌာနက ပိုသဘောကျမှာပါ။ ဒါကြောင့် မီဒီယာတွေရဲ့ မတူညီတဲ့ သဘောသဘာဝကို နားလည်ပြီး သူတို့သဘောကျပြီး သူတို့ အတွက် အသုံးဝင်မဲ့ သတင်းမျိုးကို သဘောပေါက်ထားရပါမယ်။

နောက်တခုလေ့လာထားရမှာကတော့ သတင်းထောက်များဖြစ်ပါတယ်။ သတင်းထောက်များဆိုတာကတော့ ဘယ် သတင်းဌာနက သတင်းထောက် ဘယ်သူက ဘယ်အကြောင်းမျိုးဆို ရေးသားလေ့ရှိလဲဆိုတာ လေ့လာထားဖို့ လိုပါတယ်။ သတင်းဌာနတွေမှာ ကဏ္ဍတစ်ခုကို အထူးအလေးပေးလေ့လာရေးသားလေ့ရှိတဲ့ သတင်းထောက်တွေရှိတတ်ပါတယ်။ ကဏ္ဍ အလိုက် (ဥပမာ – အမျိုးသမီးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍ) ကို ရေးသားလေ့ရှိသူတွေ ဖြစ်ပါတယ်။ ကိုယ့်အနေနဲ့ ဒီလိုကဏ္ဍ အလိုက် ရေးသားတဲ့ သတင်းထောက်တွေ၊ သတင်းတိုနဲ့ ဆောင်းပါးရှည်ရေးသားလေ့ရှိတဲ့ သတင်းထောက်တွေရဲ့ အမည်၊ သတင်း

ဌာန၊ ဖုန်း၊ ဖက်စ်နံပါတ်၊ အီးမေးလ်၊ ဖေ့ဘွတ်အကောင့်နဲ့ သူစိတ်ဝင်စားသော အကြောင်းတွေကို ပြုစုမှတ်သားထားနိုင်ရင် အကောင်းဆုံးပါ။ သတင်းမီဒီယာတွေနဲ့ အောင်မြင်စွာဆက်သွယ်နေတဲ့ အဖွဲ့အစည်းတိုင်းမှာ သတင်းဌာနတွေ သတင်းထောက်တွေနဲ့ ပတ်သက်တဲ့ ဆက်သွယ်နိုင်မဲ့ အချက်တွေကို သေသေချာချာ ပြုစုသိမ်းဆည်းထားလေ့ရှိပါတယ်။

တကယ်လို့သာ ကိုယ်အလုပ်လုပ်နေတဲ့ အဖွဲ့အစည်း ယုံကြည်အားထားလောက်တဲ့ ဂုဏ်သိက္ခာတွေရှိနေမယ်ဆိုရင် မီဒီယာတွေက ကိုယ့်ရဲ့အဖွဲ့စီကို ဆက်သွယ်လာမှာပါ။ ဒါပေမဲ့ ဒီလိုအခြေအနေဖြစ်လာဖို့က သတင်းမီဒီယာတွေနဲ့ ယုံကြည်မှုကို ရရှိပြီး ကိုယ့်ကိုလေးစားလာဖို့ အချိန်အတိုင်းအတာတခုတော့ ဖြတ်သန်းရမှာပါ၊ ဒီလိုဖြစ်ဖို့အတွက် ကိုယ်တွေထုတ်ပြန်တဲ့ သတင်းတွေက တိကျဖို့၊ ကိုယ်လုပ်ဆောင်တဲ့ လုပ်ငန်းတွေဟာ သတင်းအဖြစ် အသုံးပြုနိုင်တဲ့ တန်ဖိုး (News value) ရှိဖို့၊ သတင်းမီဒီယာသမားတွေကို လေးစားမှုပေးပြီး ရင်းနှီးစွာ ဆက်ဆံတတ်ဖို့ လိုအပ်လှပါတယ်။

သတင်းမီဒီယာတွေနဲ့ ဆက်ဆံရာမှာ အများဆုံးလုပ်ဆောင်လေ့ရှိတဲ့ ပုံစံနှစ်မျိုးကတော့ သတင်းမီဒီယာများကို အင်တာဗျူးပေးခြင်းနဲ့ သတင်းစာရှင်းလင်းစာပွဲကို ဖိတ်ကြားပြီးရှင်းပြခြင်းတို့ ဖြစ်ပါတယ်။

**ရေဒီယို ရုပ်မြင်သံကြားမီဒီယာတွေနဲ့ တွေ့ဆုံရာတွင် သတိပြုသင့်တဲ့အချက်များ**



အင်တာဗျူးတွေကို ဖြေကြားမယ်ဆိုရင် အဖြေကို လိုရင်းတိုရှင်းဖြေဆိုသင့်ပါတယ်။ မိမိတင်ပြချင်တဲ့ အချက်အလက်တွေလဲပါဝင်ပြီး နားထောင်နေတဲ့လူအများစုနားလည်နိုင်မဲ့ စကားလုံးကိုရွေးချယ်သုံးစွဲပါ။ ကိုယ်ပြောနေကျ တရားဥပဒေစကားတွေ လူ့အခွင့်အရေးဆိုင်ရာဝေါဟာရတွေဟာ နားထောင်နေတဲ့သူတိုင်းအတွက် ရင်းနှီးကျွမ်းဝင်မှုမရှိနိုင်ဆိုတဲ့ အချက်ကို သတိထားပါ။

မီဒီယာက မေးတဲ့မေးခွန်းကို မရှင်းလင်းရင် ပြန်လည်မေးမြန်းနိုင်ပါတယ်။ မရှင်းလင်းတဲ့မေးခွန်းကို ကိုယ့်အထင်နဲ့ မဖြေပါနဲ့၊ မေးခွန်းမေးတဲ့သူကို ကိုယ်နားမလည်တဲ့ မေးခွန်းကို ပြန်ပြောခိုင်းပါ။ ကိုယ်ပြောဆိုလိုတဲ့အကြောင်းအရာ ပျောက်သွားစေလောက်တဲ့ မေးခွန်းမျိုးကို လိမ္မာပါးနပ်စွာနဲ့ ကိုင်တွယ်တတ်ဖို့လိုပြီး မိမိပြောချင်တဲ့ အကြောင်းအရာကို ပြန်လည်ဆွဲ ယူနိုင်ဖို့ လိုပါတယ်။ ဥပမာ – "ဟုတ်ပါတယ် ဒီလို မေးခွန်းက စိတ်ဝင်စားစရာကောင်းပါတယ်။ ဒါပေမယ့် ဒီထက်အရေးကြီးတဲ့အချက်ကတော့ ဒီလိုပါ "ဆိုပြီး မိမိပြောဆိုလိုတဲ့ ရည်ရွယ်ချက်ကို ပြန်ရောက်အောင် ပြောဆိုနိုင်ဖို့ လိုပါတယ်။

ဖြေဆိုနေတဲ့အချိန်အတောအတွင်းမှာ တည်တည်ငြိမ်ငြိမ်ဖြစ်နေဖို့လိုပါတယ်။ စိတ်လှုပ်ရှားကြောက်ရွံ့နေတဲ့သူပုံစံမျိုး မပေါက်ပါစေနဲ့။ လိုအပ်ရင် တက်ကြွနေတဲ့အသွင် ပေါက်နေစေဖို့နဲ့ ဇဝနဉာဏ်ရှိဖို့လဲ လိုပါတယ်။ ကိုယ့်အင်တာဗျူးကို နားထောင်နေတဲ့ပရိသတ်က ကိုယ်ဟာ မှန်မှန်ကန်ကန်နဲ့ ဖျတ်ဖျတ်လပ်လပ်ပြော ဆိုနေသောသူအဖြစ် ခံစားမြင်ယောင်လာအောင် ဖြေဆိုပါ။ ဒီလိုမြင်လာပြီဆိုရင် ကိုယ်ပြောဆိုလိုတဲ့ အကြောင်းအရာအပေါ် ပိုမိုစိတ်ဝင်စားလာစေပြီး ယုံကြည်လာမှာဖြစ်ပါတယ်။

ရေဒီယိုသတင်းဌာနနဲ့ အင်တာဗျူးမှာ ဝတ်စားဆင်ယင်မှုက အထူးအရေးမကြီးလှပေမဲ့ ရုပ်မြင်သံကြားနဲ့ တွေ့ဆုံမေးမြန်းမယ်ဆိုရင်တော့ ဝတ်စားဆင်ယင်မှုက အရေးကြီးပါတယ်။ ကိုယ့်ရဲ့ ဝတ်စားဆင်ယင်မှုကိုကြည့်ပြီး ကိုယ်ပြောတဲ့ပြောစကားတွေဟာ ယုံကြည်လောက်တယ်လို့ ခံစားမိအောင် သပ်ရပ် စွာဝတ်ဆင်သင့်ပါတယ်။ ရုပ်မြင်သံကြား ရိုက်ကူးမယ်ဆိုရင် အရောင်ရင့်ဖျော့တွေက အရောင်န အကွက်အစင်းတွေထက် ပိုအဆင်ပြေတာကို သတိပြုပါ။

မေးခွန်းတွေ ဖြေဆိုရာမှာ ခန္ဓာကိုယ်လှုပ်ရှားမှုကို သတိပြုပါ။ ခြေဟန်လက်ဟန်နဲ့ စကားပြောတာမျိုးဟာ ကြည့်ရှု့သူ တွေကို ပိုမိုစိတ်ဝင်စားစေတတ်ပါတယ်။ ဒါပေမဲ့ အလွန်အမင်းလှုပ်ရှားရင် ကင်မရာဘောင်လွတ်သွားတာကို သတိပြုပါ။ အကောင်းဆုံးကတော့ ကုလားထိုင်မှာ သက်တောင့်သက်သာစွာနဲ့ နောက်မှီပြီး မေးမြန်းတဲ့သူကို တည့်တည့်ကြည့်ပြီး ဖြေဆိုတာမျိုးက အကောင်းဆုံးဖြစ်ပါတယ်။ ဒီလိုပုံစံနဲ့ ဖြေကြားမယ်ဆိုရင် ကြည့်ရှုသူတွေကို ကိုယ်ဟာ ကြောက်လန့်မှုမရှိဘဲ တည်ငြိမ်စွာနဲ့ မှန်ကန်တဲ့ အချက်အလက်တွေကို တင်ပြနေတယ်လို့ ခံစားမိနေနိုင်မှာပါ။

မေးခွန်းတွေကို ဖြေဆိုနေချိန်မှာ လက်ပိုက်ထားတာ၊ ကြောက်လန့်နေတဲ့အမူအယာတွေ ပေါ်နေတာမျိုးကို ရှောင်ကြဉ်ပါ။ ဒီအမူအယာမျိုးက ကိုယ့်အပေါ် ယုံကြည်လေးစားမှုလျော့ပါစေနိုင်ပါတယ်။

**သတင်းရေးသူများနှင့် တွေ့ဆုံရာတွင် သတိပြုသင့်သော အချက်များ**

မိမိရဲ့ ပြောဆိုချက်တွေကို အသံသွင်းယူမှုမလုပ်ဘူးလို့ပြောသည့်တိုင်အောင် သတင်းထောက်ဟာ ကိုယ့်ပြောဆိုချက်တွေကို တရားဝင်ပြောဆိုချက်အဖြစ် မှတ်ယူမှာဖြစ်တာကို သတိထားပါ။ မီဒီယာဆိုတာ ကိုယ်ပြောဆိုနေတဲ့အကြောင်း တွေထဲက အများစိတ်ဝင်စားမဲ့ပြောဆိုချက်မျိုး၊ သာမန်ပြောဆိုချက်မျိုးမဟုတ်ဘဲ ပြဿနာပေါ်ပေါက်စေနိုင်တဲ့ ပြောဆိုချက်များကို အထူးစိတ်ဝင်စားတတ်ပြီး ကောက်နုတ်ကိုးကား သတင်းထုတ် ရေးသား တတ်ပါတယ်။ ဒါကြောင့် မီဒီယာရဲ့ သတင်းရေးသား ချက်ထဲမှာ




မပါဝင်စေလိုတဲ့ ကိုယ့်ရဲ့နှုတ်ထွက်ပြောဆိုချက်မျိုးကို သတင်းမှာ အသုံးမပြုဖို့ မီဒီယာကို ပန်ကြားနိုင်ပါတယ်။ တချို့မီဒီယာတွေကတော့ သတင်းထောက်ကျင့်ဝတ်ကို နားလည်ပြီး ကိုယ့်ရဲ့ပန်ကြားချက်ကိုလေး စားတတ်ကြပေမဲ့ တချို့မီဒီယာတွေကတော့ သတင်းတစ်ပုဒ်ရလျှင်ပြီးရော သဘောထားတတ်တာမျိုးလဲ ရှိနိုင်တယ်ဆိုတာကို သတိပြုပါ။ ဒါကြောင့် ကိုယ်ခွင့်မပြုနိုင်တဲ့ ပြောကြားချက်တွေကို သတင်းထဲမှာ ထည့်ရေးတာကို ခွင့်မပြုချင်ရင် ခွင့်မပြုတဲ့အကြောင်း သေသေချာချာပြောကြားဖို့ အရေးကြီးပါတယ်။

အဓိကဖော်ပြလိုတဲ့ အကြောင်းအရာနဲ့ပတ်သက်တဲ့ အချက်အလက်စာရွက်စာတမ်းတွေနဲ့၊ စာရင်းဇယားတွေဟာ မီဒီယာသမားတွေကို အထောက်အကူများစွာပြုပါတယ်။ ဒါကြောင့်ကိုယ်အဓိကထားပြောဆိုမဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး ရေးသားထားတဲ့ စာရွက်စာတမ်းတွေ၊ နောက်ခံအချက်အလက်တွေကို သတင်းထုတ် ပြန်ချက်နဲ့အတူ ပူးတွဲပြီး တွေ့ဆုံမေးမြန်းမှုအပြီးမှာ ပေးအပ်မယ်ဆိုရင် အကောင်းဆုံးဖြစ်ပါတယ်။

## ၄.၁။ သတင်းကြေညာချက် (Press Release) ထုတ်ပြန်ရာမှာ သတိပြုသင့်သော အချက်များ

သတင်းကြေညာချက်တွေကို ကိုယ်လုပ်ကိုင်မဲ့ ဆန္ဒပြပွဲတွေ၊ အထိမ်းအမှတ်ပွဲတွေ၊ အရေးပေါ်သတင်း ထုတ်ပြန်ချက်တွေ၊ ထုတ်ဝေမဲ့ အစီရင်ခံစာနဲ့ စာအုပ်အကြောင်း မိတ်ဆက်တဲ့ အခမ်းအနားတွေကို ဖိတ်ကြားရာမှာဖြစ်စေ၊ အစည်းအဝေး၊ ညီလာခံတခုအကြောင်း တင်ပြသတင်းပေးရာမှာဖြစ်စေ၊ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်း အသစ်တခုကို စတင်အသိပေးရာမှာဖြစ်စေ၊ သတင်းရေးသားဖြန့်ချီရန် ကောင်းမွန်တဲ့သတင်းတခုအကြောင်း အသိပေးထုတ်ပြန်ရာမှာဖြစ်စေ၊ ကိုယ့်အဖွဲ့အစည်းအကြောင်းကို မိတ်ဆက်ရာမှာဖြစ်စေ ထုတ်ပြန်လေ့ရှိပါတယ်။




ထုတ်ပြန်တဲ့ သတင်းထုတ်ပြန်ချက်ဟာ စာမျက်နှာ(၂)မျက်နှာ မကျော်စေရန်သတိပြုပါ။ အကောင်းဆုံးကတော့ တစ်မျက်နှာစာရေးသားထားတဲ့ ထုတ်ပြန်ချက်ဖြစ်ပါတယ်။

ဒီထုတ်ပြန်ချက်ဟာ ဘယ်အကြောင်းနဲ့ပတ်သက်ပြီး ထုတ်ပြန်တာဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြရပါမယ်။ ဆန္ဒထုတ်ဖော်ပွဲတစ်ခုအကြောင်းကို ရေးသားမယ်ဆိုရင် မည်သည့်နေရာ၊ မည်သည့်အချိန်၊ ဘာအတွက်ကြောင့် ကျင်းပမည်၊ ထိုသတင်းအကြောင်းကို သေချာရှင်းလင်းစွာနဲ့ ဖော်ပြထားမှသာ မီဒီယာများက ဒီသတင်းကဘာသတင်းမျိုးဖြစ်ကြောင်း သဘောပေါက်ပြီး အသုံးပြုလာနိုင်မှာဖြစ်ပါတယ်။

ထုတ်ပြန်ချက်ထဲမှာ သိသင့်တဲ့ နောက်ခံသမိုင်းကြောင်းတွေ၊ သတင်းအချက်အလက်တွေ၊ ကိန်းဂဏန်းတွေကို ထည့်သွင်းနိုင်ရင် ပိုကောင်းမွန်ပါ့မယ်။ ကိုယ့်အဖွဲ့အစည်းက ပြောရေးဆိုခွင့်ရှိသူခေါင်းဆောင်တယောက်ရဲ့ ထိမိတဲ့ပြောဆိုချက်ကို ကိုးကားထည့်သွင်းနိုင်ရင်လဲ သတင်းသမားများရဲ့ စိတ်ဝင်စားမှုကို ပိုရနိုင်ပါတယ်။ ထိုသူဟာ အများသိရှိလေးစားပြီး ထင်ရှားတဲ့သူတစ်ဦးဖြစ်ရင် ပိုကောင်းပါတယ်။

ထုတ်ပြန်ချက်ကို ထုတ်ပြန်မယ်ဆိုရင် တရားဝင်ဖြစ်ဖို့အတွက် ကိုယ့်အဖွဲ့အစည်းရဲ့ စည်းတံဆိပ်ပါတဲ့ စာရွက်များနဲ့ထုတ်ပြန်သင့်ပါတယ်။ မီဒီယာတွေက ပြန်လည်ဆက်သွယ်ချင်ရင် ဆက်သွယ်နိုင်အောင် ထိုသတင်းနဲ့ပတ်သပ်ပြီး သေချာပြောဆိုနိုင်မဲ့သူရဲ့အမည်နဲ့ ဆက်သွယ်နိုင်မဲ့ တယ်လီဖုန်းနံပါတ်တွေကို ထည့်သွင်းရေးသားသင့်ပါတယ်။ ပြောဆိုနိုင်မဲ့သူတဦးမအားရင် နောက်တဦး ဖြေကြားနိုင်မဲ့အတွက် ဆက်သွယ်နိုင်တဲ့သူ အနည်းဆုံးနှစ်ဦးထားပါ။ ထုတ်ပြန်တဲ့နေ့ကိုလဲ မပျက်မကွက်ထည့်ပါ။

တကယ်လို့ ကိုယ်ထုတ်ပြန်လိုက်တဲ့ သတင်းဟာ ချက်ချင်းထုတ်ပြန်ချင်တဲ့ သတင်းမျိုးဖြစ်ရင် ချက်ချင်းထုတ် ပြန်ရန်

(Immediate Release) လို့ ရေးသားထားရမှာဖြစ်ပြီး ထုတ်ပြန်ဖို့အချိန်စောင့်ဆိုင်းစေလိုရင် ထိုအချိန်ထိ စောင့်ဆိုင်းရန် (Embargo ---) လို့ ရေးသားရပါမယ်။

သတင်းထုတ်ပြန်မှုတွေ၊ သတင်းစာရှင်းလင်းပွဲတွေလုပ်ဆောင်မယ်ဆိုရင် လက်ရှိဖြစ်ပေါ်နေတဲ့ အဖြစ်အပျက်တွေနဲ့ လိုက်လျောညီထွေရှိစေဖို့နဲ့ အချိန်ကိုက်ဖြစ်ဖို့ လိုပါတယ်။ (အာဆီယံညီလာခံ စတင်သည့်နေ့တွင် အိမ်ရှင်နိုင်ငံသို့ အိတ်ဖွင့်ပေးစာပေးအပ်ခြင်း) ဒီလိုအချိန်ကိုက်ဖြစ်မှာသာ မီဒီယာကလဲ အချိန်အခါနဲ့ဆက်စပ်ပြီး ကိုယ့်ရဲ့သတင်းတွေကို သုံးစွဲဖို့ မိမိစိတ်ဝင်စားမှာဖြစ်ပါတယ်။

ထုတ်ပြန်ကြေညာချက်တွေကို ထုတ်ပြန်ပြီးရင် သတင်းဌာနတွေဆီ ပေးပို့ရမှာပါ။ ဒီလိုပေးပို့ပြီးရင်လဲ ကိုယ်ပေးပို့လိုက်တဲ့ သတင်းထုတ်ပြန်ချက် ရောက်မရောက်ကို နောက်တစ်ကြိမ်ထပ်မံဆက်သွယ် စုံစမ်းသင့်ပါတယ်။

## ၄.၂။ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာတွင် သတိပြုသင့်သော အချက်များ

သတင်းစာရှင်းလင်းပွဲ ဖိတ်ကြားလွှာများကို တစ်ပတ်ခန့်ကြိုတင် ဖြန့်ဝေနိုင်ရင် ကောင်းပါတယ်။ မီဒီယာများအနေနဲ့ သတင်းစာရှင်းလင်းပွဲရှိတဲ့အကြောင်းကို အခြားကိစ္စများထက်စောပြီး သိရရင် အချိန်ကိုသီးသန့်ဖယ်ထားနိုင်စေပါတယ်။ သတင်းစာရှင်းလင်းပွဲမလုပ်ရင် တစ်ရက်မှာတော့ နောက်ထပ် ဆက်သွယ်သတိပေးနိုင်ပါတယ်။

သတင်းစာရှင်းလင်းပွဲမှာ ပြောကြားမဲ့အကြောင်းအရာကို သေချာစွာလေ့လာထားဖို့ လိုပါတယ်။ မီဒီယာတွေ မေးမြန်းလာနိုင်တဲ့မေးခွန်းတွေကို ကြိုတင်ခန့်မှန်း၊ ပြင်ဆင်၊ ဖြေဆို၊ လေ့ကျင့်ထား သင့်ပါတယ်။

သတင်းစာရှင်းလင်းပွဲ လုပ်မဲ့နေရာဟာ လူအများသိပြီး သွားလာရန်လွယ်ကူသော နေရာဖြစ်သင့်ပါတယ်။ ဖိတ်ကြားထားတဲ့ မီဒီယာအရေအတွက်နဲ့ ကိုက်ညီတဲ့ကျယ်ဝန်းမှုရှိရပါမယ်။ အလင်းအမှောင်ညီမျှပြီး မီဒီယာသမားတွေအတွက် သတင်းရေးသားရိုက်ကူးရေးအတွက် အဆင်ပြေနိုင်ဖို့ ကြိုးစားပါ။ မှောင်လွန်းသော အလင်းပြန်လွန်းသော အခန်းတွေက ဗီဒီယိုသတင်းမီဒီယာအတွက် အဆင်ပြေနိုင်မှာ မဟုတ်ပါဘူး။ တကယ်လို့ ကိုယ်လုပ်မဲ့နေရာက လူသိမများတဲ့နေရာဆိုရင် လမ်းညွှန်မြေပုံငယ် ထည့်ပေးပါ။

သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာသူတွေအားလုံးအတွက် သတင်းထုတ်ပြန်ချက်နဲ့ အခြားနောက်ခံသမိုင်းကြောင်းတွေ ရေးသားထားတဲ့ စာရွက်စာတမ်းများကို ဝေငှပေးသင့်ပါတယ်။

သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုမဲ့သူတွေဟာ သတင်းမီဒီယာတွေနဲ့ ရင်းနှီးပြီး လေးစားခံရတဲ့သူဆိုရင် ပိုအဆင်ပြေပါတယ်။ ပြောကြားမဲ့သူတွေဟာ စကားပြောသွက်လက်ပြီး အတွေ့အကြုံရှိဖို့ လိုအပ်ပါတယ်။ သတင်းထောက်အများစုဟာ တစ်နာရီထက်ပိုကြာအောင် မနေချင်တာကို သတိပြုပါ။ မလိုအပ်ဘဲ ရှည်ရှည်ဝေးဝေးပြောကြားတာဟာ မီဒီယာများရဲ့အာရုံစိုက်မှုကို လျော့

ပါးစေနိုင်ပါတယ်။

ပြောကြားတဲ့အခါမှာ ရှင်းလင်းတဲ့ စကားအသုံးအနှုန်းတွေသုံးပါ။ ကိုယ်ကဘဲ ပြောဆိုတာမျိုးမဟုတ်ဘဲနဲ့ မီဒီယာသမားများ အနေနဲ့ သူတို့သိလိုတဲ့ မေးခွန်းတွေကို မေးမြန်းနိုင်ဖို့ အချိန်ချန်ပါ။ တစ်ဦးချင်းမေးခွန်းထုတ်လို သူတွေရှိတတ်ပါတယ်။